
www.burmeseclassic.com



# မဩးလေး

ဖြူမင်းလွင်ထန်

www.burmeseclassic.com

www.burmeseclassic.com

# မအေးလေး

## မြူမှင်းလွင်ထန်


စာမူခွင့်ပြုချက်အမှတ် - ၃၀၅/၂၀၀၄ (၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၉၉/၂၀၀၄ (၄)

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ၊

ပထမအကြိမ်

တန်ဖိုး - ၃၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း၊

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်၊


### ဒို့တာဝန်အရေးသုံးပါ

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးမြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

လောကမှာ
လုံးဝကဲ့ရဲ့ခံရသော ယောကျ်ား(မိန်းမ)
လုံးဝချီးမွမ်းခံရသော ယောကျ်ား(မိန်းမ)သည်
ရှေး၌လည်းမရှိခဲ့
ယခုလည်းမရှိ
နောင်လည်းရှိလိမ့်မည်မဟုတ်။
(ဓမ္မပဒ)

BURMESE CLASSIC

မောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# မအေးလေး

မြူမင်းလွင်ထန်

မောင်ကျော်လှိုင် စေတနာစာပေမှစီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com



## ၁

လှိုင်းလုံးကြီးများ လိမ့်တက်လာတိုင်း ကိုယ်လေးဖော့၍ လှိုင်းလုံးများနှင့်အတူလိုက်ကာ လှိုင်းစီးရသည်ကို ကြာညိုသွယ် ပျော်ပါလေသည်။

ကြည်စိမ်းနေသော ပေလီ၏ရေပြင်လွှာသည် အောက်ခြေမှသဲနုနုလေးသို့တိုင် မြင်နေရ၏။

အဝေးဆီမှ ဟိုးအဝေးဆီသို့တိုင် ကျယ်ပြန့်ကြည်စိမ်းနေသော ပေလီသည် ဖြူဖွေးသောလှိုင်းလုံးကြီးများ တစ်ခဲနက်ပြေး၍ ရိုက်ခတ်လာပုံမှာ ရေပန်းပွင့်ကြီးများ အဆုပ်လိုက် အဆုပ်လိုက် ပွင့်လိုက်သည့်ပုံပါ။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကျယ်ပြောသော ငွေယောင်ယံသဲခင်း၏ အစပ်၌ ပင်ခိုင်ကြီးမားသော အုန်းပင်တန်းကြီးများရှိ၏။ ထိုနောက်မှ အကွက်ရိုက်စည်းရိုးကာထားသော ဘန်ဂလိုကလေးများ အစီအရီရှိကြလေသည်။

သေသပ်ကျနစွာဆောက်ထားသော ဘန်ဂလိုကလေးများ၌ ရေချိုးခန်း၊ အိပ်ခန်း၊ ပေလီ ပင်လယ်ရှုခင်းကို ကျနစွာထိုင်ကြည့်နိုင်သည့် ခန်းမရိပ်သာလေးများဖြင့် တစ်အိမ်လုံးငှားရမ်းထားသည့်အထဲတွင် 'ဇင်ရိပ်သာ'သည် ပုံစံအကျနဆုံးဖြစ်နေလေသည်။

နံရံကပ် ဗီရိုကလေးများ၊ ခရုကန့်လန့်ကာ၊ ခရုမီးအိမ်လေးများဖြင့် ဝေဆာစွာ စီမံထားပုံကြောင့် ရိပ်သာဆောင်အားလုံးထဲတွင် အထူးခြားဆုံးဖြစ်နေရ၏။

ပင်လယ်ရေငန်ကိုချိုးပြီးသည့်နောက် 'ဇင်' ရိပ်သာပေါ်တက်လာသည်နှင့် ရေချိုကို ချိုးနိုင်စေရန် ရေတွင်းမှရေကို နှစ်ဆယ့်လေးနာရီပတ်လုံး စက်ဖြင့်တင်ပေးထားသည်ကြောင့် ရေပန်းပွားမှကျလာသောရေကို ကြွေရေချိုးကန်ကြီးထဲတွင် စိမ်ဖြင့်ချိုးနိုင်၏။

ကြာညိုက ပင်လယ်ရေလှိုင်းကို ဝအီအောင်ချိုးကာ ရေလှိုင်းစီးပြီးသည်နှင့် ဇင်ရိပ်သာပေါ် ပြေးတက်လာခဲ့





၏။ ကြွေရေချိုးကန်ကြီးထဲတွင် ကိုယ်ကိုနှစ်ကာ ရေစိမ်ချိုးနေစဉ်မှာပင် . . .

"ဒေါက် . . ဒေါက် . . ဒေါက်"

အခန်းတံခါးခေါက်လိုက်သံကြောင့် မျက်လုံးလေးပြူးသွားရ၏။

မြတ်စွာဘုရား . . ဘယ်သူပါလိမ့်။

ရင်ထဲက ဒိတ်ခနဲဖြစ်သွားရ၏။

'ဇင်'ရိပ်သာမှာ . . ယခုအချိန်၌ ကြာညိုတစ်ယောက်တည်းပါ။ ဦးဦးမောင်တင်က ရေကြောက်တတ်သော ဇနီးသည်ဒေါ်စိန်ကြည်ကို ပင်လယ်ထဲ ဆွဲချလျက် ရေစိမ်နေစေသကဲ့သို့ ဦးဦးမောင်တင်၏ သားသမီးများမှာလည်း ပင်လယ်ရေထဲက တော်ရုံတက်မည့်သူများမဟုတ်။

ကြာညိုသွယ်သာလျှင် ဦးစွာတက်လာသူဖြစ်၏။

"ဒေါက် . . ဒေါက် . ."

တံခါးခေါက်သံက ပိုမိုကျယ်လာ၏။ ကြာညို၏မျက်လုံးလေးက ပြူးသွား၏။

"ဘယ်သူလဲ"

လှမ်းအော်၍ မေးလိုက်၏။ သို့သော် . .



www.burmeseclassic.com

www.burmeseclassic.com



ရေသံကြောင့် အပြင်ကကြားရဟန်မတူ။ တံခါးခေါက်သံက သာ ပိုမိုပြင်းထန်လာခဲ့၏။

"လာပြီ . . . လာပြီ"

ပါးစပ်က အော်လိုက်၏။

"ဒုန်း . . ဒုန်း . . ဒုန်း . ."

တံခါးခေါက်သံက ပုံစံပြောင်းသွား၏။ တံခါးခေါက်သူက စိတ်ရှည်ဟန်မတူတော့။ တံခါးကို လက်ဖြင့် မခေါက်တော့ဘဲ လက်သီးဆုပ်ကလေးဖြင့် ထုလိုက်ဟန်ရှိ၏။

"အိုး . . လာပါပြီဆို"

ကြာညိုက မျက်နှာသုတ်ပဝါကြီးကိုခြုံကာ ရေချိုးခန်းထဲမှ ထွက်လာခဲ့၏။ တံခါးကိုဖွင့်ရင်းက . . .

"ဘာလဲ . . ထွန်းထွန်း၊ နင် ချမ်းလာပြီမဟုတ် . . ဟင်၊ ရှင် . . ."

ကြာညို၏မျက်လုံးလေးက ပြူးသွားရ၏။ အခန်းဝါက်ဝမှာဘွေ့လိုက်ရသူက ထွန်းထွန်းမဟုတ်ဘဲ လူစိမ်းတစ်ယောက်ဖြစ်နေလျက် သူ့လက်ထဲမှာ ကြက်ကြော်တွေတွေ့ရပေသည်။

"ဟို . . ရှင် . . ရှင် ဘာလာလုပ်တာလဲ"

"ကြက်ဥနဲ့ကြက်ကြော်မှာထားလို့"





ကြာညိုသွယ်က လက်လှမ်းယူလိုက်လျှင် မျက်နှာသုတ်ပဝါကိုင်ထားသောလက် လွတ်သွားမည်စိုးသဖြင့် မယူဘဲ မျက်နှာသုတ်ပဝါကိုသာ အတင်း ဆုပ်ကိုင်ထားသဖြင့် . . .

ရဲထက်နှင့်ကြာညိုသွယ်တို့၏အကြည့်မှာ စက္ကန့်ပိုင်းမျှ ကြာသွားရ၏။

"ဒီကမှာထားလို့ဗျ၊ ဘယ်လိုလဲ မယူဘူးလား"

ရဲထက်က ကြိမ်ခြင်းလှလှလေးဖြင့်ထည့်ထားသော ကြက်ကြော်နှင့်ကြက်ဥခြင်းကို ချပေးလိုက်လျှင် . . .

"အို . ."

ကြာညို၏ကိုယ်လေးက ယို့ခနဲ နောက်ဆုတ်သွား၏။ ခြေသလုံးဝင်းဝင်းလေးများ ရွေ့သွား၏။

ရဲထက်က လှေကားပေါ်က ခပ်သွက်သွက်ဆင်းသွားသောအခါ၌ကား ကြာညိုက ခြင်းကိုဆွဲယူကာ တံခါးကိုလျင်စွာပိတ်၏။

မျက်နှာသုတ်ပဝါကိုင်ထားသော လက်က လွတ်သွား၏။ ကိုယ်မှာ ချွေးပေါက်ကလေးများပင်စို့နေပေသည်။ ရင်မှာ မောကျန်ခဲ့လေသည်။

"ဒီလူ တော်တော်ရှုပ်တဲ့လူ"



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်းထဲပြန်ဝင်တာ ရေပန်းဖွားကိုဖွင့်လိုက်၏။ ရင်ထဲမှာ အေးမြမသွားပါ။

အို . . တစ်မျိုးကြီးပါပဲ။

ဒီလူ ဘယ်လိုလူလဲကွယ်။

ဝင်းစိုတောက်ပြောင်သော မျက်လုံးကြီးများမှ တည်တံ့ခြင်းကိုမြင်ရ၏။

သို့ပေမယ့် . . . သူ့အကြည့်က . . .

အို . . ငါ ဘာတွေစဉ်းစားနေမိပါလိမ့်။

ခေါင်းကို ရေပန်းဖွားအောက်ဝင်လိုက်၏။

သို့သော် . . .

ရင်ခုန် မပြေချေတကား။

♠ ♠ ♠





၂

စက်ဘီးနင်းလိုက်သော ရဲထက်၏ခြေသလုံးကြွက်သွားလေးများက တင်းသွားလိုက်၊ ပြန်ကျလာလိုက်ဖြင့်ရှိနေသော်ငြားလည်း ရင်ကမူ အခုန်မြန်နေလေသည်။

မျက်နှာသုတ်ပဝါကြီးခြုံထားသော မိန်းကလေး၏ကြောက်ရွံ့မျက်လုံးကလေးကိုမြင်ရ၏။ မိမိကိုအံ့အားသင့်စွာကြည့်လိုက်သော ရှက်သွေးကြွယ်သည့်အလှမျက်နှာလေးကိုမြင်နေမိ၏။

"ဩော် . . ခက်ရပါလား"

'ဇင်ရိပ်သာ'တွင် တည်းခိုလာသူမှန်သမျှကို



www.burmeseclassic.com

www.burmeseclassic.com



ပုံစံမျိုးစုံဖြင့် မြင်တွေ့ရပါသော်ငြားလည်း စိတ်လှုပ်ရှားခြင်း ကင်းမဲ့ခဲ့သည့် ရဲထက်၏ရင်ကို ဤမိန်းမလှကလေးက လှုပ်ရှားစေခဲ့ပြီဖြစ်သည်။

"ဗျို့ . . အစ်ကို . . အစ်ကိုရဲထက်"

လက်ခေါက်မှုတ်သံကိုကြားရ၏။

အော်ခေါ်သံကိုကြားရ၏။

ရဲထက်ကလှည့်အကြည့် . . 'မွန်မလေးစားသောက်ဆိုင်'ထဲမှထွက်လာသောထွန်းထွန်းကိုတွေ့ရလေသည်။

ထွန်းထွန်းက သူ့ထံပြေးလာ၏။

"ဈေးဘက်သွားမလို့လား"

"အေးကွ"

"ကျွန်တော်လိုက်ခဲ့ရမလား အစ်ကို"

"လိုက်လေ၊ ဒါပေမဲ့ . . မင်းအိမ်ကိုပြောဦးမှထင်တယ်၊ တော်နေကြာ စိတ်ပူနေမယ်"

"ရပါတယ်ဗျာ"

ထွန်းထွန်းက စက်ဘီးပေါ်ခုန်တက်လိုက်၏။

"ကျွန်တော်တို့ဆီ ကြက်ကြော်မှာထားတာရပြီလား"

"အေး . . ."

'အေး'ဟုပြောသောအသံက ဝမ်းခေါင်းသံပါ





သွား၏။ မြင်တွေ့ခဲ့ရသော မိန်းမလှလေး၏အကြောင်းကိုမေးလိုစိတ်က ရင်ထဲမှာ ကဲတက်လာလေသည်။

ထို့ကြောင့် . . ဥပါယ်တံမျဉ်စကားကိုဆိုမိ၏။

"ငါ့ကွာ . . တံခါးခေါက်လိုက်ရတာ"

"ဘယ်သူမှမရှိဘူးလား၊ ထမင်းချက်တဲ့ဒေါ်သုံ့တော့ရှိမှာပေါ့၊ အားလုံး ရေထဲ မနက်အစောကြီးတည်းက ဆင်းနေကြတာ"

"ဒေါ်သုံလည်းမရှိဘူးကွ၊ ငါသွားတော့ ဟိုတစ်နေ့က မင်းအမေနဲ့ပါလာတဲ့ . . ဘယ်သူ၊ အဲ . . သူနဲ့တွေ့"

"ဪ . . မမကြာညို"

ရဲထက်၏စကားမဆုံးမီမှာပင် ထွန်းထွန်းက ကြားဖြတ်ဆို၏။

ကြာညိုတဲ့ . . နာမည်လေးကတစ်မျိုးပဲဟု တွေးမိလေသည်။

"အေး . . သူနဲ့တွေ့ခဲ့တာ"

"အဲဒါ . . ကျွန်တော့်အစ်မဗျ"

"အရင်းတော့ မဟုတ်ဘူးထင်တယ်"

"မဟုတ်ဘူး . . တစ်ဝမ်းကွဲ၊ ဖေဖေနဲ့မမကြာညိုတို့



www.burmeseclassic.com

www.burmeseclassic.com



အမေ့က မောင်နှမအရင်း"

"ဪ"

"မမကြာညိုက သဘောကောင်းတယ်ဗျ၊ တက္ကသိုလ်က ဘွဲ့ရပြီးသား"

ဘာမေးရပါလဲဟုမေးမိမည်ပြု၏။ သို့သော် ... သူ့အစ်မအကြောင်း စစ်စစ်ပေါက်ပေါက်မေးမိနေသလိုဖြစ်မည်စိုး၍ နှုတ်ပိတ်လိုက်၏။

"မနှစ်ကမှ ကျောင်းပြီးတာဗျ"

"ဪ . . ရန်ကုန်ကပဲလား"

"ဟုတ်တယ်ဗျ . . ရန်ကုန်ပြောင်းသွားတာ မကြာသေးဘူး၊ အရင်က စစ်တွေမှာနေသေးတယ်"

"ဪ"

"အစ်ကိုကိုတော့ အဖေက ရေရေလည်လည် ချီးကျူးနေတာဗျ"

"ဘာလို့လဲကွာ"

"အစ်ကိုက လူတော်တဲ့"

"ဝေ"

သဘောကျစွာရယ်မိ၏။

"အစ်ကိုက ဘွဲ့ရပြီးသားဆို"





ပြုံးမိလေသည်။

"ဘွဲ့ရပြီးသားပညာတတ်တစ်ယောက်ပေမယ့် အလုပ်မကြောက်တာကို ဖေဖေက သဘောအကျဆုံးတဲ့ဗျ"

"အလုပ်မှမရှိတာကွာ၊ အလုပ်ကိုကြောက်နေလို့ ရမလား"

"ဖင်ရိပ်သာတစ်ခုလုံးရှိနေမှဗျာ"

ကြက်ဥပို့ရမည့်အိမ်ရှေ့မှာရပ်၏။ ထွန်းထွန်းဆင်းပေးလေသည်။

ရဲထက်က ထွန်းထွန်းကိုကြည့်ပြီး ပြုံးလေသည်။

"မင်း တကယ်ဖင်ပေါ့တဲ့ကောင်ပဲ"

"အစ်ကိုကို အားကျလို့ဗျ"

ရဲထက် အားရစွာရယ်မိ၏။

"ငွတ်ကြီးပင့်နေပါလားကွ"

"အစ်ကို မသိလို့ပါ၊ ဖေဖေက အစ်ကိုကို သားမက်ယူရမယ်လို့တောင် ဆုံးမနေတာပါဗျ"

"လောကကြီးမှာ နေတတ်အောင်နေဖို့ပဲ အရေးကြီးတယ်ကွ"

"ဘာလဲဟင် . . နေတတ်အောင်နေဖို့က"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်သင့်လုပ်ထိုက်တာကို လုပ်တတ်ရင် နေတတ်ထိုင်တတ်လာမှာပေါ့ ထွန်းထွန်းရာ"

"ဟာဗျာ . . အစ်ကိုစကားကလည်း ရှုပ်လိုက်တာ"

ထွန်းထွန်းအသံက အမှန်တကယ် စိတ်ရှုပ်သံပေါ်လာ၏။

"မင်းအသက်ဘယ်လောက်ရှိပြီလဲ"

"ဆယ့်သုံးနှစ်ဗျ"

"သိပ်ငယ်သေးတာကိုး၊ မင်း ဘယ်သိဦးမလဲ"

ကြက်ဥပို့ရမည့်ဆိုင် ရောက်ပြန်၏။ ထွန်းထွန်းကဆင်းမည်အပြု ရဲထက်ကပင် ဦးစွာဆင်းပြီးပို့၏။

စက်ဘီးပေါ်ပြန်တက်သောအခါ ထွန်းထွန်းက စောစောကဆိုသောစကားကို ပြန်ကောက်မေး၏။

"အစ်ကို"

"ဟေ"

"အစ်ကိုကရော အသက်ဘယ်လောက်ရှိပြီလဲဟင်"

"မင်း ဘယ်လောက်ထင်တုန်း"

ထွန်းထွန်း ငြိမ်သွား၏။ စဉ်းစားနေဟန်တူလေသည်။

ပြီးမှ . . .





"မမကြာညိုသွယ်ထက်တော့ နည်းနည်းကြီးမယ်ထင်တယ်"

မမကြာညိုသွယ် . . .

ဪ . . ခုမှ နာမည်အပြည့်အစုံ သိရသည်ပေါ့။ ချစ်စရာနာမည်။ ရင်ထဲမှာ အေးသွားလေသည်။

"အဲဒီ မင်းမမက အသက်ဘယ်လောက်ရှိပြီလဲ"

"ဟိုဥစ္စာ . . ဟိုဒင်း . . အဲ . . မပြောတတ်ဘူးဗျ"

"ဟာ . . ဒီကောင်လေး"

ရယ်မောမိကြ၏။

စက်ဘီးကို 'ဇင်ရိပ်သာ'ဝင်းထဲ ချိုးအဝင် . .

"ဟော . . ထွန်းထွန်း၊ ကြည့်စမ်း . . . "

ချိုလွင်သော အသံသာသာကလေး။

ရဲထက်စက်ဘီးက တန့်သွား၏။ ထွန်းထွန်းက ခုန်ဆင်း၏။ ကြာညိုက ရင်ကိုဖိ၍ ဆိုလေသည်။

"လူကြီးတွေကဖြင့် ရှာလိုက်ရတာ၊ နင်က ဘယ်သွားနေတာလဲ . . ဟင်"

"ဖေဖေက အစ်ကိုရဲထက်နဲ့တူအောင်ကျင့်ဆိုလို့ လိုက်ကျင့်နေတာဗျ"

"ဘာကျင့်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြက်ဥနဲ့ ကြက်ကြော်ပို့တာလေ"

"ဟင်း . . တယ် . . ငါပြောလိုက်ရရင် . . "

အောက်နှုတ်ခမ်းကို ကိုက်လိုက်သည်ကိုမြင်ရ၏။ ရေစိုနေသောဆံပင်ရှည်လေးကို ဖြန့်ထားသော ခရမ်းရောင်ဘလောက်စ်လည်ဟိုက်လက်ပြတ်ကလေးနှင့် ခရမ်းရောင်ထဘီကိုဝတ်ထားသော ခရမ်းရောင်မင်းသမီးကလေး၏ အလှသည် နေရောင်တွင် ထင်းစွာပေါ် လျက်ရှိ၏။

ရဲထက်က ကြာညိုကို ခပ်ငေးငေးလေးကြည့်မိသည်တွင် ကြာညိုက မျက်စောင်းလှလှလေးထိုးကာ ဇင်ရိပ်သာပေါ် သို့ ခပ်ဆောင့်ဆောင့်ကလေးတက်သွားလေသည်။

ရဲထက် သဘောကျစွာပြုံးပြီး အိမ်ဘက်လှည့်ထွက်လာခဲ့လေသည်။

♠ ♠ ♠





၃

"အိုး . . ဒါကဘာကြီးလဲ ဒေါ်သုံရဲ့၊ အို . . ကြောက်စရာကြီး၊ ငါးကောဟုတ်ရဲ့လားဟင်"

ဒေါ်သုံ၏လက်ထဲမှ ငါးလိုလို ကျိချွဲချွဲအကောင်ကြီးကို ကြာညိုကြည့်ကာ မျက်လုံးလေးက ပြူးသွားရလေ၏။

ထီးသဖွယ်ဖြန့်ကားနေသော ကိုယ်ထည်၏အောက်ဘက်တွင် လက်သဖွယ်တွဲကျနေသော ဦးမှင်ပါရှိ၏။

"အဲဒါ . . ထေးတဲ့ ကြာညိုရဲ့၊ ဒီမှာတော့ . . သာချို့က ရေမျောက်လို့ခေါ်ကြတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . ထူးဆန်းလိုက်တာနော်၊ ကြာညိုဖြင့် တစ်ခါမှ မမြင်ဖူးပါဘူး"

"ဘယ်မြင်ဖူးမလဲဗျ . . ဒီကောင်တွေက ပင်လယ်ထဲမှာမှရှိတာ"

နောက်ကျောဘက်မှအသံကြားသဖြင့် ကြာညို လန့်သွားလေသည်။

ရဲထက်က အိမ်ပေါက်ဝမှာ ရပ်နေခြင်းဖြစ်၏။

"လာကွဲ့ . . မောင်ရဲ . . လာပါ"

ဒေါ်သုံခေါ်မှ ရဲထက်ဝင်လာ၏။ ထိုအခါမှ ရဲထက်၏လက်ထဲက ကြွက်ကင်ကို ဒေါ်သုံမြင်လေသည်။

"ဟောကွဲ့ . . ဒါက ဘာလာပေးပြန်တာလဲ"

"ကြွက်သားကင် ခင်ဗျ . . ကျွန်တော်ကိုယ်တိုင် ကင်လာတာပါ"

"ဩော် . . ဒုက္ခရှာလို့ကွယ်"

"ဒုက္ခရှာတာတော့ မဟုတ်ဘူးခင်ဗျ . . အိမ်က မိနီ သားပေါက်ကျလို့လေ၊ မီးထွက် အမှတ်တရပေါ့ခင်ဗျ"

"ဟင် . . မိနီ ဟိုနွားမလေး မွေးပြီလား"





ကြာညိုသွယ်က အမှတ်မထင် မေးမိ၏၊ ဟင် . . ခင်ဗျားသိတယ်ဟူသောအကြည့်ဖြင့် ရဲထက်ကကြည့်လေ၏။

"ဟုတ်ကဲ့ . . မွေးပါပြီ"

"နွားထီးလား"

"နွားမ"

"ဩော်"

"ကျွန်တော့်စိတ်ကြိုက်ဖြစ်သွားတာပေါ့ခင်ဗျာ၊ ပြီးခဲ့တဲ့လက ငနက်တူက သားကျထားတော့ ဒီတစ်ခါ နွားမ,လိုချင်နေတာ"

"မောင်ရဲမျက်နှာကြည့်ရတာ ဒေါ်ဒေါ်တောင် စိတ်ချမ်းသာသကွယ်၊ တကတဲ . . နွားမွေးတာ သူ့မှာ သူ့သားမွေးတာကျနေတာပဲ၊ ပီတိကိုဖြစ်လို့"

"ဟာဗျာ . . ဒေါ်ဒေါ်ကလည်း"

ရဲထက်က ကြာညိုထံအကြည့်ရောက်ကာ ရှက်ရိပ်သန်းလေသည်။ ကြာညိုပြုံးမိစဉ် ဒေါ်သုံက မေးဆတ်ဆိုလေသည်။

"ဒီငါးကိုမြင်လို့ ကြာညိုက အံ့သြနေတာလေ"

"တစ်ခါမှမမြင်ဖူးလို့ ထူးဆန်းနေတာပါ၊ . . . အဲ . ."



www.burmeseclassic.com

www.burmeseclassic.com



မကြာညို၊ စားကြည့်ခင်ဗျ . . . တကယ်အရသာရှိတာ"

"အို . . မစားရဲပါဘူး"

ကြာညို၏ပခုံးလေး တွန့်သွားလေသည်။ မျက်နှာလေးက ရှုံ့မဲ့သွားလေသည်။

"မောင့်နှမကတော့ ခရုပြုတ်ထားတာတောင် ညှီလို့တဲ့ စားတောင် မကြည့်ဘူး၊ အင်မတန်ရွံတတ်တာ မောင်ရဲ့ရဲ့"

"နည်းနည်းပါးပါး စမ်းစားကြည့်ပေါ့ ကြာညိုသွယ်ရဲ့၊ သိရတာပေါ့"

"ဟင့်အင်း . . ပါးစပ်မရဲပါဘူး"

ခေါင်းလေးခါကာပြောလိုက်ဟန်ကို ရဲထက်က တွေခနဲကြည့်မိ၏။

"ငထိးကို ခုမှမြင်ဖူးတယ်ဆိုတော့ ငခွေးလျှာရောမြင်ဖူးလား"

"ဟင် . . ငခွေးလျှာ . . နာမည်က ထူးဆန်းလိုက်တာနော်"

"နာမည်ဆန်းသလို ငါကလည်း အဆန်းဗျ၊ ကိုယ်က တစ်ဖက်မည်း တစ်ဖက်ဖြူနေတာ၊ ထူးဆန်းတာက





ခေါင်းရဲ့ ညာဘက်တစ်ဖက်ထဲမှာ မျက်စိနှစ်လုံးစလုံး ရှိနေတာပဲ"

"အို . ."

"ပါးစပ်ကလည်း စောင်းနေတယ်၊ မွေးကာစတုန်းကတော့ ငါးရဲ့ပုံသဏ္ဌာန်ပဲတဲ့၊ မျက်စိတစ်ဖက်တစ်လုံးစီ ရှိတယ်ပေါ့လေ၊ နောက် ကြာလာတော့ ဘယ်ဘက် မျက်စိက တဖြည်းဖြည်းအပေါ်ကိုတက်လာပြီး ညာဘက်ကိုရွှေ့သွားတယ်လို့ဆိုတယ်၊ ပါးစပ်လည်း ရွဲ့သွားတယ်ပေါ့၊ ဒါပေမဲ့ . . စားလို့ကတော့ အင်မတန်အရသာရှိတာ၊ တချို့ကျတော့ ငခွေးလျှာကို ငပြားလို့ခေါ်ကြတယ်"

"ဟင့်အင်း . . ကြာညိုတော့ နာမည်ကြားတာနဲ့ကို ရွံပါတယ်"

"ဒီဘက်တွေမှာတော့ ငါးအဆန်းတွေအများကြီးရှိတယ်ဗျ၊ ငါးခြောက်လုပ်လို့ရတဲ့ငါးက ငါးတံခွန်တဲ့၊ ပြီးတော့ . . ငပါးတဲ့၊ ငပါးက အရောင်စုံပဲ လှတယ်၊ ခေါင်းကရွှေရောင် ကျောကအပြာရောင်၊ ကိုယ်ကငွေရောင်၊ ဆူးတောင်နဲ့ အမြီးဆူးတောင်ကျတော့ ဝါကြွန့်ကြွန့်နဲ့၊ ဒီငါးကိုတော့ မကြာညို စားရဲမယ်ထင်



www.burmeseclassic.com

www.burmeseclassic.com



ပါရဲ့၊ ကြောက်စရာမှမကောင်းတာ”

“ကြောက်စရာ မကောင်းပေမယ့် ကြာညိုက စားနေ မကျရင် မစားဘူး၊ ကဲကွယ် . . ငနုသန်းလို နားယဉ် နေတဲ့အကောင်တောင် တို့ကနန်းဆိတ်ကနန်းစား တာ”

ဒေါ်သုံ ကြားဝင်ပြော၍ ကြာညိုနှင့်ရဲထက် အကြည့်ချင်းဆုံလေသည်။

“ဒီမှာတော့ ပင်လယ်ဘက်ငါးဖမ်းထွက်ကြသူတွေများ တော့ ငါးအထူးအဆန်းတွေ မြင်ရစားရတာပဲ မကြာ ညို၊ ငါးလင်းယုန်၊ ငါးတီဟူး၊ ရေကြက်တဲ့၊ ရေကြက် ဆိုတဲ့ငါးက ပြည်ကြီးငါးနဲ့ခပ်ဆင်ဆင်တူတယ်လေ၊ ထူးဆန်းတာက . . သူ့နောက်ကရန်သူလိုက်လာရင် ကားမျှားအိပ်ဇောပိုက်က မီးခိုးမှုတ်ထုတ်သလို မှုတ် ထုတ်ပြီးပြေးတာဗျ”

“အို . . .”

ကြာညိုသွယ်၏မျက်လုံးလေးက ဝိုင်းသွားရ ပါပြီ။

“သဘာဝကပေးထားတဲ့လက်နက်က ဆန်းကြယ်လိုက် တာနော်”





“ဟုတ်ကဲ့ ခင်ဗျ၊ လောကကြီးက ဆန်းကြယ်တာတော့ မပြောနဲ့တော့၊ အမေပြောသလိုပြောရရင် ဟဲ့ . . တခြားဟာမကြည့်နဲ့ နင့်ကိုယ်နင်ကြည့်တဲ့၊ သဘာဝ ကဆင်ထားတဲ့စက်ရုပ်ကြီးပေမယ့် ဘယ်လောက်သိ တတ်ပါးနပ်မှုတွေနဲ့ပြည့်နေသလဲတဲ့၊ ဉာဏ်ရည်တွေ တက်နေသလဲတဲ့”

“ဟုတ်ပါရဲ့ မောင်ရဲရဲ့၊ ဒီခန္ဓာကိုယ်ကြီးက စပြီးဆန်း နေမှတော့ ကျန်တာတွေဆန်းတာ ဘာဟုတ်တော့ မလဲ၊ မောင်ရဲအမေက ပြောတတ်ဆိုတတ်လိုက်တာ၊ နေပါဦး . . မောင်ရဲတို့က ရခိုင်လား”

“ရခိုင်မြန်မာပေါ့ ခင်ဗျာ၊ မေမေက မြန်မာ . . ဖေ ဖေက ရခိုင်ပါ၊ ဒါပေမဲ့ . . မေးလို့သာ ဖြေတာပါ၊ ကျွန်တော့်ကိုယ်ကျွန်တော်တော့ ရခိုင် မြန်မာရယ်လို့ ကွဲပြားတဲ့စိတ် လုံးဝမရှိပါဘူး”

“အေးကွယ် . . ကွဲပြားစရာရော ဘာရှိမလဲ၊ တစ် ဖအေ တစ်မအေတည်းကမွေးတဲ့သားသမီး . . သူက မဝါ၊ သူက မနီလို့နာမည်မှည့်ထားတာ၊ ရခိုင်လည်း မြန်မာ၊ မြန်မာလည်း ရခိုင် အတူတူပေါ့”

“ကျွန်တော်တို့စိတ်ကလည်း ဒီအတိုင်းပဲ ထားကြတာ



www.burmeseclassic.com

www.burmeseclassic.com



ပါခင်ဗျာ၊ ကိုင်း . . ကျွန်တော် ပြန်ပါဦးမယ်"

ရဲထက်က ခါးလေးကိုင်းကာ ယို့ယို့လေးပြော လိုက်ပုံက နွဲ့နှောင်းပုံမျိုးဖြင့်မဟုတ်ဘဲ ကိုယ်ထည်နှင့်လိုက်ဖက် အောင် ခန့်ညားနေလေသည်။

ရဲထက်က ကြာညိုသွယ်၏ဘက်သို့ပါ ခေါင်း လေးငဲ့လိုက်ခြင်းကြောင့် . . .

"ဟုတ်ကဲ့ . . ကိုရဲထက်"

ဟု ကြာညိုသွယ် ပြန်လည်နှုတ်ဆက်လေ သည်။

♠ ♠ ♠





၄

"ဟော . . မကြာညိုသွယ်"

"အို"

ကြာညိုသွယ်က ရဲထက်ကို မထင်မှတ်ဘဲ တွေ့မြင်ရသဖြင့် ရင် ဒိတ်ခနဲခုန်လေသည်။ ညနေခင်း၌ သဲသောင်ပြင်ပေါ် ဖိနပ်မစီးဘဲလမ်းလျှောက်ရခြင်းကို ကြာညို နှစ်ခြိုက်၏။

ထို့ကြောင့် . . ဖိနပ်မပါဘဲလမ်းလျှောက်နေ ရာက ကျောက်ဆွယ်တန်းလေးဘက်ရောက်လာခဲ့၏။

ဟိုးအဝေးရှိ မောင်လေဆိပ်မှ မီးရောင်လဲ့လဲ့



www.burmeseclassic.com

www.burmeseclassic.com



ကို ခပ်ဖျဖျသာမြင်ရလေသည်။ ကြာညိုတို့ရန်ကုန်မှလာစဉ်က လေယာဉ်ဖြင့်လာခဲ့ခြင်းကြောင့် မဖင်လေဆိပ်မှာ ဆင်းခဲ့ရလေသည်။ ပြီးမှ . . ငပလီသို့ ကားဖြင့်လာရလေသည်။

မဖင်လေဆိပ်နှင့်ငပလီက နှစ်မိုင်မျှဝေးပါလေသည်။ လူကထိုင်မည်ဟုပြုသောအခါမှာ ရိပ်ခနဲမြင်ရသူက ရဲထက်ဖြစ်၏။

"ဟော . . မကြာညိုသွယ်"

ဟူသောအသံကို နားမှာကြားရ၏။

ရဲထက်က ရေစိမ်ကူးပြီး အမောပြေထိုင်နားနေခြင်းဖြစ်သဖြင့် အပေါ်အင်္ကျီချွတ်ဖြင့်ဖြစ်နေ၏။ ဘောင်းဘီတိုအဖြူရောင်သည် ရေစိုရွှဲလျက်ရှိ၏။

မမျှော်လင့်ဘဲဆုံမိခြင်းဖြစ်သဖြင့် နှစ်ယောက်သား ခပ်အမ်းအမ်းဖြစ်သွားလေသည်။

"ဆောရီးနော်၊ ကိုရဲထက်ဒီမှာရှိတာ ကြာညိုမသိဘူး"

ကြာညိုသွယ်က ထိုင်မည်အပြု ကုန်းကုန်းကွကွလေးဖြစ်နေရာမှ မတ်မတ်ရပ်၏။

"အာ . . ထိုင်ပါကြာညိုသွယ်၊ ကျွန် . . ကျွန်တော်ကလည်း အမှတ်တမဲ့မို့ အံ့ဩသွားတာပါ၊ ဒီနေရာကဗျူး အင်မတန်လှပသော နေဝင်တာကို ထိုင်ကြည့်နေ





တာဗျ"

"ရှင် . . နေဝင်တာကိုထိုင်ကြည့်တာ"

ကြာညိုသွယ်က တအံ့တဩဆိုမိ၏။

"မကြာညိုသွယ်ရော နေဝင်သွားတာကို ကြည့်ဖူးသလားဟင်"

နေဝင်တာကို ကြည့်ဖူးသလားတဲ့ . . .

နေဝင်တာကိုတော့ မြင် . . အဲ . . မြင်တာပေါ့ ကြည့်ဖူးရမယ်လို့များရှိသေးလား ဟု စိတ်ကပြောမိ၏။

"အေးဗျာ . . ကြာညိုသွယ်တို့ရန်ကုန်သူတွေက ဘယ်ကြည့်ဖူးပါ့မလဲ၊ အချိန်နဲ့အမျှ တိုက်ထဲအောင်းနေကြတာကိုးနော်"

"ကြာညိုက ရန်ကုန်သူပေမယ့် ရန်ကုန်မှာအနေနည်းပါတယ်၊ ဖေဖေအလုပ်ပြောင်းတဲ့ဆီ လိုက်ပြောင်းနေရတာ၊ ခုမှ မေမေကမလိုက်တော့ဘဲ ရန်ကုန်မှာနေတာ"

"ထိုင်ပါလား . . မကြာညိုသွယ်၊ နေဝင်တာကို ထိုင်ကြည့်စေချင်လို့ပါ၊ ရန်ကုန်မှာက လူဘယ်လောက်ချမ်းသာ ချမ်းသာ၊ စိတ်ချမ်းသာတဲ့လူက အရှားသားဗျာ၊ အဲ . . စိမ်မချမ်းသာဘူးဆိုတာက တစ်ချိန်လုံး



www.burmeseclassic.com

www.burmeseclassic.com



ထိုင်စိတ်ညစ်နေတယ်ရယ်လို့ ဘယ်ဟုတ်မလဲ၊ တာဝန်တွေ လူမှုရေးတွေပိနေတော့ စိတ်မလွတ်လပ်တာကိုပြောတာပါ။ ဒီတော့ . . နေဝင်တာ နေထွက်တာကို အလုပ်တစ်ခုအနေနဲ့ ဘယ်ထိုင်ကြည့်နေနိုင်မလဲ၊ ထိုင်ကြည့်စရာနေရာကလည်း အရှားသားမဟုတ်လား"

"ကိုရဲထက်ပြောတာ ဟုတ်တယ်"

ခေါင်းလေးညိတ်ပြီး ဆိုမိ၏။ ကျောက်စွန်းမှာ အသာထိုင်လိုက်၏။ ကောင်းကင်ကို မော်ကြည့်လိုက်၏။

နေဝန်းနီကြီး၏အလှကို တိမ်ဖြူပြာယှက်ကာ မြင်ရ၏။ ပင်လယ်ပြင်ကြီးထဲသို့ ငုပ်ဆင်းသွားတော့မလို တရွေ့ရွေ့ ရွေ့ဆင်းသွားသည်ကိုမြင်ရ၏။

"ကြာညိုတို့ဆီကလူတွေ ဒါကြောင့် ငပလီကမ်းစပ်မှာ အပန်းဖြေ အနားယူကြရတာပေါ့ ကိုရဲထက်၊ ရန်ကုန်မှာတော့ ဒီလို စိတ်ဘယ်လွတ်လပ်မလဲ၊ ဒါနဲ့ . . ကိုရဲထက်"

ရဲထက်နှင့် မျက်လုံးချင်းဆုံမိ၏။

"ကိုရဲထက်ဘွဲ့ရပြီးသားဆို၊ အဲဒါ ဟုတ်သလား"

"ဟုတ်ကဲ့"





"ကြာညိုသွယ်တရော ဘာမေဂျာလဲ"

"ဖေးဆစ်စ်(ရူပဗေဒ)"

"ကျွန်တော်က ဇူး(သတ္တဗေဒ)ခင်ဗျ"

"ဩော် . . ဒါ့ကြောင့် ကိုရဲထက်တ မွေးမြူရေးဝါသနာပါတာပဲ"

"ဝါသနာဆိုတာထက် ကိုယ်နဲ့အပ်စပ်တာကိုပဲ လုပ်ရတာပေါ့ မကြာညိုသွယ်ရယ်"

"ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို ဒီလောက်နှိမ်ရတာလဲ ကိုရဲထက်၊ စိတ်ကိုနှိမ်ချတတ်တာ ကောင်းပါတယ်၊ ဒါပေမဲ့ . . နှိမ့်ကျစေတာတော့မကောင်းဘူး"

"ကျေးဇူးတင်ပါတယ် မကြာညိုသွယ်၊ အဲဒီလိုမြင်တတ်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်တော်မြင်ပါ့မယ်"

"ဟော . . ဟိုမှာကြည့်စမ်း . . နေဝင်တော့မယ်"

ရဲထက်က လက်ညှိုးထိုးပြ၏။

နေဝန်းနီကြီးက ပင်လယ်ထဲသို့ နစ်မြုပ်ဝင်သွားသကဲ့သို့ထင်ရ၏။ ငွေလှိုင်းဇာခြည်ပေါ်တွင် ပတ္တမြားရည်တို့ဖိတ်လျှံကျလာခဲ့သလိုပါ။

ပင်လယ်ပြင်တွင် နီသွေး နီရောင်တို့ လျှမ်း



www.burmeseclassic.com

www.burmeseclassic.com



ထသွား၏။ ရဲထက်ထံမှ သက်ပြင်းချသံကိုကြားရသဖြင့် ကြာညိုသွယ်က လှည့်ကြည့်မိလေသည်။

"လွမ်းစရာမကောင်းဘူးလား မကြာညိုသွယ် ဟင်"

"စိတ်မှာ ဆွတ်ဆွတ်ပျံ့ပျံ့ကြီး ခံစားလိုက်ရပါတယ် ကိုရဲထက်"

ဝန်းကျင်မှာ မှောင်စပျိုးလာခဲ့ပြီ၊ အလင်းနှင့်အမှောင်သည် ရုတ်ခြည်းကွဲပြားသွားသကဲ့သို့ရှိ၏။

"ဝမ်းနည်းစရာတွေးကြည့်ရင် ဝမ်းနည်းစရာချည်းပဲ မကြာညိုသွယ်၊ တစ်ခါတစ်ခါကျတော့လည်း . . ယောကျ်ားတန်မဲ့ မျက်ရည်ကျတဲ့အထိခံစားရပါတယ်"

လူ့အင်အားကြွခိုင်တောင့်တင်းသကဲ့သို့ စိတ်အင်အားကြီးမားမည်ဟုထင်ထားရသော လူတစ်ယောက်ထံမှ မျက်ရည်ကျရပါသည်ဆိုသောစကားက ကြာညို့အတွက် ထူးဆန်းသွားရလေသည်။

"မှောင်လာပြီ ကိုရဲထက်၊ တော်နေကြာ ဦးဦးမောင်တင်တို့စိတ်ပူနေမယ်၊ ပြန်ကြစို့"

ထိုင်ရာမှ ထကြ၏။

သဲသောင်ပြင်ပေါ်တွင် လမ်းလျှောက်လာကြ၏။





"စောစောကစကားကို ကြာညို ပြန်ဆက်ပါရစေ . . ကိုရဲထက်၊ စောစောက . . ယောကျ်ားတန်မဲ့ မျက်ရည်ကျရတယ်ဆိုလို့ ကြာညို အံ့အားသင့်သွားတယ်၊ ကိုရဲထက်မှာ ခံစားစရာတွေရှိခဲ့လို့လား"

သက်ပြင်းချသည်ကို မြင်လိုက်ရ၏။

"ကျွန်တော် ပြောပြချင်ပါတယ်၊ ဒါပေမဲ့ . . ကျွန်တော် အခု မပြောပါရစေနဲ့၊ အဲ . . နက်ဖြန်ညနေအားရင် ဒီနေရာကပဲလာစောင့်ပါ၊ ကျွန်တော် ပြောပြစရာတစ်ခုရှိပါတယ်၊ မကြာညိုသွယ် စိတ်ဝင်စားမယ်ဆိုရင်ပေါ့လေ"

"ကြာညို စိတ်ဝင်စားပါတယ်၊ ကိုရဲထက်မှာ ထူးခြားချက်တစ်ခုခုရှိနေလို့ပဲလို့ ယူဆပါတယ်"

ရဲထက် ရယ်လေသည်။

"ကျွန်တော့်ကို အထင်ကြီးနေပြီ ထင်ပါရဲ့ဗျာ၊ ဒါပေမဲ့ စောစောက နေဝင်တာကိုကြည့်ပြီး ကျွန်တော်တို့ ခံစားမိကြတယ်၊ ဝမ်းနည်းကြေကွဲနေမိကြတယ်နော်၊ ဒါပေမဲ့ . . လန်ဒန်လိုနေရာ အမေရိကလိုနေရာက လူတွေအတွက်တော့ နေထွက်လာလို့ ရွှင်မြူးလာမှာ အမှန်ပဲ၊ ကျွန်တော်ပြောတာနားလည်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . လန်ဒန်နဲ့မြန်မာပြည်က လေးနာရီ လောက်ကွာခြားမှုရှိတယ်လို့ ပြောကြတယ်၊ အဲဒါက လည်း . . လန်ဒန်ကပြန်လာတဲ့မိတ်ဆွေကပြောလို့ ကြာညိုသိတာပါ၊ ကိုရဲထက်ပြောချင်တာက အလင်း နဲ့ အမှောင်၊ အပူနဲ့အအေး ဒွန်တွဲနေတာ ပြောချင် တာမျိုးလား"

"ကျွန်တော်ပြောတာက တွေးကြည့် ခံစားကြည့်တတ် စေချင်လို့ပါ၊ အရာခပ်သိမ်းကို တစ်သမတ်တည်း မတွေးဆစေချင်လို့ပါ၊ ဟော . . ဟိုမှာ ဦးလေးတောင် ထွက်ကြည့်နေပြီ၊ ဟော . . ထွန်းထွန်းပြေးလာနေ တယ်"

"ကြာညို့အတွက်စိတ်ပူနေကြပြီထင်ပါရဲ့၊ ကြာညို သွားနှင့်မယ် ကိုရဲထက်"

"ဟုတ်ကဲ့ ခင်ဗျ၊ နက်ဖြန်ညနေ မျှော်နေမယ်နော်"

"စိတ်ချပါ"

ကြာညိုသွယ် ခပ်သွက်သွက်လျှောက်သွား၏။ ထွန်းထွန်းက လက်ကိုဆွဲပြီး ဘာပြောသည်မသိ။ ကြာညိုသွယ်က ခေါင်းကိုလှမ်းပုတ်သည်ကိုမြင်ရလေသည်။

♠ ♠ ♠





## ၅

"သံတွဲဘုရားတွေဖူးကြမယ်"

ဆိုသဖြင့် ကြာညိုသွယ်တို့ စောစီးစွာ ထကြရ၏။ နေမပူခင်ဘုရားဖူးရက သက်သာမည်ဆို၍ပါ။

သို့သော် . . နေမပူခင်အေးသော အအေးဓာတ်ကြောင့် ယုန်မွေးဆွယ်တာဖြူဖြူကလေးကို ခြုံရလေသည်။

"မောင်ရဲထက်ကိုတော့ အားနာစရာကောင်းနေပြီကွဲ့၊ စောစောစီးစီးဒုက္ခပေးရတော့မှာပဲ"

ထိုအခါမှ ဂျစ်ကားပေါ်က ကားမောင်းသူမှာ



www.burmeseclassic.com

www.burmeseclassic.com



ရဲထက်ပါလားဟု ကြာညိုသွယ် သတိပြုမိ၏။

"ရပါတယ် ခင်ဗျ၊ ဒီလောက်က ကျွန်တော့်အတွက် စောတယ်မခေါ်ပါဘူး၊ အိပ်ရာက ထနေကျပါ"

"အေးကွယ် . . မောင်ရဲထက်လို ဝိရိယကောင်းတဲ့ ကလေးမျိုးက ရှားပါ့ . . ရှားပါ့၊ တကယ်ပါ၊ ခုခေတ် မြင်တွေ့နေရတာများ ဘယ့်နဲ့လူပေါ်ကြော့လေးတွေ မှန်းမသိပါဘူးကွယ်"

ဂျစ်ကားပေါ်သို့လှမ်းအတက် ကိုရဲထက်နှင့် ကြာညိုတို့ မျက်လုံးချင်းဆုံမိလျက် ပြုံးနှုတ်ဆက်သည်ကို လူရှုပ် ကလေးထွန်းထွန်း မြင်သွား၏။ ရဲထက်ကို ပြုံးပြုံးကြီးကြည့်ကာ မျက်စိတစ်ဖက်မှိတ်ပြလေသည်။

ပေလီနှင့်သံတွဲကား လေးမိုင်ခရီးမျှသာဝေး ပါသည်။

ပေလီရွာကိုအစွဲပြု၍ ပေလီဟုခေါ်သော ပေလီကမ်းခြေကား လုံးသာသို့ရောက်သည်အထိ ကြီးမျှား ကျယ်ပြန့်လှပါ၏။

ကားက စထရင်းဟိုတယ်၊ ရွှေဝါချိုင်စခန်း စသည်စသည်တို့ကိုကျော်ဖြတ်၍သွား၏။

မကြာမြင့်မီအတွင်းမှာပင် သံတွဲမြို့ထဲသို့ဝင်





လာခဲ့၏။ သံတွဲဈေးကား စဖွင့်ခါစရယ်ပါ။

"အဆာပြေ မုန့်တစ်ခုခုစားကြဦးမလားခင်ဗျာ"

ရဲထက်က လူကြီးများကိုပြောရာက ကြာညို သွယ်ဘက်သို့မျက်လုံးလေး ဝေ့ခနဲရောက်လာရလေ၏။

"လက်ဖက်ရည်နဲ့မုန့်တော့ စားခဲ့ကြတာပဲ မောင်ရဲ ထက်၊ လူကြီးတွေကတော့ မဆာတော့ပါဘူးကွယ်"

"ကလေးတွေက ဆာတယ်ခင်ဗျ"

ထွန်းထွန်းက ရွှတ်နောက်နောက်ဆိုလေ သည်။

"ဒီဈေးထဲမှာ ကျွန်တော့်မိတ်ဆွေဆိုင်ရှိတယ် အန်တီ၊ ရခိုင်မုန့်တီကောင်းကောင်းစားရစေချင်လို့ပါ"

"အေး . . ကောင်းသားပဲကွ"

ဦးမောင်တင်က ခေါင်းညိတ်လိုက်သဖြင့် ကားကလေးက ဈေးရှေ့တည့်တည့်မှာ ရပ်၏။

ဈေးထဲရှိမျက်စိအစုံမှာ ကြာညိုသွယ်တို့ထံ စုပြုံရောက်လာပေ၏။

"ချစ်စရာကလေး . . ရုပ်ရှင်မင်းသမီးလားမသိဘူး"

တစ်ယောက်တစ်ပေါက်ပြောသံလေးကို ကြားကြရလေ၏။ ရဲထက်ကလှမ်းအကြည့် ကြာညို၏ ရှက်ပြုံး



www.burmeseclassic.com

www.burmeseclassic.com



တိုမြင်ရလေသည်။

ရွှေတ်ကောင်းနိုင်နိုင်၊ ငါးရည်ချိုချိုမွှေးမွှေးဖြင့် ပဲလုံးဝမပါသော ဟင်းရည်ကျဲကား လျှာမှာစွဲ၍လာရပေ၏။

ထွန်းထွန်းက မုန့်ဟင်းခါးဖတ်ကို ရွှေတ်ဆိဆမ်းကာ ငါးဖတ်နိုင်နိုင်၊ နံနံပင်နိုင်နိုင်းချင်းဖြင့်သုပ်ထားသော ရခိုင်မုန့်တီစား၏။ ရွှေတ်ကောင်းခပ်ထားသော ဟင်းခါးပူပူချိုချိုလေးကိုသောက်လိုက်လျှင်ကား . . အေးလှပါသည်ဆိုကာ ဝတ်ထားသော ဦးမောင်တင်၏ကုတ်အကျီကြီးမှသည် ကြာညို၏အနွေးထည်လေးပါ ကွာကျသွားရပေ၏။

သံတွဲဈေးမှသည် နံတော်စေတီသို့လာခဲ့ကြ၏။

သံတွဲမြို့သည် တောင်ကုန်းများဝိုင်းရံကာ အလျားတစ်ဆယ့်နှစ်မိုင်၊ အနံတစ်မိုင်မျှရှိသော ချိုင့်ဝှမ်းတွင် တည်ရှိသောကြောင့် . . တောင်ပတ်လည်ဝိုင်းနေသောမြို့ဖြစ်ကာ အထူးပင်သာယာလှပေသည်။

ရဲထက်မောင်းလာသော ဂျစ်ကားကလေးက 'နံတော်စေတီ'၏ခြေရင်းတွင်ထိုးရပ်လိုက်၏။ စေတီတော်၏ အဝနားတွင် (ဆီး)ဖီးထုပ်၊ ငှက်ပျောသီး ရေသောမုန့်ပဲသရေစာ





လေးများရောင်းနေသော အဒေါ်ကြီးတစ်ယောက်ကိုမြင်ရ၏။

ဦးမောင်တင်မှစ၍ ကြာညိုတို့က ဖိနပ်ကိုကားပေါ်တွင်ချွတ်ထားခဲ့ကာ ခုန်ဆင်းလိုက်သည်တွင် . . . .

"ဩော် . . ဖိနပ်မချွတ်ခဲ့နဲ့ဗျ၊ တော်ပေါ်ရောက်အောင်တော်တော်တက်ရဦးမှာ၊ ဘုရားနားနီးမှချွတ်ရင် ရပါတယ်"

"ဟုတ်တယ် . . ကလေးမရေ၊ ဖိနပ်မပါဘဲတက်လို့ကတော့ ခြေထောက်နာမှာပဲ၊ တချို့များ ဖိနပ်မပါဘဲနေပူကြီးထဲတက်တာ အထက်ပူ အောက်ပူမခံနိုင်တာနဲ့ပြန်ပြေးဆင်းလာကြရပါရောလား"

ဈေးသည်အဒေါ်ကြီးက စေတနာကောင်းဖြင့် ဝင်ပြောရှာပါလေသည်။

ထို့ကြောင့် . . ကြာညိုတို့ ဖိနပ်ပြန်စီးကြရ၏။ အောက်ခြေကမော်ကြည့်၍ဖြင့် 'နံတော်စေတီ'ကို မဖူးတွေ့ရပါ။

ကျိုးတို့ကျဲတဲစီထားသော အုတ်လှေကားထစ်ကလေးများမှတက်ခဲ့ကြ၏။ လှေကားထစ်ကလေးများအဆုံး မြေပြင်သက်သက်လျှောက်၊ ထပ်မံ၍ချိုးကွေ့ရပြန်ကာ လှေကားထစ်ကလေးများ ပြန်ပေါ်လာပြန်၏။ ထို့သို့ဖြင့် . .



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆစ်ချိုးပြီးရင်း ချိုးရင်းဖြင့် လျှောက်ကြရသည့်တိုင် 'နံ့တော်စေတီ' ကို မဖူးမြော်ရသေး။

နေထွက်လာပြီဖြစ်ရာ လူမောစိတ်မော မော နေရပြီ။

ဒေါ်ဒေါ်နှင့်ဦးလေးမောင်တင်ကား နောက်မှာ ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့ပြီ။

"မောပြီလားကွဟင် . . ထွန်းထွန်း"

ထွန်းထွန်းက လျှာထုတ်ပြ၏။

"မောတာပေါ့ အစ်ကိုရ . . နံ့တော်နဲ့တင် ဟိုက်နေပြီ၊ တခြားစေတီတွေရော ဒီလိုပဲတက်ရသလား"

"တက်ရတာပေါ့"

"အားရှားပါး"

ထွန်းထွန်းက သူနဖူး သူရိုက်၏။ ကြာညို သွယ်က ခုန်နေသောရင်ကိုဖိမိလေသည်။

"ဒေါ်ဒေါ်တို့တော့ပြတ်ကျန်ခဲ့ပြီ ကိုရဲထက်"

အရိပ်ကောင်းသော မန်ကျည်းပင်ရိပ်မှာ ခိုနားမိကြလေသည်။

"ကျွန်တော် သွားဆင်းခေါ်လိုက်ရင်ကောင်းမယ်ထင်တယ်"





"အို . . မဟုတ်တာ၊ ကိုရဲက ဆင်းခေါ်ရင် မောရုံပဲရှိမှာပေါ့ လမ်းလွဲစရာမှမရှိတာ . . ရပါတယ်၊ ဒေါ်ဒေါ်က နှလုံးရောဂါရှိတော့ တစ်လှမ်းချင်းတက်နေရတာ"

"ဟောဗျာ . . ဖြစ်မှဖြစ်ရလေ၊ ဒီလိုမှန်းသိရင် ကျွန်တော် တားပါတယ်၊ ဒေါ်ဒေါ်နေခဲ့ဖို့ကောင်းတယ်"

"ဟုတ်ပါရဲ့ . . ကြာညိုတို့တောင် အတော်မောတာ၊ အင်းလေ . . အစက ဒီလောက်မြင့်မယ်မှ မထင်မိဘဲကိုး"

"အေးဗျာ . . ကျွန်တော်ကလည်း မပြောမိဘူး"

"စကားအစမှ မရှိကြတာ . . ရပါတယ်၊ ကဲရှင် . . ခဏစောင့်ပြီး တက်ကြတာပေါ့"

"အစ်မတို့စောင့် . . ကျွန်တော်သွားနှင့်မယ်"

"ဟဲ့ . . နင်ကလည်း"

ကြာညိုသွယ်၏စကား မဆုံးလိုက်ပါ။ ထွန်းထွန်းက လှေကားထစ်ပေါ် ပြေးတက်သွားလေပြီ။

ကြာညိုက ကြောင်အမ်းအမ်းလေးဖြစ်ကျန်ခဲ့၏။

"မကြာညိုသွယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလေးငဲ့ပြီးကြည့်ကာ ပြုံးမိ၏။

"မမောသွားလား ကိုရဲထက်"

"ကျွန်တော်က အကြမ်းခံနေကျပါ မကြာညိုသွယ်"

"မဟုတ်ပါဘူး . . ကြာညိုပြောတာ ကြာညို့နာမည်ခေါ်နေရတာကို ပြောတာ၊ တောင်တက်ရတာ မောရတဲ့ကြားထဲ . . မကြာညိုသွယ်ဆိုလို့"

"ဩော် . . . "

သဘောကျစွာ ရယ်လိုက်သည်တွင် သွားစွယ်ဖွေးဖွေးကိုမြင်ရလေသည်။

"မှန်တာပြောရရင် မကြာညိုသွယ်လို့ခေါ်ရတာ ကျွန်တော့်လျှာမှာ လေးလေးပင်ပင်ရှိတယ် . . မ . . အဲ . ."

"ခေါ်ချင်သလိုသာ ခေါ်ပါတော့ ကိုရဲထက်ရယ်"

ရယ်သံဖြင့် ပြောမိလေသည်။

"ကြာညိုသွယ်လို့ခေါ်ရတာ အားနာနေသလိုပဲ၊ ကြာညိုလို့ခေါ်ခွင့်ပြုရင်တော့ ကောင်းမယ်"

"ပြောပြီးပြီပဲ . . ခေါ်ပါလို့"

"ကြာညို"

"ရှင် . . ကိုရဲထက်"





ပြန်ထူးပြီးကာမှ ရဲထက် ရယ်တာမြင်မှ နောက်ပြောင်ခေါ်မှန်းသိကာ ပြုံးမိကြလေသည်။

ထိုမှတစ်ဖန် တက်ပြန်သည်တွင် . . .

အုတ်ရိုးဖြူဖြူလေးများဝိုင်းရံကာထားသော မြတ်လှစွာသော နံတော်ရှင်စေတီကိုဖူးတွေ့ရချေ၏။

ကြာညိုသွယ်က လက်အုပ်ချီမိုးရှိခိုး၍နေချိန်တွင် ရဲထက်၏စိတ်က ဖျတ်ခနဲ ညီမလေးဇင်မာကိုသတိရ၏။

ဇင်မာထက် . . .

ညီမလေး . . ဇင်မာရယ် . . .

ချစ်စရာကောင်းသောညီမလေးနှင့် တစ်ချိန်က ဤဘုရားသို့လာခဲ့ဖူးပါသည်။

"ဟေး . . ကိုကိုရေ၊ တောင်ပေါ်ဘယ်သူအရင်ရောက် စိမ်ပြေးတန်း ကစားမယ်လေ၊ နိုင်တဲ့သူ ဟောဒါယူ"

လက်ထဲက တစ်ရာတန် အသစ်ချပ်ချွတ်ကလေးကိုထောင်ပြ၏။

လွန်ခဲ့သောနှစ်ပေါင်းများစွာက မောင်နှမနှစ်ယောက် တစ်ယောက်ငါးဆယ်ဆီယူရန် တစ်လစာမုန့်ဖိုးပေါင်းထားပါသော နှစ်ဦးစာမုန့်ဖိုးပါ။

"နင် တကယ်ပြောတာနော် ဇင်မာ၊ နောက်မှ ငိုမဲ့



www.burmeseclassic.com

www.burmeseclassic.com



ငိုမဲ့ မလုပ်နဲ့"

"စိတ်ချ . . ကိုကို၊ ကိုကိုသာ မယုတ်နဲ့ သိလား"

"ကောင်းပြီ . . စိမ်"

တစ်ယောက်လက်ကိုတစ်ယောက် ပုတ်လိုက်ကြ၏။

"ဟေး . . ကိုကို၊ နေဦး"

ဇင်မာထက်က သူ့လက်ကို အတင်းပြန်ဆွဲထား၏။

"ကိုကိုက ဇင်မာ့ထက်အကြီး၊ ပြီးတော့ ယောက်ျားလေးလည်း ယောက်ျားလေး"

"အေး . . အဲဒါဘာဖြစ်လဲ"

"ဒီတော့ . . ဇင်မာ့ကို အကျောပေးရမှာပေါ့"

"ဟော . . ဖြစ်ရပြန်ပြီ"

"ဘာလဲ . . ကိုကို မကျေနပ်ဘူးလား၊ တစ်ဦးတည်းရှိတဲ့ညီမလေးကို ကိုကို တစ်ဖက်သတ်အနိုင်ယူချင်တယ်ပေါ့လေ"

"ကဲပါ . . နင့်သဘောပါ၊ နင့်သဘော၊ ကိုင်း . . ပြောပါ ဘယ်နှမိနစ်ခွာပြီးလိုက်ခဲ့ရမလဲ"

ဇင်မာ၏မျက်လုံးလေးက ထောင့်ကပ်သွား





၏။ ပြီးမှ . . .

"ဆယ့်ငါးမိနစ်"

"အိုကေ"

"ပြေးပြီ"

ဇင်မာထက်က အပြေးလေးတက်သွား၏။ ရဲထက်က အေးအေးဆေးဆေးထိုင်ချလိုက်၏။ ဘောင်းဘီအိတ်ထဲပါလာသော ပဲကြီးလှော်ကို အခွံနွှာစားနေခဲ့၏။

ဆယ့်ငါးမိနစ်ကြာမှ အပြေးတက်ခဲ့၏။

"ဟော့ . . ကိုကို နေဦး၊ ဟိုမှာကြည့်စမ်း . . ဘာကြီးလဲ မသိဘူး"

လှေကားအုတ်ခဲမှာ မြေဖြူဖြင့်ရေးထားသောစာ၊ မြားပြထားရာသို့ကြည့်၏။ ဘာမျှမရှိ။

ဒီကောင်မလေး ဝိပြီ။

ထိုသို့ဖြင့် . . .

"ကိုကိုရှက်ပါတယ်ဟော့ . . အညာမိသွားတယ်၊ ကိုကို ရယ် မောပါတယ်၊ ထိုင်နားလိုက်ပါဦးနော်"

စာတန်းလေးတစ်ခု။

ပါးစပ်ကိုဟကာ လေကိုတစ်ဝကြီးရှူသွင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ . . ဆက်တက်ခဲ့ပြန်၏။

"ရောက်လုပြီ . . ကိုကိုရဲ့၊ ဇင်မာရတဲ့ပိုက်ဆံထဲက ကိုကို့ကို မုန့်ဝယ်ကျွေးမယ်၊ ဖြည်းဖြည်းတက်ပါနော်"

ဆိုသောစာလေးကိုဖတ်ကာ ရယ်မိ၏။

ထိုသို့ဖြင့်ပင် ဆက်တက်လာရာ အုတ်လှေကားထစ်ကလေး၌ ထိုင်နားနေသော ဇင်မာနှင့် ဘွားခနဲဆုံမိ၏။

"အမယ်လေး . . ကိုကို"

ဇင်မာ လန့်သွား၏။

ရဲထက်က ဖြတ်ကျော်တက်မည်အပြု ဇင်မာက ခါးကိုဆီးဖက်ထားလေသည်။

"ဟ . . ဘာလဲဟ"

"ကိုကိုက ဖြည်းဖြည်းတက်ပါဆို . . ပြေးတက်လာတာကို၊ ဟင့်အင်း . . ဟင့်အင်း . . မရဘူး၊ ကိုကို့ကို ဆယ့်ငါးမိနစ်ဒဏ်ခတ်မယ်၊ ဆယ့်ငါးမိနစ်နေမှတက်ရမယ်"

"ကဲပါ . . နင်လိုချင်ရင် အဲဒိတစ်ရာလုံးယူ၊ ငါ မပြိုင်တော့ဘူး"

"ဟာ . . ကိုကိုရာ"





ဇင်မာ၏မျက်နှာကား ညှိုးသွား၏။

ရဲထက်၏ပခုံးလေးမှာ မေးတင်လိုက်ရင်းမှ . . .

"ညီမလေးကို စိတ်ဆိုးသွားတာလားဟင် ကိုကို"

"နင်က ငါ့ဆို အမြဲဗိုလ်ကျနေတာကိုး"

"ကိုကိုကလည်းကွာ၊ ကိုကို့ကို ဇင်မာက ချစ်လို့ စ,တာပါ ကိုကိုရ၊ ကိုင်း . . ကိုကို . . ထ"

"ဘာလုပ်မှာလဲဟ"

"ကိုကိုနဲ့လက်တွဲပြီး ပြေးတက်မယ်"

"ပြီးတော့ . . ."

"ကိုကိုရယ် . . ကိုကို့ပိုက်ဆံကို ဇင်မာ မယူချင်တော့ပါဘူးနော်"

ရဲထက်က ရယ်မောပြီး ဇင်မာ၏ခေါင်းကို တစ်ချက်ပုတ်လိုက်၏။ ထို့နောက် . . ဘုရားပေါ် ပြေးတက်ခဲ့၏။ ညီမလေးဇင်မာနှင့် နှစ်ယောက်အတူတူ ဘုရားရှိခိုးခဲ့ပုံများမှာ . . .

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

"ကိုရဲထက်"

အတွေးထဲမှာ နစ်နေရာက ရဲထက်လန့်သွား၏။

"ဩော် . . ကြာညိုတောင် ဘုရားရှိခိုးပြီးပြီကိုး"

"ဟုတ်တယ်၊ ဘုရားရှိခိုးပြီးလို့ အမောပြေအောင် ထိုင်နားပြီးပါပြီ၊ ကိုရဲထက် ဘာတွေတွေးနေတာလဲဟင်"

ရဲထက်က သက်ပြင်းချ၏။

"ညနေကျရင် ကျွန်တော်ပြောပြမယ် ကြာညို၊ ကိုင်း . . လာ . . သွားကြစို့၊ ဒေါ်ဒေါ်တို့စောင့်နေတော့မယ်၊ ဟော . . ဟိုကောင် ထွန်းထွန်းရော"

"ဆင်းသွားနှင့်ပြီ ကိုရဲထက်"

ရဲထက်တို့ တောင်ပေါ်ကပြန်ပြေးဆင်းလာကြ၏။ ဒီနေရာမှာ ညီမလေးစာရေးခဲ့တဲ့နေရာ၊ ဒီနေရာက ညီမလေး သူ့ကို ဆီးကြိုပွေ့ဖက်ထားသောနေရာဟု တွေးကာ ရဲထက်စိတ်ထဲ နင့်တင့်တင့်ကြီးခံစားမိလေသည်။

"ဟော . . လာကြပြီ"

ထွန်းထွန်းအော်သံကိုကြားရ၏။





အရိပ်ရှိသောလှေကားထစ်မှာ ဦးဦးမောင်တင် ဒေါ်စိန်ကြည်နှင့် ဒေါ်သုံတို့ပါ့တွေ့ရလေသည်။

"တို့တော့ ဘုရားကို ဒီကပဲ ဦးခိုက်ရတော့သကွဲ့"

ဦးမောင်တင်က ဆီးကြိုပြောလေသည်။

"ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော်လည်း အားနာလိုက်တာ၊ တောင်တက်ရမှာမပြောမိဘူးဗျ"

ရဲထက်၏မျက်နှာမှာ အားနာရိပ်များသမ်းနေရလေ၏။

"ကွာ . . တို့ကလည်း မမေးမိဘဲကိုး၊ ရွှေတိဂုံစေတီတော်တက်ရသလောက်ပဲ မသကာရှိမယ်အောက်မေ့တာ၊ ခုတော့ . . ဖိုးဦးတောင်လောက်ကိုတက်ရသကိုးကွ"

"ဒါပေမဲ့ . . ဟိုက တန်ဆောင်းတွေရှိနေတော့ နားနားနေနေတက်လို့ကောင်းတယ် ကိုမောင်တင်ရဲ့၊ ဒီမှာက . . အမိုးအကာရှိတာမဟုတ်တော့ နေမြင့်လာလေ ပင်ပန်းလေပဲ"

"ဟုတ်ပါရဲ့ . . မမကြည်မပြောနဲ့၊ ကျွန်မတောင်မတက်နိုင်ဘူး"

ဒေါ်သုံက ရင်ဖိကာ ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်ကြည်တို့ နားနေသောနေရာမှ ကြည့်သည်ရှိသော တောင်ကုန်းမြင့်မြင့်များပေါ်မှ ဆံတော်စေတီနှင့် အံတော်စေတီကို လှမ်းမြော်ဖူးနိုင်ပေ၏။

"တောင်ပေါ်တော့ . . မောင်ထမ်းလို့ခေါ်တာတောင်မှ မတက်နိုင်ဘူးကွယ့်၊ ဘာလို့လဲဆိုတော့ ငါ့ ကိုယ်ကြီးမနိုင်တာနဲ့ ပစ်ချလိုက်မှာစိုးလို့"

ဝဝဖိုင့်ဖိုင့်ဒေါ်သုံ၏စကားကြောင့် ရယ်မောမိကြ၏။

တောင်ပေါ်ကပြန်အဆင်းတွင်ကား အပြေးလေးဆင်းလိုက်ကြသောကြောင့် မြန်စွာရောက်၏။

ဘုရားခြေတော်ရင်းရှိ ဈေးဆိုင်လေးတွင် တည်ခင်းထားသော စိမ့်ထွက်ရေ သောက်ရေအေးအေးလေးမှာ ကြာညိုသွယ်တို့လူသိုက်သောက်သည်နှင့်ပင် ကုန်လေသတည်း။

♠ ♠ ♠





၆

"ကြာညို"

"အို . ."

ကြာညို၏မျက်လုံးလေးက ပြူးသွား၏။ မနက်ကတောင်ပေါ်တက်ခဲ့ရသောအမောကိုပြေစိမ့်ငှာ ပင်လယ်ရေလှိုင်းစီးခြင်းဖြင့် အမောဖြေနေခဲ့၏။

ပင်လယ်ရေထဲ စိမ်နေမိလျှင် တော်တော်နှင့် ပြန်မတက်နိုင်သည့်ထုံးစံအတိုင်း ရေထဲမှာ ကြာမြင့်စွာစိမ်နေမိခြင်းပါ။

ထို့ကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com



မိမိအနားမှာ ဘွားခနဲပေါ်လာသော ရဲထက်ကိုမြင်မှ . . .

"ဒီညနေ ပြောပြမည်"ဟု မိမိကိုမှာထားသောစကားကို သတိရမိလေသည်။

ရေလှိုင်းတစ်ခုက ပြင်းထန်စွာ ပုတ်ခတ်သွား၏။ ကြာညိုသွယ်နှင့်ရဲထက်တို့၏ကိုယ်မှာ မြောက်တက်သွား၏။ မျက်နှာနှင့်ပါးစပ်အတွင်းသို့ ရေငန်တို့ဝင်သဖြင့် ထွီခနဲ ထွေးမိကြလေသည်။

"ကိုရဲထက် ကြာညို့ကို ဒီညနေပြောပြမယ်ဆိုတာ ဘာလဲဟင်"

"ဩော် . . ကျွန်တော်က ကြာညို မေ့သွားပြီတောင်ထင်တာ . . မမေ့သေးဘဲကိုး၊ ရေချိုးချိုးပြီး ပြန်လာခဲ့လေ၊ ကျွန်တော် ဒီကစောင့်နေမယ်"

"ဟုတ်ကဲ့ . . ကျွန်မက ရေချိုးသွားချိုးလိုက်တော့မယ်"

"ဩော် . . လမ်းနည်းနည်းလျှောက်ရမှာနော်၊ ကြာညို လျှောက်နိုင်ပါ့မလား၊ ကျွန်တော်တို့ခြံဘက်ခေါ်သွားမလို့"

"ဖြစ်ပါတယ် ကိုရဲထက်ရဲ့"

ကြာညိုက ရေထဲမှ အပြေးအလွှားတက်၏။





သောင်ပေါ်တင်ထားသော လှေတစ်စင်းပေါ်မှ မျက်နှာသုတ်ပဝါကိုယူကာ ကိုယ်ပေါ်လွှမ်းခြုံလိုက်၏။

ထို့နောက် . . .

'ဖင်ရိုပ်သာ'သို့ ပြေးလေ၏။

ရဲထက်က ကြာညိုသွယ်ကို အငေးသား ကြည့်နေမိ၏။

အဝေးသို့ရောက်သွားမှ သက်ပြင်းတစ်ချက်ကို ချမိလေသည်။ ရေထဲမှာ လက်ပစ်ကူးပစ်လိုက်၏။

ဩော် . . မိမိစိတ်ကို မိမိ အလုပ်ဆိုသောတံခါးဖြင့်ပိတ်ဆို့ထားကာမှ ကြာညိုဆိုသော မိန်းမချောလေးကြောင့် စိတ်တံခါးသည် ဟင်းလင်းပွင့်သွားရပြီဖြစ်၏။

"ကြာညိုသွယ်"

စတွေ့ခါစက ဟန်ကြီးမလို မာန်ကြီးမလိုဖြင့် တွေ့ခဲ့ရသော ကြာညိုသည် စိတ်သဘောထား နူးညံ့ပျော့ပျောင်းလျက် မာန်လုံးဝမရှိပါတကား။

"ကို . . ရဲ . . ထက်"

အော်ခေါ်သံကိုကြားရ၏။

ရေထဲမှာကူးခတ်နေသည်မှာ မကြားလိုက်ဟု ထင်ရ၏။ ခေါ်သံကြားသဖြင့် လှမ်းအကြည့် သောင်စပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လှသောမိန်းကလေးကိုတွေ့ရ၏။

ဖောင်းဖောင်းအိအိမျက်နှာလေးမှာ အထင်းသားပေါ်လျက်ရှိ၏။

"လာပြီ . . လာပြီ"

ရဲထက်က ရေထဲကပြေးတက်လာခဲ့၏။ ပြီးတော့ . . ကြာညိုသွယ်ကို . . .

"အို . . ဘာကြည့်တာလဲ ကိုရဲထက်ရဲ့"

"သိပ်လှတာပဲ ကြာညိုရယ်"

"အို . . ."

ကြာညို၏ခေါင်းလေးက ငုံ့သွား၏။ ရဲထက်က ပင်လယ်ထဲမှမျောလာသော ကျောက်ခက်ပန်းကြီးကို အစနှစ်ဖက်ဆွဲချည်လိုက်လျက် ကြာညိုသွယ်၏ခေါင်းပေါ်မှာစွပ်ပေးလိုက်၏။

ထို့နောက် . . .

"ခဏလေးစောင့်နော် ကြာညို"

ခေါင်းလေးငုံ့ကာ ခွင့်တောင်းပြီးမှ ပြေးသွား၏။ ခဏမျှအကြာ . . .

စပို့ရှပ်အဖြူ လက်မောင်းအိုးကျပ်ကလေးနှင့် ဘောင်းဘီရှည်အဖြူဝတ်ထားသော ရဲထက် ပြန်ရောက်လာ၏။





သဲသောင်ပြင်ပေါ်မှာ ဖိနပ်မပါဘဲလျှောက်ခဲ့ကြ၏။ သဲမွမွလေးများတွင် ခြေရာနှစ်စုံက ထင်းစွာကျန်ရစ်၏။

"ကြာညို"

"ရှင်"

"နေဝင်ပြန်တော့မယ်နော်"

"ဟုတ်ကဲ့"

"တစ်ခါတစ်ခါကျတော့လည်း ကြာညိုရယ် . . ဘဝကို အလေးအနက်မတွေးဘဲထားတာက ပိုကောင်းမယ် ထင်မိတယ်၊ တွေးမိရင် ရင်ထဲမှာ တစ်နင့်တစ်ပိုးကြီး ကျန်ခဲ့ရတဲ့ဝေဒနာကို ကျွန်တော်မခံချင်ဘူး"

"ကိုရဲထက်က ဘာတွေ တွေးမိပြန်သလဲဟင်"

"ကြာညိုတို့ ပြန်မှာကို"

"အို . ."

ကြာညိုသွယ်၏ခေါင်းလေးက ငုံ့သွား၏။

"ကျွန်တော့်ဘဝကို အလုပ်ထဲမှာမြှုပ်ထားတာ ကြာပါပြီ၊ ခင်မင်တွယ်တာစရာကောင်းတဲ့လူတွေနဲ့ မဆုံမိတာလည်း ကြာပါပြီ၊ ခု ကြာညိုတို့နဲ့ပြန်ဆုံရတာ ကျွန်တော့်ဘဝမှာ အပြောင်းအလဲတစ်မျိုးခံစားလာရသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြာညိုတို့ကလည်း ကိုရဲထက်ကို ခင်ကြပါတယ်ရှင်"

"ကျေးဇူးတင်ပါတယ်ဗျာ"

သဲသောင်ပြင်ပေါ်မှာ လမ်းလျှောက်ရသည်က ကောင်းပါချေသည်။ သို့သော် . . တာရှည်သွားမိသောအခါ၌ကား ခြေထောက်ကလေးများလေးလံကာ လမ်းလျှောက်နှေး၍ လာလေ၏။

"ကြာညို"

"ရှင် . . ကိုရဲထက်"

"ညောင်းပြီလား"

"နည်းနည်းပင်ပန်းလာတယ်နော်၊ ခြေထောက်တွေ လေးလာတယ်"

"သဲဆွဲတာ၊ ရောက်တော့မှာပါ . . ဟိုရှေ့က သစ်ပင်အုပ်ကလေး၊ အပြန်ကျတော့ . . . ကျွန်တော်တို့ လမ်းမဘက်တန်းက ပြန်တာပေါ့၊ ဒါဆို မပင်ပန်းပါဘူး"

လှမ်းရင်း လှမ်းရင်းဖြင့်ပင် မလှမ်းနိုင်တော့ပြီ။ ကိုရဲထက်က လက်ကလေးကို ကမ်းပေး၏။ ကြာညိုက မရဲတရဲလေးလှမ်းဆွဲကာ လိုက်ပါလာခဲ့၏။

မောဟိုက်ဟိုက်ကလေးဖြစ်နေသော ကြာညို





တို ခေါင်းလေးငဲ့ကာကြည့်ရင်းမှ သနားမိလေသည်။

"ဆောရီးပဲ . . ကျွန်တော့်ကြောင့် ကြာညိုပင်ပန်းနေပြီ"

စိတ်မကောင်းစွာ ဆိုမိလေသည်။

"ရပါတယ်၊ ခုဟာက . . မနက်က တောင်တက်တာ ပင်ပန်းသွားလို့ပါ၊ နင့်မို့ . . ဒီလောက်ကတော့ သွားနိုင်ပါတယ်"

"သဲတဆွဲတယ် ကြာညိုရဲ့၊ သွားနေမကျရင် အင်မတန်ပင်ပန်းတာ"

"ကိုရဲထက် . . ဟိုမှာကြည့်စမ်း"

ကြာညိုညွှန်ပြရာသို့ ကြည့်လိုက်၏။ အဝေးဆီမှာ လှေနှစ်စင်းကိုမြင်ရ၏။

ရဲထက်က လက်ပြသောအခါ ထိုသူများက ပြန်လှန်လက်ပြကြလေသည်။

"ဘယ်သွားကြတာလဲဟင်"

"ငါးဖမ်းထွက်ရာက ပြန်လာကြတာ"

"ပင်လယ်ထဲကိုပေါ့ . . ဟုတ်လား"

"ဒါပေါ့"

"အမယ်လေး . . အန္တရာယ်များလိုက်တာနော်"



www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးမှာ ပိုက်ဆံကိုလွယ်လွယ်နဲ့ရတဲ့သူတွေက ရနေပေမယ့် . . ထမင်းတစ်လုတ်စားရဖို့အတွက် အသက်နဲ့ရင်းပြီးရှာနေသူတွေက ရှာကြရတယ် မကြာညို၊ တစ်ခါတလေ ကျွန်တော်ပါ ပင်လယ်ထဲ လိုက်သွားကြည့်တယ်၊ လှိုင်းမူးတဲ့ဝေဒနာကို မနည်းခံရတာပဲ"

ရဲထက်ကို မော်ကြည့်လိုက်သော ကြာညိုသွယ်၏မျက်လုံးအစုံမှာ အထင်ကြီးရိပ်ကလေးများ သမ်းသွားရလေ၏။

"ကိုရဲထက်မလုပ်ဖူးတဲ့အလုပ်များ ရှိသေးရဲ့လားဟင်"

"ရှိတာပေါ့ . . ကျွန်တော်မသိတာတွေ နားမလည်တာတွေ တစ်ပုံကြီးရှိပါသေးတယ်၊ မလုပ်ဖူးတာတွေကတော့ ပြည့်လို့ပေါ့၊ ဟော . . . ရှေ့ကခြံမဲ ရောက်ပြီ"

အုန်းပင်များကို အစီအရီ စိတန်းစိုက်ထားသောအုန်းခြံကြီးကိုတွေ့ရလေသည်။

အုန်းပင်တိုင်တွင် အုန်းသီးများက ပြွတ်သိပ်လျက်ပါ။

"ဟော . . . အစ်ကိုတို့လာပြီ"





ခြံထဲကပြေးထွက်လာသော မိန်းကလေးတစ်ယောက်ကို မြင်ရ၏။ မိန်းကလေး၏ပါးမှာ ကွက်ကျားထားသော ပါးကွက်ကျားကြီးက အဝေးမှပင်လှမ်းမြင်နိုင်ပါသည်။

မိန်းကလေးက ကြာညိုသွယ်ကိုမြင်လျှင် ခြေလေးများ တွန့်သွားရ၏။ အပြေးရှိန်တန့်လျက် ရပ်သွား၏။

"ငုဝါရေ . . အုန်းသီးစိမ်းလေးတွေ ခူးထားရဲ့လားကွယ်"

ငုဝါ၏ နှုတ်ခမ်းစူစူလေးကို မြင်ရလေသည်။ အနီးသို့ရောက်ခါမှ အသားညိုချောလေးပဲဟု သတိထားမိလေသည်။

ငုဝါကလည်း ကြာညိုသွယ်ကို တအံ့တဩလေးလိုက်ကြည့်ရာက . . .

"ခူးပြီးပါပြီ၊ ငုဝါက ညနေစောင်းတည်းက မျှော်နေတာဗျ"

"ငါ ဧည့်သည်တွေကို သံတွဲဘုရားလိုက်ပို့နေတာ၊ ဒါနဲ့ ဘဘရော"

"အပြင်ခဏဆိုပြီးထွက်သွားပါကရောလား၊ ဖင် ဖိုင်သာဘက်မရောက်လာဘူးလား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ . . အစ်ကိုပြောတော့ သူငယ်ချင်းတွေနဲ့ လာမယ်ဆို"

"ဒါ . . သူငယ်ချင်းပေါ့ ငုဝါရဲ့"

ငုဝါ၏မျက်နှာက မယုံပေါင်ဟူသော မျက်နှာကလေး။

"အစ်မလှလှတစ်ယောက် ရောက်လာတယ်ဆိုလို့ ငုဝါ ချောင်းပြီးသွားပါနော်၊ အစ်မ ပေလီဈေးထဲမှာ မုန့်ဟင်းခါးလာစားတယ်လေ၊ အဲဒီမှာ . . ငုဝါတွေ့တာ"

"အို . . ဟုတ်လား၊ မမလှတာက ငါ့ညီမလိုချစ်စရာ မကောင်းပါဘူးကွယ်၊ နာမည်က ငုဝါပဲလား"

"ငုဝါခင်ပါ"

"သြော် . . သြော် . . နာမည်လေးကလည်း ချစ်စရာလေးပဲ"

ငုဝါ၏မျက်နှာလေးက ပြုံးသွားလေသည်။

"ကိုင်း . . ငုဝါ၊ သွား . . အုန်းသီးစိမ်းခွဲထား၊ ငါ ကြာညို့ကို ညီမလေးဆီခေါ်သွားမလို့"

"ဟုတ်ကဲ့ အစ်ကို"

ငုဝါက ပြေးထွက်သွားလေသည်။

ရဲထက်နောက်မှ ကြာညိုသွယ် လိုက်လာလေ





သည်။

"ကိုရဲထက်မှာ မောင်နှမ ဘယ်နှယောက်ရှိလဲဟင်"

"နှစ်ယောက်တည်းပါ"

"စောစောက ငုဝါကရော"

"ဘဘရဲ့မွေးစားသမီးဆိုပါတော့၊ ညီမလေးနဲ့ ကစားဖက်လေ၊ အင်မတန်ချစ်ကြတာ"

"ကိုရဲထက်ညီမနာမည်ကရောဟင်"

"ဇင်မာထက်တဲ့"

"အို . . သိပ်လှတဲ့နာမည်ပဲနော်၊ လူလည်း ချစ်စရာကောင်းမယ်၊ ဇင်ရိပ်သာက သူ့နာမည်ကိုး"

ရဲထက်ထံမှ သက်ပြင်းချသံကိုကြားရလေသည်။

"ဟောဟိုမှာလေ . . ညီမလေး"

"အို . . ."

ကြာညိုသွယ်၏မျက်လုံးလေးက ပြူးသွားရ၏။

ရဲထက် မေးဆတ်ပြရာနေရာမှာ အုတ်ဂူသေးသေးလေးတစ်ခုပါ။

'ဇင်မာထက်'ဟူသောအမည်လေးက ထင်း



www.burmeseclassic.com

www.burmeseclassic.com



ရနေလေသည်။

"အဲ . . အဲဒါ ကျွန်တော့်ညီမလေးပါပဲ ကြာညိုရယ်"

ကြိတ်မနိုင်ခဲမရပြောလိုက်သံက . . စိတ်မကောင်းဖြစ်ရပါပြီ။

"ကြာညို တောင်းပန်ပါတယ်ရှင်၊ ကြာညို မသိလို့မေးမိတာပါနော် . . ခွင့်လွှတ်ပါ"

"ရပါတယ်၊ ဇင်မာက ကျွန်တော့်ညီမလေးပါဗျာ၊ ကျွန်တော့်ရင်ထဲမှာ ဖြေမပြေနိုင်ဆုံးဖြစ်ခဲ့ရလို့ သတိရတိုင်း ယောကျ်ားတန်မဲ့ မျက်ရည်ဝဲရပါတယ်"

"သူ ဘာလို့ဆုံးရတာလဲဟင်"

"ကားတိုက်ခံရတာ"

"ရှင် . . ပေလီမှာ"

"မဟုတ်ပါဘူး . . စစ်တွေမှာပါ။ သူ့အရိုးကို ကျွန်တော်ယူလာခဲ့တာပါ"

"ဪ . . ဒါကြောင့် ငူသေးနေရတာပဲ"ဟု တွေးမိ၏။

"အဖေနဲ့အမေဆုံးသွားတော့ ကျွန်တော်တို့တစ်တွေ ဒီက ဘဘတို့နဲ့ပဲဆက်ပြီးနေခဲ့ပါတယ်၊ ကျွန်တော် ဆယ်တန်းအောင်တဲ့နှစ် . . တက္ကသိုလ်ဆက်တက်ရ





ကောင်းနိုးနိုးဖြစ်နေတုန်းမှာပဲ . . ."

ရဲထက်၏မျက်လုံးအိမ်အတွင်းမှာ အမြင်တို့ ဝါးသွား၏။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com









## ၇

ပေလီသို့ ဦးတင်မြင့်နှင့်ဒေါ်ခင်မေတို့ရောက်လာခြင်းကား ရဲထက်တို့မောင်နှမကို စစ်တွေသို့ရောက်အောင် ခေါ်ဆောင်လိုက်ခြင်းပါ။

"ဟောဗျ . . ချည့်သည်တွေ"

အုန်းလက်ဦးထုပ်ကလေးများကို ရဲထက်က လုပစ္စာပြုလုပ်နေချိန်တွင် ဇင်မာက ခရုပုတီးလေးများကို သီကုံးနေချိန်ပါ။

ခြံထဲသို့ တစ်သီကြီးဝင်လာသော လူစုပ်ထဲမှ ရှေ့ဆုံးမှလူကြီးကို ခဏချင်းမှာပင် မှတ်မိသွားပေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ညီမလေးရ စစ်တွေက ဘဘဦးတင်မြင့်ဟ"

"ဟင် . . ."

ဇင်မာ၏မျက်လုံးလေးက ဝိုင်းသွားရ၏။ ဘဘဦးတင်မြင့်မှာ ဇင်မာတို့ဘကြီးဖြစ်၏။

"ဒါ . . ကျုပ်တူနဲ့ တူမဗျ။ ညီမ ခင်စောမြင့်က မွေးတာ"

ဧည့်သည်များက "ဩော် . . "ဟုဆိုကြသူက ဆို၏။ ပြုံးသူက ပြုံး၏။

"ကိုင်း . . အုန်းခြံတွေထဲ လျှောက်ကြည့်ချင်ရင် ကြည့်ကြ၊ နားနားနေနေပေါ့ဗျာ"

ဧည့်သည်ယောက်ျားတချို့က အုန်းခြံတွေဘက်လျှောက်ကြ၏။ ဘဘဦးတင်မြင့်၊ ကြီးကြီးဒေါ်ခင်မေနှင့် မိန်းမနှစ်ယောက်က အိမ်ပေါ်တက်လာကြလေသည်။

"ဟော . . အုန်းစိမ်းဝယ်မယ့်သူမှတ်တာ၊ လက်စသတ်တော့ ဦးတင်မြင့်တို့ပါလား"

ကြီးမေ ဒေါ်သဲညွှာက ဆီးကြိုနှုတ်ဆက်၏။

"လာကြရှင့် . . ငပလီကို အပန်းဖြေလာကြတာ မှတ်တယ်"

ဒေါ်သဲညွှာက သင်ဖြူးခင်းရာက ဆိုလေ





သည်။

"ဟောဒီက ကိုမြင့်တို့ရုံးကလေ၊ စုပြီး ကားနဲ့လာကြတာဆိုပါတော့ မမသဲညွှာရယ်"

ဒေါ်ခင်မေက နံ့သာယပ်တောင်လေး တဖျပ်ဖျပ်ခတ်ရင်းက ဆိုလေ၏။ ဒေါ်ခင်မေ၏နားက စိန်နားကပ်က နေရောင်တွင် လက်လက်ဖြာသွား၏။

တကယ်တော့ ဒေါ်ခင်မေကပင် ဒေါ်သဲညွှာထက် တစ်နှစ်မျှကြီးပါလေသည်။ သို့သော် . . နေလောင်ရေလောင်ခံထားရတာ ရှန်းကန်လှုပ်ရှားရခြင်းများကြောင့် ဒေါ်သဲညွှာသည် ဒေါ်ခင်မေထက်အိုစာသွားရ၏။

အဝါဆင်ပွင့်များပါသော ပါတိတ်ထဘီက ဒေါ်ခင်မေ၏ရုပ်ကို ပို၍နုပျိုစေသည်ပါတကား။

"ဘယ့်နဲ့ . . အလုပ်အကိုင် ကောင်းကြတယ်နော် မညွှာ"

"ဒီမှာကတော့ ဒီလိုပဲပေါ့ အစ်ကိုမြင့်ရယ်၊ မကောင်းတယ် ကောင်းတယ်လည်းမဟုတ်ပါဘူး"

"အုန်းခြံကတော့ ဖြစ်သဗျ"

"ဖြစ်ပါတယ်၊ မောင်ရဲထက်ကလည်း တော်တော်အားကိုးနေရတာ အစ်ကိုမြင့်ရ၊ အုန်းပင်ပျိုးပေါက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရောင်းတာတောင် တော်တော်လေးရပါတယ်"

ဇင်မာက ဧည့်သည်များအတွက် ရေနွေးကြမ်းအိုးကို လင်ပန်းလေးဖြင့် သယ်လာခဲ့၏။ ဧည့်သည်များအတွက် ငွေခရားအိုးလှလှလေးဖြင့်ထည့်လာခြင်းပါ။

အုန်းခြဲရှင်ပီပီ ကောက်ညှင်းဆီထမင်းအိအိလေးပေါ်၌ အုန်းသီးနိုင်းချင်းဖြူးထားသည်က စားချင်စရာပါ။

"ကိုင်း . . စားရက်ကြဲကြတာပဲ မခင်မေရဲ့ မနက်ကတင် သမီးက သူ့ဘဘစားချင်တယ်ဆိုလို့ ဆီထမင်းထိုးထားတာလေ"

"ဟောဗျာ . . ကျွန်တော်တို့စားလိုက်လို့ ကိုစိန်ကြိုင်ဖို့ မရှိဘဲဖြစ်သွားမယ်ဗျ၊ လူအုပ်က တော်တော့တယ် . . အဟားဟား"

"ရပါတယ် ဘဘရဲ့ ဇင်မာ ကောက်ညှင်းထိုးထားတာ အများကြီးပါ"

ဇင်မာထက် မျက်လုံးလေးဝင့်ကာပြောလိုက်ပုံက ချစ်စရာလေးပါဟု ရင်တွင်းမှတ်ချက်ကလေးများချမိကြလေ၏။

"မောင်နှမနှစ်ယောက်လုံး ဖြူဖြူချောချောလေးတွေနော်၊ ရဲထက်ကလည်း ယောကျ်ားလေးပေမယ့် အ





သားက ဝင်းစိုစိမ်းနေတာပဲ၊ ဇင်မာက မိန်းကလေးဆိုတော့ မပြောနဲ့တော့"

"မအေးက . . အသားအင်မတန်လှတာလေ"

ဒေါ်ခင်မေက ကောက်ညှင်းဆီထမင်းကို ငွေဇွန်းလေးဖြင့်ကော်ကာ စားလိုက်ရာက ပြောသည်တွင် . . .

"ဒါကတော့ ကိုတင်မြင့်နှမမို့ထင်ပါရဲ့ရှင်"

တစ်ယောက်က လက်ကလေးတို့ပြောလိုက်သည်ကြောင့် တဟားဟားရယ်မောသံလေးများ လွှင့်သွားရလေ၏။

"အဲ . . ရဲထက်က ဆယ်တန်းဖြေတာ ဂုဏ်ထူးနှစ်ခုနဲ့ အောင်ပါရောလား၊ ဇင်မာက ကိုးတန်းရှင့်"

"အို . . ပညာလေးတွေကလည်း အတော်ကြီးပဲ"

"သားသမီးလိမ္မာတော့ မိဘကကြာကြာမနေရဘူးရှင့်၊ အဲဒါပဲ ကျွန်မတို့ စိတ်မကောင်းဖြစ်ရပါတယ်၊ ဟော ကိုစိန်ကြိုင်တောင်လာပြီ"

ဦးစိန်ကြိုင်က ခြံဝက ဝင်လာသည်နှင့် အိမ်ပေါ်ကလူအုပ်စုကို ခေါင်းလေးမော်ကြည့်၏။

"ဧည့်သည်တွေလာမယ်ဆိုတာသိလို့ ကြိုတင်ရှောင်နေတာထင်ပါရဲ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မေတ အံ့သြသွားသလို ဆိုက်၏။

"ဟောဗျာ . . ဘယ်သူတွေလဲ မှတ်တယ်၊ ကိုတင်မြင့်တို့ မခင်မေတို့ပါလား၊ မြတ်စွာဘုရား . . ဒါက ဘယ်ကမျက်စိလည်လာကြတာလဲ"

"ပေလီလာကြတာပေါ့ရှင်"

ဒေါ်သဲညာက 'တမင်လာလည်တာမဟုတ်' ဆိုသောသဘောဖြင့် ဝင်ထောက်လိုက်လေ၏။

"ပေလီချည်းပဲဆိုလည်း ရောက်ဖြစ်ချင်မှ ရောက်ဖြစ်မှာပါ ကိုစိန်ကြိုင်၊ ခုတော့ ခင်ဗျားတို့ရော ကလေးတွေရောရှိကော့ . . တွေ့ချင်တာနဲ့ အဖော်ကောင်းတယ်ဆိုပြီး လိုက်လာခဲ့တာပဲ"

"ဒါပေါ့ . ဒါပေါ့၊ ဒါနဲ့ . . တည်းခိုဖို့ရော အဆင်ပြေလား၊ ရောက်မှတော့ ကျုပ်တို့ဆီမှာပဲတည်းပါ"

"ဒါ . . အားနာရမယ့်လူတွေလားဗျာ၊ ကိုင်း . . တည်းခိုတာကလည်း ဟိုမှာ စီစဉ်ပြီးလို့သာ၊ ဒီမှာတည်းလည်းဖြစ်ပါတယ်"

ဧည့်သည်တွေအထဲမှာ ဦးတင်မြင့်၏သား ရဲထက်၏ညီဝမ်းကွဲ အောင်နိုင်ဦးနှင့်အတူ 'ဘိုဘို'ပါလာခဲ့၏။

ရဲထက်က အုန်းသီးတက်ခူးပေးရသည့်ပြင်





အုန်းရည်ကိုအဆင်သင့်သောက်နိုင်ရန် အပေါ်ကဖောက်ပေးရ၏။

ထိုအခိုက် . . .

"ဘဘက ခေါ်ခိုင်းလိုက်ပါတယ်၊ အစ်ကိုတို့ အိမ်ပေါ်ကြွကြပါရှင့်"

ဆံပင်ကုပ်ဝဲ ကော်ပတ်ရုပ်မျက်နှာလေးဖြင့် လာခေါ်သောဇင်မာကို မျက်တောင်မခတ်စတမ်းကြည့်မိသူက 'ဘိုဘို'ပါ။

"ဇင်မာ . . နင် ငါ့ မမှတ်မိဘူးလား"

ဇင်မာထက်၏မျက်တောင်ရှည်ကြီးများက ဘိုဘိုဘက်သို့ ဝဲခနဲခတ်သွားပြီးမှ . . အောင်နိုင်ဦးဘက်သို့ လှည့်ကာ . . .

"အစ်ကိုနိုင်ဦးမဟုတ်လား"

တစ်လုံးချင်းမေးလိုက်သည်တွင် ညီညာသော သွားဖြူတန်းကလေးများပေါ်လာသည်ကအစ လှပသော ဇင်မာထက်ကို ဘိုဘိုက ကြည့်နေမိ၏။

"အေး . . နင်ကမှသိသေး၊ ငါက နင့်နာမည်ကို ဘသာ ခေါ်မှမှတ်မိတာ"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



ဇင်မာက သဘောကျစွာရယ်လိုက်ရာမှ . .
'ဘိုဘို' ၏ ခပ်စူးစူးမျက်လုံးများကိုအကြည့်ရောက်ကာ ရင်ထဲ ဒိတ်ခနဲ ခုန်သွားရလေသည်။

"အုန်းရည် နောက်မှသောက်ကြလေ၊ ဆီထမင်းစား ကြွကြပါ"

ဟုပြောပြီးသည်နှင့် ကိုယ်ကလေးကို ချာခနဲ လှည့်ထွက်သွားသူလေးကို အငေးသားကြည့်မိသူက ဘိုဘိုပါ။

"အောင်နိုင်ဦး"

"ဟေ"

"ဇင်မာတဲ့လား . . နာမည်လေးနဲ့ လူကချစ်စရာကွာ"

"ဟော့ကောင် . . အဲဒါ ငါ့နှမကွ"

အောင်နိုင်ဦးက တံတောင်ဖြင့်တွတ်၏။

"သိပါတယ် . . ဘရာသာ(အစ်ကို)ရာ၊ ဘရာသာမှာ ဒီလောက်လှတဲ့နှမရှိတာ ခုမှသိရတာ နာတယ်"

"ဟော့ကောင် . . မင်း လေ,သိပ်ထွားမနေနဲ့၊ ဟိုမှာ သူ့အစ်ကိုကြားသွားမယ်ကွ"

အုန်းပင်တွေကြားထဲက ဖြတ်လျှောက်လာနေသောရဲထက်ကို မေးလေးငေါ့ပြီးပြောလိုက်မှပင် ဘိုဘို ပါးစပ်ပိတ်သွား၏။





သို့သော် . . .

ဇင်မာထက်ဆိုသောမိန်းကလေးကား ဘိုဘို ၏မျက်လုံးအိမ်ထဲတွင် စွဲထင်သွားရပါပြီ။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com









## ၈

"ကလေးက ဆယ်တန်းကို ဂုဏ်ထူးနှစ်ခုနဲ့အောင်တာ ဆိုတော့ တက္ကသိုလ်ပို့ဖို့ကိစ္စ စဉ်းစားနေကြရတာပဲ ကိုတင်မြင့်ရ"

ဇင်ရိပ်သာရှေ့ရှိသဲသောင်ပြင်ပေါ်တွင် ပက်လက်ကုလားထိုင်နှစ်လုံးဖြင့် ထိုင်စကားပြောနေကြရင်းမှ ရဲထက်၏အကြောင်းသို့ရောက်သွားရပါချေ၏။

"ဒါပေါ့ . . ကိုစိန်ကြိုင်၊ စဉ်းစားရမှာပေါ့၊ တော်တဲ့ ကလေးကို ချွန်စေချင်တယ်ဗျာ၊ အိမ်က အောင်မြိုင် ဦးတို့ကျတော့ အပေါင်းအသင်းနဲ့ပွေနေတာပဲဗျ၊ မြင်



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့ . . ခုပါလာတဲ့ကောင်ကလေးကို"

"အင်း . ."

"ဘာစဉ်းစားစရာရှိသလဲ ကိုစိန်ကြိုင်၊ ခုဆို . . စစ်တွေဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့်အထိ တိုးမြှင့်ပြီးပြီဗျ၊ ဟော . . နည်းပညာတက္ကသိုလ် ကွန်ပျူတာတက္ကသိုလ်တွေလည်း စစ်တွေမှာရှိနေပြီပဲ၊ တခြား ထွေထွေထူးထူး ဘာမှစဉ်းစားမနေနဲ့၊ အိမ်ကို သာပို့လိုက်၊ အိမ်ကနေ ကျောင်းတက်လို့ရတာပဲ"

"ဖြစ်မလားဗျာ . . မဟုတ်တာ"

"ဘာလို့မဖြစ်ရမှာလဲ၊ ခင်ဗျားက ခင်ဗျားညီနဲ့ပတ်သက်ပြီး တွေ့တော်သလို . . ကျုပ်ကလည်း ကျုပ်ညီမနဲ့ပတ်သက်ပြီး တွေ့တော်နေတာပဲဟာ"

"တစ်ယောက်တည်းမဟုတ်ဘူးနော် ကိုတင်မြင့်၊ ဇင်မာကပါ သူ့အစ်ကိုနဲ့အတူလိုက်ပြီးကျောင်းတက်မှာဆိုတော့ အဆောင်ပဲရအောင်လုပ်ပေးပါ"

"ဟာ . . . လူကြားလို့တောင်မကောင်းပါဘူးဗျာ၊ သူ့ဘကြီး ကျုပ်တစ်ယောက်လုံးရှိနေမှ အဆောင်ရှာစရာမလိုပါဘူးဗျ၊ ဒီမယ် . . ရဲထက် အိမ်ရောက်လာမှ ရဲထက်ကိုနမူနာပြပြီး ကျုပ်သားကို ပြုပြင်ယူရမှာ ကို





စိန်ကြိုင်၊ လူဆိုတာကလည်း ပတ်ဝန်းကျင်ပြုပြင်မှုက လိုသကိုးဗျ"

ကိုစိန်ကြိုင်က 'အင်း'ရှည်ကြီးဆွဲ၏။ ရဲထက်လို လူအေးတစ်ယောက်နှင့် ဒေါ်ခင်မေတို့လိုမိသားစု ဖြစ်မှဖြစ်ပါမလားဟု စိတ်ကတွေးမိလေသည်။

တက္ကသိုလ်နယ်မြေနှင့်မကျွမ်းကျင်တော့လည်း တက္ကသိုလ်ကိစ္စ ကိုတင်မြင့်တို့နှင့်တိုင်ပင်ရပါသည်။

"အေးပေါ့ဗျာ . . ဆွေရင်းမျိုးရင်းက ဒါပဲရှိတာကိုး ကိုတင်မြင့်ရ၊ ကလေးတွေမှာက မိဘချို့တဲ့နေတော့ စိတ်အားကိုက အလိုလိုငယ်နေတာဗျ၊ ဒီတော့ . . သူများအိမ်မှာနေရတယ်ဆိုပြီး စိတ်အားငယ်မှာစိုးရိမ်မိတာပါပဲ"

"ဘာ အားငယ်စရာရှိလဲ ကိုစိန်ကြိုင်ရာ၊ သူစိမ်းစကား မပြောပါနဲ့၊ ကျုပ်က သူ့ဘကြီး . . သူ့အမေရဲ့အစ်ကိုအရင်းပါဗျ"

"ဒါပေမဲ့ . . မခင်မေက ကျေနပ်ပါ့မလားဗျာ၊ ကြည်ဖြူပါ့မလား"

"ဟာ . . ဒါကတော့ ကြည်ဖြူရမှာပေါ့ ကိုစိန်ကြိုင်ရဲ့၊ ကျုပ်စကားတစ်ခွန်းပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ဗျာ . . ဒါဖြင့်လည်းပြီးတာပါပဲ၊ ရဲထက်တို့မောင်နှမအတွက် စားစရိတ်ကအစ ကျုပ်ထောက်ပံ့မယ်"

"လုပ်ပြန်ပြီ၊ မဟုတ်တဲ့စကားတွေကိုဗျာ . . မပြောပါနဲ့"

"ကျုပ်ထောက်ရမှာမဟုတ်ပါဘူး ကိုတင်မြင့်ရဲ့၊ သူတို့အုန်းခြံကထွက်တဲ့ပိုက်ဆံကပဲ နည်းတာလိုက်လို့ဗျာ၊ အုန်းခြံက သူတို့မောင်နှမအတွက်ပဲဗျ"

ဦးတင်မြင့်က ငြိမ်သွား၏။ ပြီးမှ . . သက်ပြင်းချကာ . . .

"အေးဗျာ . . ကျုပ် စပြောစဉ်ကတည်းက စေတနာပါပြီးသားပါ၊ ငွေကြေးထောက်ပံ့မှု တကယ်မလိုတာပါ"

"ခင်ဗျားစေတနာကို ကျွန်တော်နားလည်ပြီးသားပါ ကိုတင်မြင့်ရာ၊ ဒါပေမဲ့ . . ခင်ဗျားတစ်ယောက်တည်းမဟုတ်ဘူး၊ သူစိမ်းဖက်နေကြတော့ လုပ်သင့်လုပ်ထိုက်တာ လုပ်ရတယ်ဗျ၊ ပြီးတော့ . . အိမ်ထောင်တစ်ခုမှာ ဇနီးခင်ပွန်းမတိုင်ပင်ဘဲ . . ဆုံးဖြတ်ချက်ဆိုတာ မချကောင်းဘူး၊ မခင်မေကို ပြောပြစေချင်ပါ





သေးတယ်"

"စိတ်ချပါဗျာ"

ကိုတင်မြင့်က ခေါင်းညိတ်ချေသည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com









## ၉

ညီမဇင်မာထက်အကြောင်းပြောရင်း ရဲထက်
မျက်ရည်ဝဲလေသည်။

"ကိုရဲထက်"

"ဗျာ . ."

"ကုသိုလ်ကံအကြောင်းတရားက သူ့ကံနဲ့သူ လာပါတယ်၊ သူ့ကံကုန်သွားလို့ ဆုံးပါးသွားရတဲ့သူက ဆုံးပါးသွားပြီပဲရှင်၊ ဟို . . ဒီစကားကို ကြာညို့ပြောတာ ကိုယ်ချင်းမစာလို့ပြောတာမဟုတ်ဘူးနော်"

ကြာညို့သွယ်ကို ခပ်စိမ်းစိမ်းကြည့်နေသော



www.burmeseclassic.com

www.burmeseclassic.com



ရဲထက်၏မျက်လုံးများက အရောင်ပြောင်းသွား၏။ မျက်လွှာချသွားလေသည်။

"ကြာညို့ အင်မတန်ကိုယ်ချင်းစာလွန်းလို့ ပြောမိတာပါ။ ခုလို . . အမြဲမပြတ်ခံစားနေရရင် နှလုံးသားမှာ ဝေဒနာဖြစ်လာမှာစိုးလွန်းလို့ပါ"

"ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ . . ဘယ်လိုပြောရမလဲ၊ ညီမလေးဆုံးတာ ကျွန်တော်တရားခံ"

"ရှင် . . ဘယ် . . ဘယ်လို ကိုရဲထက်၊ ကားတိုက်ခံရတာဆို၊ ကိုရဲထက် အဲဒီလိုပြောခဲ့သလားလို့ပါ"

"ဪ . . ကျွန်တော်သာ စားမေးပွဲမအောင်ခဲ့ရင် စစ်တွေတက္ကသိုလ်မရောက်ခဲ့ရင် ညီမလေးလည်း စစ်တွေ ဘယ်ရောက်မလဲ၊ မရောက်ရင် ဒီဒုက္ခတွေ ဘယ်ကြုံဆုံရပါလိမ့်မလဲ၊ မဟုတ်ဘူးလား . . ကျွန်တော်ပြောတာ"

"ဟင်း . . ကိုရဲထက်ပြောပုံက သိုးငယ်ကိုအပြစ်ရှာသလိုမျိုးဖြစ်နေပြီ၊ နင်မဟုတ်ရင် နင့်အမေဆိုတဲ့ပုံပြင်မျိုးလို . . ကိုယ့်ဒုက္ခ ကိုယ်ရှာနေပြီ"

"ကြာညို့ ယ် . . ကျွန်တော်ကတော့ ဘဝနဲ့ချီပြီးခံစားရပါတယ်၊ ပိုတယ်ပဲပြောပြော . . ခံစားရလွန်းတဲ့





ဝေဒနာကိုမေ့ပျောက်ပစ်နိုင်အောင် အလုပ်နဲ့လူနဲ့ မပြတ်အောင်လုပ်နေတဲ့ကြားထဲက မမေ့နိုင်တဲ့သူပါ"

"ကိုရဲထက်ကို ကျွန်မပြောတာ မေ့ရမယ်မဆိုပါဘူး၊ အကြောင်းတိုက်ဆိုင်မှုရှိလာရင် အရာခပ်သိမ်းဟာ သတိရစရာချည်းပဲပေါ့၊ ဒါပေမဲ့ . . ဆင်ခြင်ပြီး သတိရတတ်ဖို့ . . ."

အကြည့်စူးစူးကို မြင်ရပြန်၏။

ကြာညိုသွယ်က စကားစကိုဖြတ်၏။

ထိုင်ရာက ထ၏။

ဇင်မာထက်၏ဂူပေါ်ရှိ အမှိုက်သရိုက်များကို ဖယ်ပေးလေသည်။

"ပန်းလေးများဟာ ဖူး၊ ဖူးရာက ငုံ၊ ငုံရာက ပွင့်၊ ပွင့်ရာကကြွေကျရစမြဲပါ ကိုရဲထက်၊ သစ်ရွက်စိုလေးများ တောင်ခြောက်ေ သွားရသေးတာပဲ၊ မှာ ရွက်ကြွေကျသွားတဲ့ စ်ကိုင်းအိုကြီးတွေဟာ မိုးဦးကျလာတော့လည်း ရွက်နုလေးတွေ ဝေလို့၊ ကြာညိုတို့တစ်တွေ သစ်ကိုင်းအိုကြီးအတွက်တွေးပြီး ဝမ်းနည်းပူဆွေးနေခဲ့ရရင် မခက်ပါလား"

ရဲထက်က ပင့်သက်မှုင်းမှုင်းချလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲထက်ရဲ့ညီမလေးဟာလည်း ခုဆိုရင် တစ်နေရာရာမှာ ပြန်လည်တွယ်မှီနေလောက်ပါပြီ"

ရဲထက်၏ ဖျတ်ခနဲအကြည့်ကို မသိချင်ယောင်ဆောင်နေလိုက်၏။ သို့သော် . . ခပ်မှဲ့မှဲ့အပြုံးကိုမြင်ရလေသည်။

"ကြာညိုက စကားပြောကောင်းလွန်းတယ်ဗျာ"

"ကြာညိုလည်း ကိုရဲထက်နဲ့ထပ်တူ ခံစားမိပါတယ်၊ ဒါပေမဲ့ . . ကိုရဲထက်ရယ် ကံအကြောင်းတရားကို ကြာညိုတို့ တားလို့ရမလား"

"ဖြစ်လာမှာကို ကြိုတင်သိလို့ကတော့ ကောင်းသားပေ့၊ ဖြစ်ပြီးတာကို မဖြစ်စေချင်စိတ်နဲ့ ဝေဒနာဖြစ်နေလို့ကတော့ မထူးတော့ဘူးလေ"

"ကျွန်တော့်ညီမအဖြစ်တွေကို ကျွန်တော့်ထက်ပိုပြီး ကြာညို မသိလို့ပါ၊ အေးဗျာ . . ကြာညိုပြောတာ မှန်ပါတယ်၊ ကျွန်တော် ခံစားချက်တွေ လွန်သွားတယ် ထင်ပါရဲ့၊ ကိုင်း . . သွားမယ်၊ ဟိုမှာ . . ငုဝါ ကျွန်တော်တို့ကိုလာခေါ်တာထင်တယ်"

ရဲထက် မေးဆတ်ပြရာသို့ ကြည့်လိုက်၏။ ငုဝါ ပြေးလာပုံက လှပလေသည်။





"ငုဝါကိုကြည့်ရတာ ကိုရဲထက်ကို အတော်ခင်ပုံပဲ"

"ညီမတစ်ယောက် အစားထိုးကောက်ရထားတာပဲလို့ ကျွန်တော်သဘောထားတယ်"

ငုဝါ အနားသို့ ခဏအကြာ ရောက်လာ၏။

"အစ်ကိုကလည်း ကြာလိုက်တာ၊ သူများဖြင့် ထမင်းပွဲပြင်ပြီးမျှော်လို့"

"ငါ ထမင်းမစားတော့ဘူး ငုဝါ"

"ဟောတော့ . . ဒီကဖြင့် သူ လာမယ်ဆိုလို့ ဟင်းတွေ ချက်ထားလိုက်ရတာ စုံလို့"

"နေဝင်သွားပြီ၊ မကြာညိုပြန်ဖို့ နောက်ကျနေမယ်"

"လုပ်ပြီ . . အဲဒီအစ်ကိုတ"

ငုဝါ၏ မျက်စောင်းလှဲ့လှဲ့ကိုမြင်ရ၏။

သုံးယောက်ယှဉ်တွဲ၍ ပြန်လျှောက်လာသည်တွင် အုန်းခြံကြီး၏ထောင့်စွန်းတွင်ဖြစ်သဖြင့် ခြံထဲရှိအိမ်ကြီးဆီသို့ ပြန်လည်လျှောက်လှမ်းရသည်ကပင် မနီးလှ၏။

"ကိုင်း . . ကြာညိုရေ . . အမောပြေ အုန်းစိမ်းရေသောက်ဗျ၊ ဩော် . . ငုဝါ . . ဖန်ခွက်နဲ့ထည့်ပေးပါလား"

"အို . . နေ နေ၊ ဖန်ခွက်နဲ့မထည့်နဲ့ ငုဝါ၊ ဒီအတိုင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



မော့မယ် . . ကိုရဲထက်လိုလေ"

အုန်းစိမ်းကို ထိပ်နည်းနည်းဖြတ်ကာ အပေါက်ဖောက်ထားသည်မှ မော့သောက်ချလိုက်၏။

အုန်းစိမ်းရေများက ကြာညိုသွယ်၏ပါးပြင်သို့ စီးကျလာသည်ကိုကြည့်ကာ ငဝါက ရယ်၏။ ရဲထက်က ပြုံး၏။ ကြာညိုသွယ်က သူ့ဘာသာသူ သဘောကျတာ အားရပါးရ ရယ်ပါ လေသည်။

♠ ♠ ♠





## ၁၀

တိတ်ဆိတ်နေသော ညချမ်း တွင် ပင်လယ်ရေလှိုင်းပုတ်သံကို ကျယ်စွာကြားရ၏။

ပင်လယ်ဘက်သို့မျက်နှာမူကာ ရေနွေးကြမ်းနှင့်လက်ဖက်သုပ်စားနေကြသောဦးမောင်[illegible]င်တို့မိသားစုနှင့် ကြာညိုသွယ်မှာ ဂစ်တာစမ်းသံကြောင့် အာရုံစိုက်မိလျက်သားဖြစ်သွား၏။

မကြာမြင့်မီမှာပင် . . ကဗ္ဗနသီချင်းကိုသီဆိုလိုက်သံက ကြည်လင်စွာပေါ်ထွက်လာချေ၏။ ထွန်းသွန်းက ထိုင်ရာက ထ၏။ နောက်ဖေးဆောင်ဘက်သို့ကြည့်၏။

www.burmeseclassic.com



"ဟော . . အဲဒါ . . အစ်ကိုရဲထက်အသံဗျ"

ထွန်းထွန်းက ပြောပြောဆိုဆို အိမ်လေးဆီသို့ပြေး၏။

"ဟဲ့ . . ထွန်းထွန်း၊ နင် နေရာတကာပါ"

ဒေါ်သုံက လှမ်းဟန့်၏။

ထွန်းထွန်းက လှည့်မကြည့်ဘဲ တစ်ချိုးတည်း ပြေးပါလေသည်။

"သွားပါစေ ဒေါ်သုံ၊ သွားပါစေ"

ဦးမောင်တင်က ဒေါ်သုံကို ခေါင်းယမ်းပြ၏။

"ဒီသူငယ်ကတော့ ဘက်စုံတော်တာပဲကွဲ့ နော်"

"ဂစ်တာတီးမလား၊ ကားမောင်းမလား၊ အုန်းပင်တက်လား၊ အမယ်လေး . . အဲဒါမျိုးများ ဝတ္ထုထဲဖတ်ရရင် ဇာတ်လိုက်ကို စာရေးဆရာက အံမွှန်းတင်လိုက်တာလို့ဆိုမှာပဲ၊ ခု မျက်မြင်တွေ့နေရတာကိုတောင် ရင်ထဲမှာတစ်မျိုးရှင့်နော်"

နှလုံးရောဂါသည်ပီပီ ဝတ္ထုတစ်လှည့်၊ တရားစာအုပ်တစ်လှည့်ကိုင်ကာ ငြိမ်သက်စွာနေရသော ဒေါ်စိန်ကြည်ကဆိုချေ၏။

"အဲဒါကြောင့် ပြောတာပေါ့ မကြည်ရဲ့၊ တကယ့်အ





ဖြစ်တွေက အင်မတန်ဆန်းကြယ်ပါတယ်ဆို"

ကြာညိုသွယ်က ထိုင်ရာက ထလာခဲ့၏။ မိမိအိပ်ခန်းသို့ပြန်လာကာ ပြတင်းတံခါးရှိ မှန်ချပ်မှ ကြည့်မိ၏။

အို . . ဟုတ်ပါရဲ့ . . .

ရဲထက်က ၎င်း၏အိမ်ပြတင်းပေါက်ဘောင်ပေါ်တက်ထိုင်ကာ ဂစ်တာတီး သီချင်းဆိုလျက်ပါ။

"ရှုပါရုံမှာ လွန်ကျော့ရှင်းတယ် . . ခြောက်ပြစ်ကင်းစွာအဆင်းသာ ချစ်ချင်ဘွယ် . .
သဏ္ဌာလီ . . အိပ်ရာခန်း . . စိတ်က မှန်းလို့တမ်းတမိတယ်၊ မောင့်ရွှေရင် ဘဝင်ထဲ စွဲတယ် . . .
အသားတော် ကဥ္စန ခင်ခင်ပျိုအလှရယ်"

မှန်ချပ်မှာ ပေါ်ထင်လာသောအရိပ်ကို ထွန်းထွန်းမြင်သွား၏။ ထို့ကြောင့် ကိုရဲထက်ကိုလက်တို့ကာ မေးလေးဆတ်ပြ၏။

ကြာညိုသွယ်ကို ရဲထက် မြင်သွားချေပြီ။

"လှရက်ပါပေ့ကွယ် . . အချစ်ဦးလေးရဲ့ ခွင့်တောင်းမယ် . . ပေါင်းရပါစို့ကွယ်၊ ဆယ်ကမ္ဘာရည်စူးကာပရွှယ် . . လှရက်ပါပေ့ကွယ်"

ကြာညိုသွယ်၏ရင်မှာ ခုန်နေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

တစ်ခါမျှ မဖြစ်ပေါ်ဖူးသော ခံစားချက်လှိုင်း၏လှုပ်ခတ်ခြင်းကို ခံနေရ၏။

"ကိုရဲထက်"

ဩော် . . သူသည် ကြာညို၏နှလုံးသားများကို စိုးမိုးစေပြီထင်၏။

ရဲထက်က သီချင်းအဆုံးအထိဆိုကာ အသံကို ညင်သာစွဲဆွဲချလိုက်၏။ မျက်လွှာပင့်အကြည့် မှန်ရိပ်မှာ ကြာညိုသွယ်ကိုမမြင်ရတော့ပြီ။

"အစ်ကိုက အသံကောင်းတယ်ဗျ"

ထွန်းထွန်းကို ပြုံးပြလိုက်မိ၏။

ပြတင်းပေါက်မှာ ထိုင်နေရာက ကိုယ်ကိုလျှော့ချလိုက်၏။ ရင်ထဲမှာ တင်းကျပ်နေသော ဝေဒနာက အတန်ငယ် ပေါ့ပါးသွားသလိုရှိ၏။

"ဆိုပါဦးဗျ . . အစ်ကိုရ"

"တော်ပါကွာ . . တော်နေကြာ . . ခဲနဲ့ပေါက်နေပါ့မယ်"

ပြောရင်း . . လက်က 'ခဲနဲ့ပေါက်' သီချင်းသားကို တီးခတ်လိုက်၏။





"မင်းရော တီးတတ်လား ထွန်းထွန်း"

ထွန်းထွန်း ခေါင်းခါ၏။

သို့သော် . . ဂီတာကို မက်မောစွာကြည့်နေလေသည်။

"ရော့ကွာ . . စမ်းကြည့်"

ထွန်းထွန်းက ဂီတာကိုယူကာ တီးကြည့်နေလေသည်။

ရဲထက်က ကြာညိုသွယ်၏အိပ်ခန်းကိုစောင်းငဲ့ကြည့်မိ၏။

ကြာညိုသွယ်ကို အရိပ်မျှမမြင်ရပါ။

ရဲထက်က မျက်စိကိုမှိတ်မိ၏။

ညနေက အုန်းခြံထဲရှိ ညီမလေး၏ ဂူရှေ့မှာ မိမိနှင့်ကြာညို စကားပြောခဲ့သည်ကို ပြန်လည် မြင်ယောင်မိ၏။

မိမိကို နှစ်သိမ့်ဖျောင်းဖျရှာသော ကြာညိုသွယ်။

ဩော် . . ကြာညိုရယ် . . .

ညီမလေးက ကျန်းမာရေးမကောင်းလို့ဆုံးရှာတယ်ဆိုရင် ဖြေသာပါတယ်။

ခုတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းမောကိုချမိ၏။

မဖြေသာသောစိတ်မောလေးမှာ ညီမလေး၏အရိပ်က ပေါ်လာရပြန်လေသည်။

♠ ♠ ♠





၁၁

အချိန်ကာလများက လျင်မြန်စွာကုန်ဆုံးသွား၏။ ယခင်က သောင်ပြင်မှာဆော့ကစားခဲ့ရှိသော ညီမလေးက ယခုမူ ဒေါ်ခင်မေ၏ကြီးကြပ်မှုအောက်တွင် အိမ်တွင်းမှုလုပ်၊ ကျောင်းတက်ရင်းဖြင့် တက္ကသိုလ်ကျောင်းသူဖြစ်တာ အလှသွေးကြွယ်နေခဲ့ပါပြီ။

ရဲထက် သက်ပြင်းတစ်ချက်ကိုချမိ၏။

"ညီမလေး"

"ရှင် . . ကိုကို"

"နင့်မှာ ရည်းစားတွေ ဘာတွေရော ရှိနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ကိုကိုကလည်း"

ဇင်မာ၏မျက်နှာမှာ ရှက်သွေးလေး ဖြာသွားရပါ၏။

"ငါတို့မှာ မောင်နှမ,နှစ်ယောက်တည်းရှိတာ ဇင်မာ၊ နင့်ကိုထိန်းရမယ့်သူက ငါပဲရှိတယ်၊ ဒါကြောင့် ငါမေးတာပါ"

"မရှိပါဘူး ကိုကိုရဲ့"

"အေး . . မရှိရင်ပြီးရော၊ တို့မှာက မိဘရှိတော့တာမဟုတ်ဘူး၊ ဒီတော့ အနေအထိုင်အသွားအလာဆင်ခြင်စေချင်တယ်"

"ဟာ . . ကိုကိုကလည်း ဇင်မာဘာလုပ်လို့လဲ"

"အေး . . ခု မလုပ်ပေမယ့် နောက်လုပ်မှာစိုးလို့ ငါပြောနေတာ၊ ပြီးတော့ . . နင့်မှာ ဘာအတွေ့အကြုံမှရှိတာမဟုတ်ဘူး၊ ဒါကြောင့် . . ငါ့မှာ ပူပင်ရတယ်"

"ကိုကို့ကို ဘယ်သူက ဘာပြောလို့လဲဟင်"

ဇင်မာ၏မျက်မှောင်ကုပ်ကုပ်လေးကို မြင်ရ၏။

"နင် ပေလီမြန်တုန်းက နင့်ဆီ ဘယ်သူလာသလဲ"

ဇင်မာ၏မျက်နှာလေး ရဲသွား၏။





"အစ်ကိုနိုင်ဦးပါ"

"နိုင်ဦးတစ်ယောက်တည်းဟုတ်ရဲ့လား"

ဇင်မာ ခေါင်းလေးငုံ့သွား၏။ ရဲထက်က စားပွဲပေါ်တစာကိုယူပေး၏။

ဇင်မာက ရဲထက်ကို နားမလည်သလိုကြည့်တာ စာကိုထုတ်ယူဖတ်လေသည်။

လူလေ . . .

ဘဘ စာရေးလိုက်ပါတယ်၊ လူလေးတို့မောင်နှမ ကျန်းမာချမ်းသာစေဖို့ ဘဘ မေတ္တာပို့သလျက်ပါ။ မင်းတို့ကြီးကြီး သဲညာကတော့ ချောင်းဆိုးတာ ညညဆို အိပ်ရတယ်တောင်မရှိဘူးကွဲ၊ အသက်တွေကလည်းကြီးလာတော့ တစ်ခုမဟုတ်တစ်ခု ချွတ်ယွင်းနေတော့တာပဲကွယ်။

မင်းရော စာလိုက်နိုင်ရဲ့လား၊ တစ်နှစ်တစ်တန်း မှန်မှန်အောင်ဖို့ အရေးကြီးပါတယ်ကွယ်၊ မင်းအဖေဖြစ်စေချင်တဲ့ ပညာတတ်တစ်ယောက်ဖြစ်လာတာ တို့မျှားဝမ်းသာနေရပါတယ်၊ အတန်းကုန်ရင်တော့ အတိုင်းထက်အလွန်ပေါ့။

အေး . . ငါ ခုစာရေးတာ တခြားမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွဲ့၊ နွေကျောင်းပိတ်ရက်က ဇင်မာ စစ်တွေကနေ ပြန်လာတာလေကွာ၊ မင်းက ကျောင်းမပိတ်လို့ နေခဲ့ရ ပါရောလား။

အဲဒါ . . . အောင်နိုင်ဦးနဲ့ ကောင်လေးတစ် ယောက်ပါလာတယ်၊ အောင်နိုင်ဦးက မောင်နှမဝမ်း ကွဲပဲ၊ ငါပြောချင်တာက . . ပါလာတဲ့ကောင်လေးကို တယ်မကြိုက်ချင်ဘူး။

ဇင်မာနဲ့များ တစ်ခုခုပတ်သက်နေမလားလို့ ကွာ၊ အဝေးရောက်နေတော့လည်း ပူပင်နေမိတာပဲ၊ တို့ဆီမှာတော့ တတွဲတွဲနဲ့ပဲ၊ အင်မတန်ရင်းနှီးပုံပဲ လူ လေ၊

လူငယ်ဆိုတာမျိုးက သိပ်နီးစပ်လွန်းရင် မ ကောင်းဘူး၊ ဒါကြောင့် မင့်ညီမကို ထိန်းပေးပါ၊ မသင့် လျော်တဲ့သူတွေနဲ့မတွေ့ရအောင် သွန်သင်ပါ၊ သဲညာ ကတော့ ကောင်လေးပုံစံကို မကြိုက်ဘူးတဲ့၊ မျက်နှာ များမယ့်ပုံတဲ့တွ။

အေးလေ . . ငါကတော့ သိအောင်ရေးတာ ပါ၊ မင်းလည်း ကျန်းမာရေးဂရုစိုက်ကွ၊ စာချည်းပဲ လည်း ဖိကြိုးစားမနေနဲ့၊ ကျန်းမာရေးကောင်းမှ စာ





ကျက်နိုင်မှာ . . .

ဒါပါပဲ . . သားရယ်၊ မအားရင် စာမရေးနဲ့၊ ရပါတယ်။

ကျန်းမာချမ်းသာကြပါစေ . . .

ဘဘ

စိန်ကြိုင်

ဇင်မာ သက်ပြင်းချ၏။

စာကိုပြန်ခေါက်၏။ ထို့နောက် . . တိုးညင်း စွာဖြေလေသည်။

"လိုက်လာတဲ့သူက ကိုနိုင်ဦးသူငယ်ချင်း ဘိုဘိုပါ ကို ကို၊ ပထမတစ်ခေါက်လာတုန်းက ဘိုဘို့ကို ကိုကို မြင်ဖူးသားပဲ၊ ခုလည်းသူ့ဘာသာသူ လိုက်လာဂာ ဘာတတ်နိုင်မှာလဲ"

"အေး . . မတတ်နိုင်ပေမယ့် မပတ်သက်ဘဲ နေလို့ရ ရင် နေပါ ညီမလေး၊ လူတွေက ခုမှတွေ့ရတဲ့လူစိမ်း တွေ၊ ရင်းနှီးခင်မင်စိတ်နဲ့ အရိုးခံအတိုင်းပေါင်းလို့မရ ဘူး၊ ငါ့ညီမက ငယ်သေးတယ်"

ဇင်မာက ခေါင်းငုံ့ရင်းမှ မျက်ရည်ကျ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဘာလို့ ငိုရတာလဲ"

"သူများလည်း ဘာမှမလုပ်ဘဲနဲ့ ကိုကိုကဆူတာကိုးလို့"

"ဟ . . ဆူတာလားဟ၊ ဆုံးမတာကို"

"တော်ပါ . . ကိုကို့ကို မချစ်တော့ပါဘူး . . သိလား၊ မချစ်တော့ပါဘူး"

ဇင်မာက မျက်ရည်ပေါက်ပေါက်ကျရင်းမှ ခြေဆောင့်ကာထွက်သွား၏။ သြော် . . ခက်ရပါလား ညီမလေးရယ်၊

ရဲထက် သက်ပြင်းချမိလေသည်။

♠ ♠ ♠





၁၂

"ဇင်ဇင်"

"ဟော . . အစ်ကိုနိုင်ဦး"

ဇင်မာက မီမီအိပ်ခန်းထဲ စာကျက်နေရာမှ တဖျာကယာထွက်လာခဲ့၏။

"ဘာလဲဟင်၊ ဇင်မာ ဘာလုပ်ပေးရမလဲ"

"မဟုတ်ပါဘူးဟ၊ ဟိုကောင် ဘိုဘိုလာနေတယ်၊ နင်နဲ့ တွေ့ချင်လို့တဲ့"

"ဟာ . . ဘာလုပ်ဖို့လဲ၊ ဇင်ဇင် စာကျက်နေတယ်လို့ ပြောလိုက်ပါ ကိုနိုင်ရာ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်းဟာ စျေးကိုင်လိုက်တာ"

အစ်ကိုအောင်နိုင်ဦးတို့အိမ်မှနေ၍ ဇင်မာတို့က ကျောင်းလာတက်နေရသဖြင့် ဘိုဘိုနှင့် ပိုမို ရင်းနှီးဖို့ဖြစ်လာလေသည်။

"စျေးကိုင်တာမဟုတ်ဘူး ကိုနိုင်ရဲ့ ကိုကိုက သူများကို ဆူမှာသိလား"

"ဟ . . မိတ်ဆွေချင်းစကားပြောတာ ဆူစရာလားဟ၊ လာပါ . . ကိုရဲ့ထက် စောစောလေးကတင် မေမေနဲ့ အပြင်ထွက်သွားတာ ငါ မြင်ပါတယ်"

"ဟင် . . ကိုကိုက အန်တီမေနဲ့ဘယ်တုန်းကအပြင် ထွက်ဖူးလို့လဲ"

"အပြင်ထွက်လည်တာတော့ ဘယ်ဟုတ်ပါ့မလဲဟ၊ ကားမောင်းတဲ့ဦးလေးမလာလို့ ကိုရဲ့ထက်ကို ကား မောင်းဖို့ခေါ်သွားတာ"

"ခြော် . ."

"ကဲ . . လာပါဟ . . နင်ကလည်း"

"အို . . ကိုနိုင်ကလည်း"

ပြောရင်းဆိုရင်းမှပင် ကိုနိုင်ဦးလက်ဆွဲခေါ်ရာသို့ ဇင်မာ ပါသွားရလေ၏။





"ဟောဒီမှာ . . လာပါပြီဗျာ"

ခြံထဲကကွပ်ပျစ်မှာ ဘိုဘိုကိုတွေ့ရ၏။ ဘိုဘိုက ထုံးစံအတိုင်း ပြုံးထေ့ထေ့ကြည့်၏။

"လာပါ၊ ထိုင် . . ဇင်ဇင်"

သူ့အနားမှာ နေရာပေး၏။

"အို . . မထိုင်ပါဘူး၊ ဇင်မာ စာကျက်နေတာ၊ ကိုဘိုဘို တို့မှာ ကိစ္စရှိလို့လား"

"ကိစ္စ ဟုတ်လား၊ ကိစ္စရှိမှပဲ တွေ့ရမှာလား ဇင်မာ ရယ်"

"ကိုဘိုဘို သိပ်ဆိုးတာပဲ၊ သူများကျောင်းလွှတ်ချိန်လာ လာပြီး နှောင့်ယှက်တာလည်း မကောင်းဘူး၊ သူငယ် ချင်းတွေက တစ်မျိုးထင်ကုန်ပြီ သိလား"

ပြောရင်းက အောင်နိုင်ဦးကို ရှာကြည့်၏။

ဘုရား . . မြတ်စွာ . . .

အောင်နိုင်ဦး ဘယ်ရောက်သွားလဲရှာမတွေ့ ပါ။

"ထင်ထင်ပေါ့ . . ဘာဖြစ်လဲ"

"ဒါပေါ့ . . ကိုဘိုဘိုက ယောကျ်ားလေးကိုး၊ ပြောမှာ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဇင်မာ၊ ဒီသဘောနဲ့ပြောတာမဟုတ်ရပါဘူး၊ ကိုယ်က ဇင်မာ့ကို တစ်နေ့မတွေ့ရရင် မနေနိုင်အောင်ဖြစ်နေမိတာပါ၊ ခုပဲကြည့်လေ . . ကျောင်းပိတ်ရက်မှာမတွေ့ရလို့ အိမ်တောင်လိုက်လာခဲ့ပြီပဲ"

"ဇင်မာ သိပ်စိတ်ညစ်တာပဲ ကိုဘိုဘိုရယ်၊ ကိုကိုဆူလိမ့်မယ်၊ မနှောင့်ယှက်ပါနဲ့"

"ဩော် . . နှောင့်ယှက်တယ်လို့ပဲဗျာ၊ ရက်ရက်စက်စက်မပြောပါနဲ့၊ ဇင်မာ့ကိုစတွေ့ကတည်းက မျက်စိထဲကမထွက်အောင်ကို စွဲလာခဲ့ရတာပါဗျ၊ ပေလီပြန်တုန်းက လိုက်လာခဲ့တာတောင် ခါးခါးသီးသီးမဖြစ်ဘဲခုမှ ဘယ်လိုဖြစ်ရတာလဲဗျာ"

"အဲဒီ ပေလီကိုလိုက်လာကောင်းလို့ပေါ့၊ ဘဘက ကိုကို့ကို စာရေးပြီးတိုင်တယ်၊ ကိုကိုက ဆူတယ် . . သိလား"

"ဟင် . . ဆူတယ်"

"ကိုကိုက အင်မတန်အေးတာ ကိုဘိုဘို၊ ရှုပ်ရှုပ်ယှက်ယှက်လုပ်တာမျိုး ဘယ်ကြိုက်မလဲ"

"ဟောဗျာ . . ရှုပ်ရှုပ်ယှက်ယှက်လုပ်တယ် ဟုတ်လား၊ ပြောရက်လိုက်တာဗျာ၊ တမင် နာအောင်ပြော





တာလား ဇင်ဇင်"

"နာအောင်ပြောတာတော့ မဟုတ်ပါဘူး၊ ပြောတတ်သလိုပဲ ပြောတာပါ"

"ဇင်ဇင်"

ဇင်မာက မျက်လွှာလေးလှန်ကြည့်လိုက်၏။ မိမိကိုစူးစိုက်ကြည့်နေသော ဘိုဘို၏အကြည့်စူးစူးက ရင်ထဲစိမ့်ဝင်သွားသဖြင့် ခေါင်းငုံ့လိုက်လေသည်။

"ဇင်ဇင့်ကို ကျွန်တော်ချစ်တယ်၊ သိပ်ချစ်တယ်ဗျာ"

ဇင်မာက ပင့်သက်ချ၏။

"ကိုယ့်ကို မယုံဘူးလား ဇင်ဇင် . . ဟင်"

"တက္ကသိုလ်မှာ ဇင်မာ့ထက်ချောတာလှတာတွေ ရှိတာပဲဟာ"

"ဘာဆိုင်လဲ၊ ကိုယ်ချစ်တာက ဇင်ဇင်ပဲဟာ"

"ဇင်မာသွားတော့မယ်"

"ဟာ . . နေပါဦး"

"အို . . ."

ဘိုဘိုက ဇင်မာ့လက်ကိုလှမ်းဆွဲလိုက်၏။ ဇင်မာ မျက်လုံးလေး ဝိုင်းဝိုင်းလည်ကာ လန့်ရပါပြီ။

"လွှတ်ပါ . . ကိုဘိုဘို၊ ဟိုမှာ ကိုအောင်နိုင်ဦး မြင်



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်"

"ချစ်တယ်လို့ပြောမှ လွှတ်မယ် ဇင်ဇင်"

"ဟင့်အင်း . . ဇင်ဇင်ကြောက်တယ်"

"ချစ်တယ်လို့သာဖြေလိုက်ပါ၊ ဘာကြောက်စရာရှိသလဲ"

"ဇင်မာ နားမလည်ဘူး"

"ဇင်ဇင်"

"လွှတ်ပါ . . ကိုဘိုဘို၊ ဟော . . ကို . . ကိုကိုပြန်လာပြီ တွေ့လား၊ ကားဝင်လာပြီ"

"ချစ်တယ်လို့ဖြေမှ"

"ဪ . . ခက်လိုက်တာနော်"

ပြောရင်းမှ ကြောက်စိတ်ဖြင့် ဇင်မာ၏ရင်တဒိန်းဒိန်းခုန်နေ၏။ ရဲထက်မောင်းလာသောကားက ဆင်ဝင်အောက်မှာထိုးရပ်လိုက်ပါပြီ။ မိမိကို ခြံထဲမှာ ဘိုဘိုနှင့်သာမြင်သွားပါက . . .

"ဇင်မာ့ကို လွှတ်ပါ၊ ဇင်မာ . . ကို . . ကိုဘိုဘို့ကို ချစ် . . ချစ်ပါတယ်"

တုန်တုန်ယင်ယင်လေးဖြေပြီးနောက် ဘိုဘိုက ဝမ်းသာအားရလွှတ်လိုက်သည်နှင့် ဇင်မာ နောက်ဖေး





ချောင်သို့ဝင်ပြေးလေသည်။ ဒီကစလို့ ဘိုဘိုနှင့်ဇင်မာ ချစ်ကြိုးသွယ်မိသည်ပါ။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com









## ၁၃

နွေရက်လေးများ တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးသွား၏။ ဇင်မာကား ပထမနှစ်ကို မထင်မှတ်ဘဲ ကျလေသည်။

ဇင်မာ တအင့်အင့်ရှိုက်ငိုနေသောအခါ ရဲထက်ပါ မျက်ရည်ဝဲရ၏။

"ကြိုးစားရက်နဲ့ကျတာပဲ ညီမလေးရာ၊ ဘယ်တတ်နိုင်ပါ့မလဲ၊ မဟုတ်ဘူးလား"

"ညီမလေး ရှက်တာပါ ကိုကိုရာ၊ သိပ်ရှက်တာပဲ သိလား"

"ညီမလေးကို ကိုကိုပြောသားပဲ၊ ဘယ်ဘာသာမှာ လို



www.burmeseclassic.com

www.burmeseclassic.com



သလဲ၊ လိုတဲ့ဘာသာ ကျူရှင်တက်ပါလို့၊ တက်လည်း တက်နိုင်ခဲ့တာပါပဲ"

"ဟုတ်ပါတယ် ကိုကို"

"အေး . . ဒီကြားထဲကကျတော့ ကံအကြောင်းတရားပေါ့ ဘယ်တတ်နိုင်မလဲ၊ မဟုတ်ဘူးလား"

"ဇင်မာ ဘာလုပ်ရမှန်းတောင်မသိတော့ပါဘူး ကိုကိုရယ်"

"ဘဘတို့သိရင်လည်း စိတ်ကောင်းမှာမဟုတ်ဘူး၊ သူတို့က တို့မောင်နှမကို သိပ်ဖြစ်ထွန်းစေချင်တာ"

"ဇင်မာ အသုံးမကျတာတွေပါ ကိုကို၊ ဇင်မာ အသုံးမကျတာပါ"

"ဟဲ့ . . ဒီလိုလည်း ပြောလို့တယ်ရမလဲ ညီမလေးရာ၊ တက်ခက်ပါလား၊ ကိုင်း . . ဒီနှစ်ကြိုးစား၊ ကျူရှင်တက်ပြီး ဖြေတွာ၊ ဒီနှစ်အောင်မှာပေါ့ . . ဟုတ်လား"

ဇင်မာက မျက်ရည်ကျရာက ခေါင်းညိတ်၏။

ထိုသို့ဖြင့်ပင် . . .

ဇင်မာ ကျူရှင်တက်ခြင်းက . . .

ဘိုဘိုနှင့်တွေ့ဆုံရန် ပိုမို၍အခွင့်အရေးရခဲ့၏။





စာမေးပွဲကျစဉ်အချိန်ကာလတွင်သာ အားခဲကြိုးစားလိုစိတ်လျှမ်းလျှမ်းတက် ပေါ်ထွက်ခဲ့သော်လည်း . . .

အချိန်ကာလဟူသော စက်ယန္တရားကြီးက ထက်ကြွနေသောစိတ်ကို ငြိမ်သက်စေသည်နှင့်အမျှ ချစ်သူ၏လိုအင်ဆန္ဒအတိုင်း ကျူရှင်တက်ရမည့်အချိန် . . .

နေ့ကျောင်းတက်ရမည့်အချိန်များတွင် ဘိုဘိုနှင့် နှစ်ကိုယ်တူယှဉ်တွဲလည်ပတ်၍မဆုံးချိန်မှာပင် ဘိုဘို၏အဖေက အလုပ်ကိစ္စဖြင့် ရန်ကုန်ရွှေ့ပြောင်းရသဖြင့် ဇင်မာနှင့် ဘိုဘိုတို့ အနေဝေးသွားရလေသည်။

ထိုသို့ဖြင့် . . .

"ဇင်မာ . . စိတ်မဆိုးနဲ့နော်"

"အမယ်လေး . . စကားတွေ ဘာတွေခံလို့ ပြောစရာရှိတာ ပြောပါ မသိဂီရာ"

"တခြားမဟုတ်ဘူးလေ၊ ဘိုဘို့အကြောင်း ပြောချင်တာဆိုတော့ စိတ်ဆိုးမှာစိုးရတာပါ"

"ဘိုဘို့အကြောင်း"

"ဟုတ်တယ်"

"ကဲ . . ပြောကွာ"

"ကိုယ့်မမက ရန်ကုန်တက္ကသိုလ်မှာ ကျောင်းတက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ အဲဒါ . . သူပြောလို့သိရတာ၊ ဘိုဘိုက ကောင်မလေးတွေနဲ့ အတွဲများနေတယ်၊ အဲဒါ . . စုံစမ်းစမ်းကြည့်ဦး"

"ဟင်"

ဇင်မာ မျက်လုံးလေး ဝိုင်းဝိုင်းလည်သွား၏။

"သေချာလို့လား သိဂ်ီရယ်၊ ဟုတ်ရဲ့လား"

"ဟုတ်တယ်၊ မမတ ဘိုဘို့ကိုသိနေလို့ ကိုယ်နဲ့စကားစပ်မိရာက ပြောပြတာ၊ အခု တွဲနေတာက မမသူငယ်ချင်း ခင်မိမိနိုင်တဲ့"

"ခင်မိမိနိုင်"

"ခင် . . မိ . . မိ . . နိုင်"

ဇင်မာက တစ်လုံးချင်းရေရွတ်မိကာ မျက်ရည်ဝဲလာလေသည်။ ဩော် . . စာမေးပွဲပြီးတာနဲ့ ဇင်မာနဲ့လက်ထပ်ချယ် ကတိပေးထားသူက . . . သစ္စာဖောက်ပြီလား။

ဘိုဘို့ဆီစာရေးမေးတော့ ဘိုဘိုက မဟုတ်ရပါဘူးဟု ငြင်းဆို၏။ စာမေးပွဲပြီးမှ ဇင်မာနှင့်လက်ထပ်မည်ဟု ထပ်၍ ကတိပေးလေသည်။

♠ ♠ ♠





၁၄

ဇင် . . အချစ်ရေ . . .

ဇင် စာကျက်နေတဲ့ရက်အတွင်း 'ကို'စာရေးကျဲတာ ဘယ်လိုမှ မအောက်မေ့နဲ့နော် . . .

ဇင် စာမေးပွဲဖြေတဲ့နောက်ဆုံးရက်မှာ စစ်တွေကိုလာခဲ့မယ်။

စာမေးပွဲအောင်အောင် ကြိုးစားအချစ်ရယ်၊ စာကြိုးစားကျက်၊ ဒါမှ ကိုယ်တို့လက်ထပ်ရင် ကွင်းစကွင်းပိတ်နဲ့ တွဲတွေပါထည့်လို့ရမှာ၊

ကိုအချစ် အောင်ပန်းဆွတ်ခူးနိုင်ပါစေလို့ ကို



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းနေပါ့မယ်။

စာကျက်နေရာမှ ဘိုဘို၏စာလေးကိုပြန်လည်ဖတ်ပြီး ဇင်မာ၏မျက်နှာလေးက ပြုံးလာလေသည်။ ထို့နောက် . . မျက်လုံးလေးမှေးစင်းကျလေသည်။

♠ ♠ ♠

"ဇင်မာရယ် . . ကြည့်ပါဦး လှလိုက်တာ၊ ကြွေရုပ်ကလေးကျနေတာပဲ"

ဇင်မာ၏ မျက်ခုံးမွေး သေးသေးပါးပါး အတန်းလေးပေါ်သို့ ထပ်မံမွှမ်းမံခြယ်သလိုက်သောအခါ၌ကားဘီးဆံထုံး ပုံ့ပုံ့လှလှလေး ထုံးထားသောအလှမှာ ပြီးပြည့်စုံခြင်းသို့ရောက်လေ၏။

ဇင်မာက ကိုယ်လုံးပေါ်မှန်ကြီးထဲတွင်စောင်းငဲ့၍ ကြည့်လိုက်၏။

ထိုင်မသိမ်းအကျီပန်းရောင်နှင့် ဇာပန်းရောင်ထဘီအမြိတ်တပ်မှာ ကိုယ်လုံးလေးကိုပေါ်လွင်၍နေစေ၏။

ညာဘက်ပခုံးထိပ်မှာ ဆွဲချိတ်ကာချထားသော ပဝါပန်းရောင်အစကြီးက ကြမ်းပြင်မှာ ပုံကျနေလေ





သည်။

"တို့များရဲ့ သတို့သမီးလေးကိုမြင်တာနဲ့ သတို့သားတော့ မူးမေ့လဲသွားမှာ သေချာတယ်တော့"

"မြှောက်လိုက်တာ မမရယ်၊ ဇင်ဇင် ဒီလောက်မလှပါဘူး"

"ကိုင်း . . မမ,ပြောတာ မယုံရင် ဘိုဘို့ကိုမေးကြည့်"

ဇင်မာက ရှက်ပြုံးလေး ပြုံးလိုက်၏။

"ကိုယ်ပြင်ပေးရလို့ ပြောတာမဟုတ်ဘူး ညီမလေးရဲ့၊ မမ ပြင်ပေးရတဲ့အထဲမှာ ဒီတစ်ခါ စိတ်တိုင်းအကျဆုံးပဲ"

"ကျေးဇူးတင်ပါတယ် မမရယ်၊ မင်္ဂလာအခမ်းအနားပြီးတဲ့အခါကျရင် မမကို ဂုဏ်ပြုလက်ဆောင်ပေးမှာပါ"

"အမယ်လေး . . ကြားရတာနဲ့တင် ဝမ်းသာသွားပြီ ညီမရေ၊ နေပါစေကွယ် . . မလိုပါဘူး"

"ဟော . . ကို"

အခန်းတံခါးလေးက ပွင့်လာ၏။

ဝင်လာသူက ဘိုဘိုပါ။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဇင်မာ၏မျက်နှာလေးက ပျက်သွား၏။ ဘိုဘို၏အဝတ်အစားများက အိမ်နေရင်းအဝတ်များသာ။

"ကြည့်စမ်း . . ကိုရယ်၊ ခုထိ အဝတ်အစား မလဲသေးပါလား"

"လဲမှာပေါ့ ဇင်ဇင်ရဲ့၊ ဇင် ဘယ်လောက်လှနေသလဲလို့ လာကြည့်တာ"

"ဟော . . လုပ်ပြီ ကိုက၊ တော်နေကြာ . . ဧည့်သည်တွေလာတော့မယ့်ဟာ"

"လာပေ့စေဗျာ . . . ဧည့်သည်တွေ ခဏစောင့်ကြပါ သတို့သမီးအလှအပကို ငေးမောနေရတာနဲ့ သတို့သား အဝတ်အစားမလဲရသေးလို့ပါလို့ ပြောလိုက်မှာပေါ့"

"ဟော . . လုပ်ပြီကွယ် . . ကိုက၊ တော်တော် ပိုကဲ၊ ပိုဦး . . ပိုဦး"

ဇင်မာက ဘိုဘို၏ကျောပြင်လေးကို ထုနေစဉ်မှာပင် . . .

တံခါးထုသံက ပိုမိုကြမ်းလာလေ၏။

ဒုန်း . . . ဒုန်း . . . ဒုန်း . . .

ဇင်မာ . . ဇင်မာ . . .





ခေါ်သံနှင့် တံခါးထုသံက နားထဲသို့ အဝေးမှပြေးလာရာက တစ်စတစ်စ နီးကပ်လာ၏။

ဇင်မာ၏မျက်လုံးလေးက ပွင့်လာ၏။

မိမိ၏ကိုယ်ကို ငုံ့ကြည့်လိုက်၏။

"ဟင် . . ငါ အိပ်မက် မက်နေပါလား"

စာမေးပွဲအပြီး လက်ထပ်မည်ဆိုသောစကားတို့ ဇင်မာ စိတ်စွဲနေခဲ့ခြင်းပါ။

ပြီးတော့ . . စာမေးပွဲနောက်ဆုံးနေ့မှာ သူရောက်အောင်လာမည်ဆိုခြင်းကြောင့် စိတ်ကမျှော်မိတာလည်း ပါလေသည်။

"ညီမလေး"

"ရှင်"

ဇင်မာက အသံပြုကာ ရုတ်တရက်အထမှာ ခေါင်းထဲ မိုက်ခနဲဖြစ်လေသည်။ ပြီးမှ တံခါးချက်ကို အားယူဖွင့်လိုက်ရလေသည်။

"ခုနစ်နာရီ ထိုးခါနီးပြီ၊ မိုးလင်းခါနီးမှ အိပ်ပျော်သွားတယ် ထင်တယ်၊ ဟုတ်သလား"

"ဟုတ်ကဲ့ . . ကိုကို၊ ညီမလေး အိပ်ပျော်သွားတယ်"

"ဒီနေ့ နောက်ဆုံးနေ့ပဲ ညီမလေး၊ ကြိုးစားပြီးဖြေ



www.burmeseclassic.com

www.burmeseclassic.com



တော့၊ ဒီနေ့အောင်ရင် အောင်ပြီ"

"ဟုတ်ကဲ့ပါ . . ကိုကို"

"ညီမလေး ဘာဖြစ်နေသလဲ၊ ကြည့်ရတာ တစ်မျိုးကြီးပဲ"

"အိပ်ရာက ဖြုန်းခနဲအထ ညီမလေး မူးသွားတယ် ကိုကို"

ရဲထက်က ဇင်မာ၏ပခုံးလေးကိုဖက်ကာ ခုတင်ပေါ်ပြန်မှေးစေ၏။ ရှူဆေးဘူးကို အဖုံးဖွင့်ပြီးပေးလေ၏။

"ရှူဆေးဘူးပါ ယူသွား ညီမလေး၊ စာကျက်တာများ အိပ်ရေးပျက်တာများပြီး ညီမလေး သိပ်အားနည်းနေတယ်၊ ကျောင်းကပြန်လာမှ ဆရာဝန်နဲ့ပြကြည့်ရမယ်၊ ဆေးလေးဘာလေး ထိုးလိုက်ရင် နေကောင်းလာမှာပါ"

"ရပါတယ် ကိုကိုရယ်"

"ကိုကို အိုဗာတင်းဖျော်ခိုင်းပြီး ပို့ခိုင်းလိုက်မယ်၊ ခဏနေရင် ရေချိုးလိုက်"

"ဟုတ်ကဲ့ . . ကိုကို"

ရဲထက် ပြန်ထွက်သွား၏။ ဇင်မာက ခဏမျှ မှိန်းပြီး အိပ်ရာက ထ၏။ ရေချိုး၏။





သနပ်ခါးပါးပါးလေး လူးလိုက်၏။

ဆံပင်ကို ဖောင်းဖောင်းလေးဖြီးကာ နောက်မှာ ကလစ်ကလေးညှပ်လိုက်၏။

ထို့နောက် . . ညက ကျက်ပြီးသားစာကိုပြန်ကြည့်သည်နှင့်ပင် အချိန်ကုန်မြန်လေသည်။

"ဇင်မာရေ . . အဆင်သင့်ဖြစ်ရင် ကျောင်းလိုက်ပို့မယ်ညီမလေး၊ အပြန်ကျရင်တော့ ကိုကို ကြိုနိုင်မှာမဟုတ်ဘူးနော်"

"ရပါတယ် ကိုကို၊ ဇင်မာကလည်း ကိုကို့ကို မကြိုနဲ့လို့ ပြောမလို့ပါ၊ ကျောင်းပြီးရင် သူငယ်ချင်းတွေနဲ့ စုပြီး လျှောက်လည်မလို့ ကိုကိုရဲ့"

"အလဲ့ . . တယ်ဟုတ်ပါလား၊ သူငယ်ချင်းဟုတ်ရဲ့လား . . မှန်မှန်ပြော"

"ဟာ . . ဟုတ်ပါတယ် ကိုကိုရဲ့"

ကိုကို့မျက်နှာမှာ ပြုံးဖြီးဖြီးဖြင့် ပခုံးလေးတွန့်၏။

"အင်း . . ငါ့အကြောင်း ကိုကိုရိပ်မိနေပြီထင်ပါရဲ့"

ဇင်မာ ပြုံးမိလေသည်။

တကယ်လည်း . . .



www.burmeseclassic.com

www.burmeseclassic.com



ဘိုဘိုနှင့်ဇင်မာ၏အကြောင်း ရဲထက် သိရှိနေခဲ့ပါပြီ။

♠ ♠ ♠





၁၅

မေးခွန်းပုစ္ဆာများက ဇင်မာကျက်မှတ်ခဲ့သည်နှင့် အံကိုက်ပါ။ ထို့ကြောင့်ပင် တစ်ပုဒ်မကျန်ဖြေဆိုချိန်မှာပင် တစ်ချက်တစ်ချက် မျက်စိလေးများ ပြာသွားလိုက်၊ ခေါင်းလေး မူးလာလိုက်၊ အိုဗာတင်းတစ်ခွက်ကလွဲ၍ အစား လုံးဝမစားခဲ့၍ ရင်ထဲ တလှပ်လှပ်ခုန်နေလေသည်။

"ကြိုးစားကွာ ဒီစာမေးပွဲပြီးတာနဲ့ကိုယ်တို့လက်ထပ်ရအောင်"

ဘိုဘို၏အသံကို ကြားယောင်မိ၏။

ဇင်မာက အံခဲကာ ဖြေဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြိုးစားပါ ညီမလေးရယ်၊ ပေလီအပြန် လက်မ ထောင်ပြီး ပြန်နိုင်အောင်ကြိုးစားစမ်းပါ"

ခြေကုန်လက်ပန်းကျကာ နောက်ဆုံးတစ်ပုဒ်ကို လက်လွှတ်ရမည့်ဆဲဆဲ ကိုကို့အသံကိုကြားယောင်မိသည့်ကြောင့် ပြာဝေလာသောမျက်စိကိုအားယူဖွင့်ကာဖြေ၏။ ဖြေပါ၏။

ဒီလိုနှင့်အချိန်ကုန်သွား၏။

အဖြေလွှာများသိမ်းဆည်းပြီး ထိုင်ခုံမှ ပြန်အထ ဇင်မာ၏ခြေများက ယိုင်နေလေပြီ။

ကို စောင့်နေပြီလား . . .

မှုးဝေနေသောခေါင်းကို အနိုင်နိုင်ထိန်းကာ လွယ်အိတ်ထားသောနေရာမှ လွယ်အိတ်ကိုယူလိုက်၏။

"ဘယ့်နှဲ့လဲ . . ဖြေနိုင်လား ဇင်မာ"

ပြုံးပြုံးလေး မေးလာသူက သိင်္ဂီပါ။

"ဖြေနိုင်ပါတယ်၊ သိင်္ဂီရောဖြေနိုင်လား"

"အားရလှတယ်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ . . အောင်မှတ်တော့ရပါလိမ့်မယ်၊ ယူ့အစ်ကို လာကြို မလား"

"ကိုကို မကြိုဘူးတဲ့ကွ"





"ဒါဖြင့် . . ကိုယ်တို့ကားနဲ့လိုက်ခဲ့လေ၊ ကိုယ် လိုက်ပို့ ပေးမယ်"

"ဟင့်အင်း . . ဘိုဘိုလာလိမ့်မယ်"

"ရန်ကုန်ကနေ . ."

"အင်း . . ဒီနေ့ရောက်မယ်ပြောတယ်"

"ခွေးမ . . ဒါ့ကြောင့်မျက်နှာကိုက . . ."

ဇင်မာ ရယ်နေလိုက်၏။

သူငယ်ချင်းနှစ်ယောက် ကျောင်းထဲကထွက်လာကြ၏။ အဆင်သင့်စောင့်နေသော သိင်္ဂီ၏ကားကို တွေ့ရလေသည်။

"ကိုင်း . . ဒါဖြင့် . . ကိုယ်သွားမယ်"

သိင်္ဂီက ခေါင်းလေးငဲ့ကာဆို၏။ ဇင်မာက ခေါင်းညိတ်၏။ ဘိုဘိုရော . . ဘိုဘို့ကိုရှာမတွေ့ပါ။ ဇင်မာ၏ စိတ်ထဲမှာတော့ ရောက်လောက်ပြီဟု ထင်နေခဲ့တာပါ။

တစ်ယောက်တည်း ကြောင်တက်တက်က လေးရပ်နေရာက အဓအေးဆိုင်ဘက် ထွက်ခဲ့၏။ အအေး သောက်ပြီးသည့်တိုင် ဘိုဘိုရောက်မလာပါ။

လေယာဉ်လက်မှတ်မရလို့များလား . . .

သက်ပြင်းငွေ့ငွေ့ကလေးချကာ ကြောင်



www.burmeseclassic.com

www.burmeseclassic.com



တက်တက်ကလေးဖြစ်နေရာမှ ဆိုင်ပေါ်တင်ထားသော သတင်းစာကို တွေ့သွား၏။

ငယ်ရွယ်သူတို့ထုံးစံအတိုင်း နောက်ကျောဘက်မှ စလှန်လိုက်၏။

နာရေးကြော်ငြာ၊ ဆေးကြော်ငြာ . . .

ရုပ်ရှင်ကြော်ငြာ . . .

ထို့မှ . . .

စေ့စပ်ကြောင်းလမ်းခြင်းကြော်ငြာ . . .

"အို . . ."

ဇင်မာ၏မျက်လုံးလေးက ဝိုင်းဝိုင်းလည်သွား၏။

သိဂီပြောသည့် ရန်ကုန်မှကောင်မလေးနှင့် စေ့စပ်သောသတင်းဖြစ်၏။

"ဘိုဘို . . ဘိုဘို စေ့စပ်လိုက်ပါရောလား"

ဇင်မာ၏ သတင်းစာကိုင်ထားသောလက်ကလေး တဆတ်ဆတ်တုန်ယင်သွား၏။

မျက်ဝန်းအိမ်မှာ မျက်ရည်ပြည့်လျှံလာ၏။ ရင်ထဲမှာ တလှပ်လှပ်ခုန်လာ၏။

"ရက်စက်လိုက်တာ ဘိုဘိုရယ်၊ ရက်စက်လိုက်တာ"





"ဒါနဲ့ . . ပြောတော့ ဇင်မာနဲ့လက်ထပ်ဖို့ တိုင်ပင်ကြမယ်၊ ဆွေးနွေးကြမယ်ဆို"

စိတ်က မသိမှတ်မိခင်မှာပင် . . .

လူက ထိုင်ရာက ထ၏။

ခြေထောက်များက ဦးတည်ရာမဲ့လှမ်းမိ၏။

မျက်စိထဲမှာ ဘိုဘို။

ဪ . . ဘိုဘိုရယ်။

အိပ်မက်ထဲမှာတောင် လက်ထပ်နေမိတဲ့ ဇင်မာပါ ဘိုဘိုရဲ့၊

"အမယ်လေး"

မျက်စိထဲမှာ ပြာဝေသွား၏။

အင်အားကြီးမားသော အရာတစ်ခုက ဇင်မာ့ကို ဝင်ရောက်တိုက်ခိုက်လိုက်ပါပြီ။

နာကျင်စွာခံစားရသော ဝေဒနာနှင့်အတူ . . .

"ဘိုဘို"

တစ်ခွန်းတည်းသောစကားကို ဇင်မာ အော်လိုက်နိုင်လေသည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com









## ၁၆

စာမေးပွဲအောင်စာရင်းထွက်သောအခါ၌ ကား ဇင်မာအောင်ပါလေ၏။

"ဖြစ်ရလေ ညီမလေးရယ် . . ဒီလောက်ကြိုးစားပြီး အောင်မြင်တော့မှပဲ ငါ့ညီမဇာတ်သိမ်းက မကောင်း လိုက်တာ"

ရဲထက်မှာ မဖြေသာနိုင်အောင်ဖြစ်သည့် နည်းတူ . . .

"အမယ်လေး . . ငါ့လို လေးဘကြီးအတွက် အသုံး မကျတဲ့သူကိုတော့ ရှင်သေမင်းက မခေါ်ဘူးဟဲ့၊ ငါ့



www.burmeseclassic.com

www.burmeseclassic.com



တူမလေး နုနုထွတ်ထွတ်ကိုမှ ရက်ရက်စက်စက်ခေါ်ရက်ပါပေရဲ့"

ကြီးမေ . . ဒေါ်သဲညွှာက ရင်စုံထု၍ ငိုလေ၏။

ထိုသို့ဖြင့်ပင် . . .

ညီမလေး၏အနိုးကိုကောက်ကာ ဂူသွင်းထားပြီးစမှာ ပေလီရောက်လာသူက သိဂီပါ။

"သိဂီ စိတ်အထင်တော့ ဘိုဘို့ကြောင့် ဇင်မာ ခုလိုဖြစ်ရတယ်လို့ပဲထင်တယ် အစ်ကိုရဲထက်"

ဟု အစချီရာမှအစ သိဂီကို ဇင်မာက ဘိုဘို့ကိုစောင့်ဦးမယ်ဟုပြောပုံ . . .

ထိုနေ့မှာပင် ဘိုဘို၏စေ့စပ်ကြောင်းလမ်းခြင်း သတင်းပါလာပုံ၊ ဇင်မာ ကားတိုက်ခံရပုံ ကွင်းဆက်များကား ဘိုဘိုသာလျှင် တရားခံဖြစ်နေပါသတည်း။

"ညီမလေးကို စိတ်ဆင်းရဲအောင်လုပ်ပြီး မသေ သေအောင်သတ်တဲ့လူကို ကျွန်တော်ကိုယ်တိုင်သတ်မယ် ကြီးမေ . . သွားသတ်မယ်"

ရဲထက်ကား စိတ်လှုပ်ရှားမှုကြီးမားစွာဖြင့် ဒေါသပေါက်ကွဲထွက်ရလေ၏။





"ဪ . . သားရယ်၊ ပြုသူအသစ် ဖြစ်သူအဟောင်းတဲ့၊ ဇင်မာ့မှာက ဘဝ,ဝဋ်ကြွေးကပါခဲ့လို့ဖြစ်ရတာပဲ၊ သူ့ကြောင့်ဆိုတဲ့အကြောင်းခံကလွဲလို့ သူကိုယ်တိုင်သတ်တာလည်းမဟုတ်၊ နောက်ပြီး . . သူ့ကို ဘာလို့စွပ်စွဲတယ်ဆိုတာ သား ဘယ်လိုရှင်းမလဲ၊ ကိုင်း . . ပြောစမ်း"

ရဲထက် အံကြိတ်ကာ ခေါင်းငုံ့သွား၏။

"အစကဖော်ရင် အဆုံးကဖြေရတော့မယ်၊ ကိုယ့်ညီမလေး သေပြီးတဲ့နောက်မှာ သူများပြောစရာ ဆိုစရာအဖြစ်မခံပါနဲ့တော့ကွယ် ထားလိုက်ပါ၊ ကံမကောင်းလို့ဖြစ်ရတယ်လို့ပဲ မှတ်ပါ၊ လူဆိုတာ သူ့ဘဝနဲ့သူ၊ သူ့အကြောင်းနဲ့သူချည်းပဲကိုး"

ရဲထက်က မျက်ရည်တွေတွေသာ ကျနေမိပါလေ၏။

"စဉ်းစားစမ်း . . သား၊ သူသေတော့ရော မင်းညီမလေး ပြန်ရှင်လာမတဲ့လား၊ အေး . . သူသေလို့ ဇင်မာ ရှင်မယ်ဆိုရင် ငါကိုယ်တိုင်သတ်မယ်၊ ငါကိုယ်တိုင်သွားသတ်မယ်"

ဒေါ်သဲညွှာက သူ့ရင်ဘတ်ကို သူပုတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ငိုနေလေသည်။

♠ ♠ ♠

"ရဲထက် . . မောင်ရဲထက်"

တစ်စုံတစ်ယောက်က မိမိနာမည်ကို တတွတ်တွတ်ခေါ်ကာ ကိုယ်ကိုပုတ်နှိုးလာမှပင် ရဲထက် နိုးလာ၏။

ကြည့်လိုက်တော့ . . ကြီးမေ ပေါ်သည်သာ၊

"အိပ်မက်‚မက်နေတယ်နဲ့တူတယ်၊ တအင်းအင်းနဲ့ အော်နေတာနဲ့ နှိုးလိုက်တာ၊ ထကွယ် . . ဒီ ပက်လက်ကုလားထိုင်မှာအိပ်ရတာ ခြေဆန့်လက်ဆန့် ဘယ်ရှိမလဲ၊ ညောင်းတော့မပေါ့"

ရဲထက် သက်ပြင်းချမိ၏။

လက်ကနာရီကိုကြည့်လိုက်၏။

"ဆယ့်နှစ်နာရီ"

"ထွန်းထွန်းပြန်ပြီလား ကြီးမေ"

"ပြန်တာ ကြာလှပေါ့"

ရဲထက်က ထိုင်ရာက ထ၏။

ဝါးခနဲ တစ်ချက်သမ်းမိ၏။





"အချိန်က မနည်းတော့ဘူး၊ ကြီးမေတောင် မှေးခနဲ အိပ်ပျော်သွားတာ၊ နိုးလာလို့ကြည့်လိုက်တော့ သားက ဒီခုံမှာ"

"ကြီးမေ . . သွားအိပ်တော့လေ"

"မင်းရော"

"အိပ်တော့မှာပါ"

"အိပ်ကွဲ့၊ နေ့ဘက်ကျတော့ လုပ်ရတဲ့အလုပ်က တစ်ပုံတစ်ပင်နဲ့ အိပ်ရတာမဟုတ်ဘူး၊ အိပ် . . အိပ်"

ရဲထက်က ပြတင်းတံခါးကိုပိတ်ရန် လက်လှမ်းရာက ကြာညိုသွယ်တို့အိပ်ခန်းဘက် ဖျတ်ခနဲ ကြည့်လိုက်၏။

တစ်ချိန်က မိမိဘဝကိုကျောင်းစာထဲမှာ နှစ်မြှုပ်ထားခဲ့၏။ ထိုမှ . . . ညီမလေး၏ဝေဒနာဖြင့် စိတ်ကို အလုပ်ထဲမှာ နှစ်ထားခဲ့မိ၏။

ယခုမူ . . . .

မိမိ၏အသည်းတံခါးကို လှုပ်ခတ်နှိုးလာသူနှင့် ကြုံရသည်။

သူက . . . ကြာညိုသွယ်ပဲဖြစ်၏။

ကျွန်တော့်ဘဝထဲ အတင်းဝင်ပြေးလာပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်တော့်ကို နှိပ်စက်မသွားပါနဲ့လား။

တီးတိုးလေး ဆိုမိ၏။

အိပ်ရာပေါ် လှဲလျောင်းလိုက်၏။

သို့သော် . . . တော်တော်နှင့်အိပ်မပျော်ပါ။

အစိုးမရသော စိတ်ဝေဒနာမှာ ညီမလေးကို လွမ်းရသော စိတ်ကတစ်ဖက်၊ ကြာညိုသွယ်ဆိုသောမိန်းကလေးကို စိတ်ဝင်စားမိလေသောစိတ်ကတစ်ဖက်ဖြင့် . . .

စိတ်လွန်းပြန်ကလေး ပြေးလျက်ရှိသတည်း။

♠ ♠ ♠





၁၇

ကြာညိုသွယ်တို့က ပေလီသို့ လေယာဉ်ဖြင့် လာရောက်ခဲ့ကြခြင်းကြောင့် အပြန်ကျတော့ ကားဖြင့်ပြန်ဖို့ ပြင်ဆင်ကြ၏။ ရဲထက်က ပြည်သို့သွားဖို့ရှိသဖြင့် ရဲထက်၏ ကားဖြင့်ပင်လိုက်ကြလေသည်။

"တောင်ကုတ်နဲ့သံတွဲက လေးဆယ့်လေးမိုင် ဝေးတယ်ဦး"

"အေးကွဲ့ . . . ပန်းတောင်-တောင်ကုတ်လမ်းဘက်က နေ ပေလီသွားတဲ့လူတွေပြန်လာတော့ ပြောသံကြားဖူးပါတယ်၊ ဇက်နဲ့ အတန်တန်ကူးရဆိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အရင်တုန်းကတော့ ဟုတ်ပါတယ်၊ ပြည်မရောက်ခင် ရွှေတောင်အကျော်မှာ ရောဝတီကို တစ်ခါကူးရပါတယ်၊ အခုတော့ . . 'နဝဒေး'တံတားကြီးပြီးသွားတော့ ဟန်ကျပါတယ်၊ ဇက်ကူးစရာမလိုတော့ပါဘူး"

"ဩော် . . ."

ကြာညိုသွယ်က စိတ်ပါဝင်စားစွာနားထောင်နေရာမှ ခေါင်းလေးမော်အကြည့် နောက်ကြည့်မှန်ထဲမှာ ရဲထက်၏မျက်ဝန်းများနှင့်ဆုံမိ၏။ အပြုံးချင်းဖလှယ်မိလေသည်။

ရဲထက် ကားမောင်းသည်က ညင်သာပါသည်။ စီးသူကို သက်သောင့်သက်သာရှိစေပါသည်။ သံတွဲမှကင်းမော် ရှစ်မိုင်ခရီးမှာ ဘာမျှမကြာလိုက်ပါ။

ရဲထက်က ကားကို ဈေးဆိုင်တန်းလေးရှေ့မှာ ထိုးရပ်လိုက်၏။ အအေးပုလင်းများ စီစီရီရီတင်ထားသောဆိုင်မှမိန်းကလေးက ညှို့သည်တွေကို မျက်လုံးဝိုင်းလေးဖြင့် ကြည့်နေလေသည်။

"ခဏအနားယူ အပန်းဖြေပြီး အအေးသောက်လေ၊ အမောပြေပေါ့၊ ဒါပေမဲ့ . . ရေခဲတော့မရှိဘူး"

"ဟောဗျကွယ်"





ဒေါ်စိန်ကြည်၏မျက်နှာက စိတ်ပျက်လက်ပျက်ဖြစ်သွားလေ၏။

"ရေခဲမပါတော့ ဘယ်ကောင်းပါ့မလဲ"

"ကွယ် . . ခရီးသွားတာပဲ ဖြစ်သလိုပေါ့၊ ရိုးရိုးရေစိမ်းသောက်တာနဲ့စာရင် အတွေ့ရာယ်ကင်းတာပေါ့ကွယ်"

"အစ်ကိုရဲထက်"

"ဟေ . ."

"နောက်ထပ် ဘယ်လောက်သွားရဦးမှာလဲ"

"ဒီကနေကူးပြီး ရွှေလှေကို ဆယ့်ခြောက်မိုင်သွားရဦးမယ်၊ အဲဒီကမှ တောင်ကုတ်အထိ မိုင်နှစ်ဆယ်သွားရမယ်"

"ဟာဗျာ"

ထွန်းထွန်းမျက်နှာလေးက စိတ်ပျက်သွားပုံပါ။

"ဘာလို့လဲကွဟင်"

"ကားစီးရတာ ညောင်းတယ်ဗျ"

"မင်းကွာ . . . ရန်ကုန်ကနေ ဒီအထိ ကားနဲ့လာဖို့ကောင်းတယ်"

"တောင်ကုတ်လမ်းက ကြမ်းတယ်ဆို . . ဟုတ်လား ကိုရဲထက်"



www.burmeseclassic.com

www.burmeseclassic.com



ကြာညို့သွယ်နှင့် အကြည့်ချင်းဆုံမိကြ၏။

"ကြမ်းတယ်ဆိုတာက ဘယ်လိုကြမ်းတာမျိုး ပြောတာလဲ ကြာညို"

"ခရီးလမ်းပန်းသွားရတာ ပင်ပန်းတယ်ဆိုတဲ့သဘောပါ"

"တောင်ပတ်လမ်းကလည်း အရင်လို ကျဉ်းကျဉ်းလေး မဟုတ်တော့ဘူး၊ လမ်းချဲ့လို့ ကျယ်သွားပြီ၊ တောင်ပတ်လမ်းလည်းဖြစ် တောင်ပေါ်ခရီးလည်းဖြစ်တော့ ပတ်ဝန်းကျင်ရှုခင်းက သာယာပါတယ်၊ စောစောက ထွန်းထွန်းပြောသလိုပေါ့၊ ကားစီးရတာ ညောင်းတာပဲရှိမယ်၊ အခုက ကားလမ်းပေါက်လို့တော်သေးတာပေါ့၊ အရင်ကဆိုရင် ဆင်နဲ့ပဲသွားလာကြရတာ၊ ဆင်မရှိတော့လည်း ကုန်းကြောင်းပေါ့"

"အရင်တုန်းက 'မဟာမြတ်မုနိ'ဘုရားကြီးကိုသယ်တုန်းက အဲဒီလမ်းပဲပေါ့နော် ကိုရဲထက်၊ ဆင်နဲ့သယ်ရတယ်ကြားဖူးလို့ပါ"

"ဟုတ်တယ် . . ဆင်းနဲ့ပဲ သယ်ရတာလို့ ကြားဖူးပါတယ်၊ ဘုရားညောင်ကျိုးတဲ့နေရာကို ညောင်ကျိုး၊ ကျိုးသွားတဲ့ညောင်တျိုးနေရာမှာ ခြေထောက်ပြန်ထောက်လို့ ညောင်ခြေထောက်တဲ့ဗျ၊ ခုထိ နာမည်တွင်ကျန်ခဲ့တာပဲ၊ တောင်ကုတ်ကကျော်ရင် ရေပွက်ကြီးရောက်ပြီ၊ အဲဒီ . . ရေပွက်ကြီးဆိုတာကလည်း အဓိကရပဲ"

"ပြောပါဦး . . ကိုရဲထက်၊ ဘယ်လို အဓိကရလဲရှင့်"

"မြတ်စွာဘုရားသခင်ရဲ့ တန်ခိုးတော် ဘယ်လောက်ကြီးသလဲဆိုရင် . . လူတွေလည်း ဘုရားကိုယ်တော်မြတ်ကြီးကိုဆင်နဲ့သယ်ရတာ ပင်ပန်းလှပြီ၊ တောင်ပေါ်မှာရေမရှိ ဘာမရှိနဲ့ ရေငတ်ပြီပေါ့၊ ဒီတော့ . . ဒီဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ ရင်ငွေ့လုံ့ဘုရားစစ်စစ် ဧကန်ဖြစ်ပါလျှင် ရေကြည်သောက်ရပါစေလို့လည်း ဆုတောင်းလိုက်ရော တစ်ခါတည်း ရေထပွက်တော့တာပဲတဲ့"

"အို . . အံ့ဩစရာကောင်းလိုက်တာနော်"

"တက်ရတဲ့တောင်ကလည်းမြင့်တော့ ဆင်တောင်လန်ကျမလိုဖြစ်ရသတဲ့၊ ဒါ့ကြောင့် ဆင်လန်တောင်၊ မိုးထိတောင်ဆိုပြီး အဆင့်ခင့်ဖြစ်လာရတာပဲလေ"

"နောက်မှ ကားလမ်းနဲ့တစ်ခါထပ်လာခဲ့ဦးမယ်"

"ကျွန်တော့်ဆီကိုလား"






www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ကြာညိုသွယ်၏မျက်လုံးလေး ဝိုင်းသွား၏။ ရဲထက်နှင့် ကြာညိုစကားပြောနေရာနားမှာ ဘယ်သူမှမရှိကြပါ။

ရဲထက်က ကြာညိုသွယ်ကို စိုက်စိုက်ကလေး ကြည့်လေသည်။

"ကျွန်တော် ဒီအချိန်ထိ ဘယ်မိန်းကလေးကိုမှ စိတ် မဝင်စားခဲ့ဘူးဆိုရင် ယုံမလားဟင်"

"အို . . ကြာညို ဘယ်သိနိုင်ပါ့မလဲ"

"ကျွန်တော် ကြာညို့ကိုချစ်တယ်"

"အို . ."

"ကျွန်တော့်အပေါ်မှာထားတဲ့ ကြာညို့သဘောထား ကိုသိချင်တယ်"

ရဲထက်၏အကြည့်စူးစူးကြောင့် ကြာညို မျက်လွှာလေးချလိုက်ရလေသည်။

"ကြာညို့ကို မေတ္တာကမ်းလှမ်းတဲ့သူတွေတော့ ရှိခဲ့ပါ တယ်၊ ဒါပေမဲ့ . . ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့ပါဘူး"

"ဒါ . . ဒါဖြင့် . . ကျွန်တော့်ကိုရောဗျာ"

"ကြာညို့စိတ်ထဲမှာ ဆုံးဖြတ်ထားပါတယ်၊ ကြာညိုချစ် တဲ့သူ လက်ထပ်မယ့်သူတစ်ယောက်တည်း ဖြစ်စေ





ချင်တယ်၊ ကြာညိုက ချစ်မေတ္တာကို အင်မတန်ကို လေးစားတဲ့သူပါ"

"ကျွန်တော့်ဘဝမှာလည်း ကြာညိုက ဦးဆုံးစိတ်ဝင် စားတဲ့သူပါ၊ ကျွန်တော့်ရဲ့ချစ်စိတ်က ကြာညို့နဲ့တွေ့ မှပဲ လှုပ်ခတ်လာရတာပါ"

ခဏမျှ ငြိမ်သွားကြလေသည်။

"ကြာညို"

"ရှင် . ."

"ကျွန်တော့်မေတ္တာကို ယုံပါဗျာ၊ ကျွန်တော် ကြာညို့ကို မြတ်မြတ်နိုးနိုးချစ်မိတာပါ"

"ကိုရဲထက်ရယ် . . ကြာညို စဉ်းစားပါရစေဦး"

"အချစ်ကို ချစ်,မချစ်စဉ်းစားကြည့်ဖို့လိုသေးသလား"

"ကြာညိုတို့ မိန်းကလေးတွေအတွက် အချစ်ဟာ ဘဝ တစ်ခုလုံးနဲ့ဆိုင်နေပါတယ်၊ ခေါင်းညိတ် . . ခေါင်းခါ ပြုမိတာလေးတစ်ခုနဲ့ အမှားနဲ့ကြုံရင်လည်း တစ် သက်လုံးကြုံရမယ်၊ စိတ်မချမ်းသာစရာ ဖြစ်ရရင် လည်း တစ်သက်လုံးဖြစ်ရမှာပါ"

"စဉ်းစားတယ်ဆိုတဲ့အပိုင်းက ဘာတွေကိုမှတည်ပြီး စဉ်းစားစရာရှိသလဲဟင် ကြာညို"



www.burmeseclassic.com

www.burmeseclassic.com



"ကြာညို စောစောကပြောပြီးသလိုပဲလေ၊ ကြာညိုချစ်တဲ့သူနဲ့ လက်ထပ်မယ့်သူက တစ်ယောက်တည်းပဲဖြစ်ရမယ်လို့ ဆုံးဖြတ်ချက်ကရှိတော့ ကိုယ်ချစ်တဲ့လူဟာ . . ကိုယ်လက်ထပ်နိုင်မယ့်သူပဲဖြစ်ရမယ်ပေါ့"

ရဲထက်ကို ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်၏။ ရဲထက်၏မျက်နက်ဝန်းများ စူးရှမှုက ရင်ကို လှုပ်ရှားစေလေသည်။

"ဒီတော့ . . ကြာညိုတစ်သက်လုံးလက်တွဲသွားမယ့်သူဟာ လူတော်လူကောင်းတစ်ယောက်ဖြစ်ဖို့၊ စိတ်ထား တည်ကြည်ဖြောင့်မတ်သူဖြစ်ဖို့ တစ်သက်လုံး မြတ်မြတ်နိုးနိုးချစ်နိုင်ဖို့လိုတယ် ကိုရဲထက်"

"ကျွန်တော် မြတ်မြတ်နိုးနိုးနဲ့ ချစ်တာပါဗျာ၊ ကျွန်တော့်ဘဝမှာ ဘယ်သူ့ကိုမှမချစ်ဖူးတဲ့ အချစ်မျိုးနဲ့ ကြာညို့ကိုချစ်မိတာပါ"

"ကြာညို့ကို အချိန်နည်းနည်းပေးပါ ကိုရဲထက်"

"ချစ်တယ်လို့ပဲ ခေါင်းညိတ်လိုက်ပါတော့ဗျာ"

လှိုက်လှိုက်လှဲလှဲကြီးပြောကာ ကြည့်လိုက်သောအကြည့်က ချစ်ရည်ရွှန်းလဲ့ခြင်းများစွာဖြင့်ပါ။

♠ ♠ ♠





၁၈

"ရောက်တုန်းရောက်ခိုက် တောင်ကုတ်မြို့ထဲပါ ဝင်လည်သွားပါလား ခင်ဗျာ၊ ဒါမှ . . ခရီးသွားရကျိုးနပ်မှာပါ"

ရဲထက်က ကြာညိုသွယ်နှင့် ကြာကြာတွေ့ဆုံခွင့်ရချင်သဖြင့် ခရီးဆွဲဆန့်တာပဲဖြစ်လေသည်။

"ဦးကတော့ ဦးတို့ကြောင့် မောင်ရဲထက် အလုပ်အကိုင်ပျက်ရတာ အားနာနေတာကွဲ့"

"ဟာ . . ရပါတယ် ခင်ဗျ"

ပြောရင်း မျက်လုံးက ကြာညိုသွယ်ကို ဖျတ်



www.burmeseclassic.com

www.burmeseclassic.com



ခနဲ ကြည့်မိ၏။

"ကြာညို ပါနေမှတော့ ဘယ်ထိအောင်လိုက်ပို့ရ လိုက်ပို့ရပါဗျာ"

ဟူသောစကားလေးများကို မျက်လုံးဖြင့် အဓိပ္ပါယ်ပြည့်ဝစွာပြောမိ၏။

"ကြာညိုတို့က စစ်တွေမှာနေခဲ့ဖူးတယ် ကိုရဲထက်ရဲ၊ ဒါပေမဲ့ . . ပေလီကိုမရောက်ခဲ့ဘူး၊ အခု ရန်ကုန်ရောက်မှပဲလာဖြစ်တော့တယ်"

"ဟုတ်ပါရဲ့ကွယ်၊ ကြာညိုတို့ဖေဖေက အလုပ်ကိစ္စနဲ့နေရာအနှံ့ပြောင်းနေရတာလေ၊ အဲဒီတော့ . . စစ်တွေမှာ တော်တော်ကြာကြာလေးနေခဲ့ဖူးတာပဲ"

ဦးမောင်တင်က သတိတရဆိုလေသည်။

"ရခိုင်ပြည်နယ်တစ်ခုတည်းပေမယ့် ဟိုဘက်ဒီဘက်သွားလာမှုနည်းတော့ မရောက်ကြဘူးလေ၊ အဆင်ပြေတုန်း ဝင်လည်တော့ ဟန်ကျတာပေါ့ မောင်ရဲထက်ရဲ"

ဒေါ်စိန်ကြည်က ထောက်ခံစကားပြောလေသည်။

♠ ♠ ♠





- 'ဒါးချောင်'၊ 'ဆားချောင်း'၊ 'မှတ်ချောင်း'၊ 'သုဝဏ္ဏချောင်း' ချောင်း,လေးချောင်းတို့၏ပေါင်းဆုံရာ တောင်တကာတို့တွင်အထွတ်အထိပ်ဖြစ်သော 'တောင်အော်တောင်ဟိန်း'ခေါ် တောင်ကုတ်တောင်သည် တောင်စဉ်တောင်ဝှမ်းတို့၏အလယ်၌ ပုန်းကွယ်နေဘိအလား တည်ရှိ၏။

အကြောင်းတစ်စုံတရာကြောင့် ပုန်းကွယ်နေသည်ကို ရခိုင်တို့ အခေါ်အဝေါ်အရ 'ကုတ်'နေသည်ဟုဆို၏။

ထို့ကြောင့် ယောင့်ချိုး ကုတ်နေသော ဤတောင်ကို 'တောင်ကုတ်တောင်'ဟုခေါ်ခြင်းဖြစ်လေသည်။

တောင်ကုတ်တောင်သည် တောင်ကုတ်မြို့မှ တောင်ကုတ်ချောင်းအတိုင်း အရှေ့မြောက်အရပ်သို့ မတ်စောက်သော တောင်ထွတ်တောင်တန်း ချောက်ကမ်းပါးကြီးများကျော်ဖြတ်၍ ခြောက်ဆယ့်ငါးမိုင်မျှအကွာတွင် ရခိုင်ရိုးမတောင်တန်းကြီး၏ အလယ်ဗဟို၌ ထည်ဝါခန့်ညားစွာတည်ရှိနေလေသည်။

တောင်ကုတ်မြို့သည်ကား ဘိုးတော်ဘုရား



www.burmeseclassic.com

www.burmeseclassic.com



၏ အိမ်ရှေ့ဥပရာဇာမင်းသားက မဟာမြတ်မုနိရုပ်ရှင်တော်မြတ်နှင့်ပတ်သက်၍ တည်ထားခဲ့သော 'ဥက္ကာသိမ်တော်'ကို အစွဲပြု၍ 'သိမ်တောင်ရွာ' ဟုခေါ်ခဲ့ကြ၏။ ထိုမှတစ်ဖန် 'ကန်ပိုင်တော'ကို ခုတ်ထွင်ကာ လူတို့အိမ်ရာဆောက်တည်လာသဖြင့် 'ကန်ပိုင်ရွာ'ဟုခေါ်၏။

ထိုမှ . . အင်္ဂလိပ်တို့သိမ်းပိုက်ကာ 'ဂိုဒေါင်' ဆောက်လုပ်သည်ကိုစွဲ၍ 'ဂူဘာရပ်'၊ ဂါဒ်အဆောက်အဦ ဆောက်လုပ်နေထိုင်သည်ကို 'ဂါယာတန်း'။

ထိုမှတစ်ဖန် မြို့အုပ်ချုပ်ရေးအတွက် မြို့ပိုင်ရုံးဆောက်လုပ်အုပ်ချုပ်သည့်အချိန်တွင်ကား တောင်ကုတ်ချောင်းကိုအစွဲပြု၍ 'တောင်ကုတ်မြို့'ဟုခေါ်တွင်သော တောင်ကုတ်မြို့ကား အေးချမ်းသာယာလှပါဘိ၏။

မြို့လယ်ခေါင်တွင်တည်ရှိသော ဖောင်တော်ဦးမြတ်စေတီကို ဖူးမြော်ကြည်ညိုရသည်က ကြည်နူးစဖွယ်ပါ။ စေတီတော်၏ဇ နောက်ဘက်တန်ဆောင်းပြသာဒ်တွင်း၌တည်ထားကိုးကွယ်ထားသော 'ဆုတောင်းပြည့် မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီး'ကား တင့်တယ်စွာ စံပယ်လျက်ရှိသဖြင့် ဖူးမြော်၍အားမရအောင် ဖြစ်ကြရလေသည်။

"နေပါဦး . . မောင်ရဲထက်၊ ဒီ မဟာမြတ်မုနိက ရှေး





တုန်းက ဘိုးတော်ဘုရားလက်ထက်က . . အိမ်ရှေ့ဥပရာဇာ မန္တလေးကိုသယ်တဲ့ မဟာမြတ်မုနိနဲ့ ဘယ်လိုဆက်စပ်သလဲကွဲ့"

ဦးမောင်တင်က ဆက်စပ်စွာ မေးမြန်းပါလေပြီ။

"ဩော် . . ဒီလိုပါ ဦး၊ ဘိုးတော်ဘုရားလက်ထက် အိမ်ရှေ့ဥပရာဇာသယ်တဲ့ မူလရုပ်ပွားတော်မြတ်က မန္တလေးကိုမသယ်ခင် ရခိုင်ပြည်နယ်မှာ လှည့်လည်အဖူးမြော်ခံပါတယ်၊ စျေးချောင်းကနေ ရမ်းချောင်း၊ အဲဒီကမှတစ်ဆင့် မြောက်ဦးမြို့၊ အဲဒီကမှ တောင်ကုတ်ချောင်းဆိပ်ကမ်းကို ဝင်လာပါတယ်၊ အခု ဖောင်တော်ဦးတည်ထားတဲ့နေရာမှာ ယာယီကျောင်းဆောက်ပြီး စံမြန်းရပ်နားပါတယ်၊ ဒါကြောင့်မို့ . . ဒီနေရာဟာ အထွတ်အမြတ်ဖြစ်တော်မူလို့ မမေ့အပ်ရာဌာနရယ်လို့သတ်မှတ်ပြီး . . ဖောင်တော်ဦးဘုရားကို တည်ခဲ့တာပါ၊ ဖေါ်တော်ဦးစေတီတော်ထဲမှာ ရခိုင်ပြည်နယ်က ပင့်ဆောင်လာတဲ့ဓာတ်တော်မြတ်တွေကို ဌာပနာထားပါတယ်"

"ဩော်ကွယ် . . တကယ့် အထွတ်အမြတ်ပေပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်တင်က ခေါင်းတညိတ်ညိတ်ဖြစ်သွားရလေ၏။ ကြာညို့သွယ်က ပဝါလေးကို ပခုံးထက်တင်ကာ လက်ဆယ်ဖြာယှက်မိုးနေရာက . . .

"ဒီ မဟာမြတ်မုနိကိုယ်တော်ကြီးရောရှင်၊ အိမ်ရှေ့ဥပရာဇာ တည်ခဲ့တာပါပဲလား"

"ဟာ . . မဟုတ်ဘူးဗျ၊ ဒီဘုရားက ဝေါပကလှူကြီးတွေတည်ထားတာပါ။ တန်ခိုးရှင် မဟာမြတ်မုနိ သီတင်းသုံးခဲ့ရာနေရာမှာ မဟာမြတ်မုနိပုံတော်တူတစ်ဆူတည်းဆိုရင် မတင့်တယ်ဘူးဆိုပြီး ပိုပြီးအပ်စပ်အောင် ပူဇော်သွန်းလုပ်ကြတာပါ။ မဟာမြတ်မုနိရုပ်ရှင်တော်ကြီး သီတင်းသုံးစဉ်ကအတိုင်း လာလမ်းကို မျက်နှာပြုထားတာခင်ဗျ၊ ကိုယ်တော်ရဲ့အတွင်းဌာပနာခန်းမှာကိုပဲ ဗုဒ္ဓရဲ့ ဓာတ်တော်မွေတော် ရတနာမြတ်တွေထည့်ထားလို့ အင်မတန်ဆုတောင်းပြည့်ပါ တယ်"

"မောင်ရဲထက်ကတော့ကွယ် ဘက်စုံအောင်ပြည့်စုံပါပေတယ်"

ဒေါ်စိန်ကြည်က ကိုရဲထက်ကို ချီးကျူး၍ မဆုံးအောင်ဖြစ်သွားရလေသည်။

"တောင်ကုတ်မြို့သားတွေရဲ့ ကျေးဇူးပါပဲခင်ဗျာ





ရောက်လာတဲ့ဧည့်သည်တို့ အင်မတန်မှ အကူအညီပေးတတ်ကြပါတယ်၊ မေးမြန်းစုံစမ်းတာကိုလည်း သိသမျှ မသိသမျှ ပြောပြကြလို့ပါ။ တောင်ကုတ်နဲ့ပတ်သက်တဲ့စာအုပ်ကိုလည်း ဝေါပကလှူကြီးဆီမှာ ညီကြီးမင်းကြီး ဝယ်ပေးပါတယ်၊ ကျွန်တော် ဦးဆုံးရောက်စဉ်က ညီကြီးခင်ဗျ"

"ဪ . ."

ကြောင်းကျိုးစုံမသိရဘဲ ဖူးမြော်ရခြင်းထက် အကြောင်းရင်းခံကိုသိမြင်ကာ ဖူးမြော်ရခြင်းက ပိုမိုအာရုံပြုကြည်ညို၍ရပါလေသည်။ အကျိုးထူးမြတ်ရှိပါလေသည်။

မြောက်ဘက်ပလ္လင်တော်တွင် မဥ္ဇုဝဂ္ဂိငါးဦးအား တရားဦးဟောကြားနေဟန် ရဟန္တာပုံတော်ငါးပါးနှင့် ဓမ္မစကြာဘုရားပုံတော်၊ ရုပ်ပွားတော်၏ တောင်ဘက်ပလ္လင်တန်းတွင် ရှီးရှီးရုပ်ပွားတော်တစ်ဆူကို ဖူးမြော်ကြပြီးနောက် စေတီတော်မှ ပြန်လည်ထွက်လာခဲ့ကြ၏။

ထို့နောက် . . သံခိုတောင်စေတီတော်မြတ်ကို ဖူးမြော်ခဲ့ကြလေသည်။ သံခိုတောင်စေတီတော်မြတ်ကား တောင်ကုတ်မြို့၏ သံတော်ဆိပ်သွားရာလမ်းရှိ တောင်ထိပ်နီးပေါ်တွင်တည်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောင်ကုတ်မြို့မှာ ဘုရားဘယ်နှဆူရှိသလဲ ကိုရဲထက်"

မိတ္ထီလာသုခထမင်းဆိုင်မှာပင် နီးနီးနားနား ထမင်းစားပြီးနောက် တည်းခိုခန်းမှာ ပြန်နားနေခိုက် ကြာညို့က မေးခြင်းပါ။

"ဖောင်တော်ဦးပါ့ပါရင် ဆယ့်ခြောက်ဆူရှိတယ်ဗျ"

"အယ် . . အများကြီးပါပဲလား"

"တောင်ကုတ်မြို့ပေါ်မှာချည်းတော့ မဟုတ်ဘူးလေ၊ မြို့နယ်အတွင်း ဆိုရမှာပေါ့၊ ဇာတိမြင်စေတီက တောင်ကုတ်မြို့နဲ့ဆို တစ်မိုင်ကွာလောက်ဝေးတာပဲ"

"ဩော် . ."

"နောက် . . . နှာရိုးတော်ဓာတ်စေတီက မိုင်ဝက်လောက်ဝေးမယ်ထင်တယ်၊ မြို့တစ်ဖက်ကမ်းရောက်သွားပြီလေ"

"အချိန်ရရင် သိပ်ကောင်းမှာနော်၊ မနက်ပြန်ရမှာဆိုတော့ ဘယ်မီတော့မလဲ"

"နောက်တစ်ခါထပ်လာခဲ့ပါဦး ကြာညိုရယ်၊ တောင်ကုတ်မှာ နောက်ထပ်ဘုရားတွေရှိပါသေးတယ်၊ 'နှာရိုးတော်ဓာတ်'ပြီးတော့ 'ဇီးကိုင်းတောင်ဓာတ်တော်





မြတ်'၊ 'ဆားဖုံဖွေဓာတ်တော်မြတ်၊ 'မြို့တောင်ဓာတ်တော်မြတ်'၊ 'ကြက်ကိုင်းဘုရားရုပ်ပုတော်မြတ်'၊ 'ငြမ်းဓာတ်တော်' 'ငှက်ပျော်တော ဓာတ်တော်မြတ်'၊ 'အုတ်ပုံဓာတ်တော်မြတ်စေတီ' နောက် . . အများကြီးရှိသေးတယ်"

ခြောရင်း . . ကြာညိုသွယ်ကို မြုံးကြည့်၏၊

"ပြီးတော့ . . ကျွန်တော် ကြာညို့ကို အများကြီး အများကြီးကိုချစ်တာဗျာ"

ခပ်တိုးတိုးဆိုလေသည်၊

"ဟာ . . ဘာဆိုင်လို့လဲ"

ကြာညို ရှက်စနိုးပြော၏၊ ဒီလိုနှင့် ရန်ကုန်အပြန်ခရီးလမ်းမှာပင် ရဲထက်နှင့် ကြာညိုသွယ်တို့ မေတ္တာမျှခဲ့ကြလေသည်၊ မောင်နှင့် သက်ဟူသော အခေါ်အဝေါ်တွေပြောင်းလဲခေါ်ဆိုကြလေသည်၊

♠ ♠ ♠

"သက်"

"ရှင် . . မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန် အထိ တောင် လိုက်ခဲ့ချင်တယ်"

"အိုး . . ."

ကြာညို၏မျက်လုံးလေးတွေ စိုစွတ်သွား၏။

"မကောင်းဘူး မောင်ရယ်၊ တော်ကြာတော့ သက်ကို သူများတွေ ပြောစရာဖြစ်ကုန်ပါမယ်၊ မောင့်စည်းရုံး နေရာမှာတော့ စောင့်စည်းပြီး လူမသိအောင်နေကြ ရင် ကောင်းမယ်ပြီးတော့ . . ခု သက်လိုက်လာ တာက သူများတွေနဲ့မဟုတ်လား မောင်ရယ်"

ရဲထက်ကား စိတ်ဓာတ်တွေကြီးဖြစ်သွား၏။

"မောင်"

"သက်ရယ် . . မောင့်ရင်ထဲမှာ တစ်မျိုးကြီးပဲ"

"သက်လည်း ဒီလိုပါပဲ မောင်ရယ်၊ မြေစရာဖြစ်မှာစိုး လို့သာ သက် မြေ့ရတာပါ၊ တော်နေကြာ . . မကြာ ခဏသွားပါတယ် . . ရှည်းစားတွေလာတယ်လို့ သူ များတွေပြောမှာထက် ဒေါ်ဒေါ်ပါးစပ်ကအရင်ထွက် လာမှာ၊ ဖေဖေတို့ကြားသွားတော့လည်း ဘယ် ကောင်းပါ့မလဲ၊ မဟုတ်ဘူးလား မောင်ရယ်"

"သက်က သိပ်တွေးတတ်တာနော်၊ မောင်တို့အတွက် အဆင်ပြေပြေဖြစ်လာမယ့်လို့ကော သက် ထင်သ





"သက် ထင်ပါတယ်၊ မောင့်လိုလူတော်တစ်ယောက်ကို ဦးဦးမောင်တင်ကအစ စံပြထားပြီး သူသားသမီးတွေ တောင် ဆုံးမနေတာပဲ"

"ဒါဖြင့်ရင် . . မောင့်အတွက်ကတော့ တစ်မဲရပြီပေါ့"

သဘောကျစွာ ရယ်မိကြ၏။

"သက်ရယ် သက်နဲ့ခွဲရမယ့်အကြောင်း တွေးတောင် မတွေးရဲဘူး၊ သက်နဲ့ အေးအေးဆေးဆေးတွေ့ချင် သေးတယ်"

"ငပလီနဲ့ ရန်ကုန်က ဘယ်လောက်မှဝေးတာမှမဟုတ် တာ၊ မောင် ရန်ကုန်လာလည်လို့ရတာပဲဟာ၊ ဦးဦး မောင်တင်တို့နဲ့လည်း မောင် ခင်နေတာပဲ၊ သူတို့အိမ် လာရင် သက် လာတွေ့နိုင်တာပေါ့"

"ဟုတ်တယ် . . မောင်တို့ အလှမ်းမဝေးနိုင်ပါဘူး နော် . . သက်ရယ်၊ မောင့်ဘဝမှာ သက်က ဦးဆုံးချစ်သူ ဆိုတော့ သက်နဲ့ခွဲရမှာ မောင် ကြောက်နေမိတယ်"

"အမယ်လေး . . သူ တော်တော်ပြောတတ်တယ် နော်၊ သူများကျတော့ သူက ဦးဆုံးချစ်သူမဟုတ်ဘာ ကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်မျက်စောင်းလေးကို ထိုးကာ ရယ်မောမိကြလေသည်။

♠ ♠ ♠





၁၉

"အစ်ကိုရဲထက်"

"ဟေ"

"ညှို့သည်တွေပြန်သွားလို့ လွမ်းနေပြီလား"

ခေါင်းကိုလည် စောင်းငဲ့ကြည့်လိုက်၏။ ငုဝါ၏ပြောင်စပ်စပ်မျက်နှာကိုမြင်ရလေသည်။

"ညှို့သည်တွေပြန်တိုင်း လွမ်းရမယ်ဆိုရင် တို့များ ငပလီမှာနေဖို့မကောင်းတော့ဘူး"

ငုဝါထံမှ ရယ်သံကိုကြားရလေသည်။

"ဟောဒီအစ်ကို အားကြီးတတ်တယ်၊ ငုဝါပြောချင်



www.burmeseclassic.com

www.burmeseclassic.com



တာ သိရဲ့သားနဲ့၊ အစ်မကြာညိုသွယ်ကို လွှမ်းနေပြီလားလို့ . . မေးတာရှင့်"

ရဲထက် လှစ်ခနဲပြုံးမိ၏။

ပြီးမှ မျက်နှာထားလေးတည်လိုက်ပြီးမှ . .

"ဘယ့်နဲ့ . . မဟုတ်တာဟာ၊ ဘဘတို့ကြားရင် အဟုတ်မှတ်နေပါ့မယ်"

"ဟုတ်တာပဲ ဥစ္စာ၊ မှတ်ပစေပေါ့"

ကလေးဆန်သော မျက်နှာအမူအရာကိုမြင်ရ၏။

"ငုဝါ"

"ရှင်"

"ငါနဲ့ ကြာညိုသွယ်ကို နှင်သဘောတူသလား"

ကြည်သောမျက်နှာလေး ညိုသွား၏။ ပြီးမှ . . မရယ်ချင် ရယ်ချင် ဟန်လုပ်ရယ်ကာ . . .

"အိုး . . ငုဝါက လူပေါ်ပဲ၊ ဘယ်ပြောတတ်မလဲ၊ ဘဘနဲ့အမေညာကိုမေးဆိုရင် မေးပေးမယ်လေ"

"ငါမေးတာ နှင့်သဘောကိုဟ"

ငုဝါ့ဆံမှ အကြည့်စိမ်းကိုမြင်ရ၏။

"ငုဝါ ဘယ်ပြောတတ်မလဲ၊ သဘောမတူဘူးဆိုရင်





ကော အစ်ကိုက မယူတဲ့နေမလား"

ဒီတစ်ခါ ရဲထက် မဖြေတတ်တဲ့ဖြစ်သွား၏။

"ဘယ်နေလိမ့်မလဲ"

စိတ်ကသာ ဆိုမိ၏။

"အစ်ကိုရဲထက်"

"ဟင်"

"ငုဝါ တစ်ခုပဲစဉ်းစားမိတယ်"

"ဘာစဉ်းစားမိတာလဲ"

"အစ်ကိုတို့လက်ထပ်ပြီးရင် ဘယ်မှာနေကြမလဲ"

ငုဝါကို တအံ့တသြကြည့်မိသည်။ သူတစ်ခါမျှထည့်မစဉ်းစားဖူးသောစကားကို မေးနေပြီ။

"တို့အစ်မကရွာဒီမှာလာနေနိုင်ပါ့မလား။ အစ်ကိုကရော ဒီကအလုပ်တွေနဲ့ ဘန်ဂလိုကိုပစ်ပြီး ရန်ကုန်အထိလိုက်နိုင်မလား"

ရဲထက် သူတို့ပြဿနာ မျှင်းကိုချမိ၏။

"အဲဒီကိစ္စ ငါ မစဉ်းစားမိတာအမှန်ပဲ"

"ဘဘတို့ အမေညာတို့တွေတော့စဉ်းစားမှာပဲ"

ငုဝါကို တအံ့တသြကြည့်မိ၏။

အိုး . . သက်တို့ အလုပ်မလုပ်စေဘူးဆောင်



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးထုံးပါဆိုတဲ့စကားရှိသားပဲ။ သူ ငါ့နောက်ကို လိုက်ခဲ့မှာပါ။ ထိုင်ရာက ထလိုက်၏။

"ဘယ်လဲ အစ်ကိုရဲထက်"

"ညီမလေးဆီ သွားမလို့"

"ငုဝါလည်းလိုက်မယ်"

ခေါင်းကိုညိတ်လိုက်၏။ ငုဝါက သူ့နံဘေးမှာ ပါလာလေသည်။

"အစ်ကိုရဲထက်"

"ဟေ"

"ငုဝါမေးတာ စိတ်ဆိုးသွားသလား"

"ဟ . . ဘာစိတ်ဆိုးစရာရှိသလဲ"

"မသိဘူးလေ . . ငုဝါမြင်တာတော့ အစ်ကိုရဲထက် မျက်နှာပျက်နေသလားလို့"

ခပ်ယဲ့ယဲ့ ပြုံးမိ၏။

"နင် . . ငါ့ကို သိပ်ဂရုစိုက်တာနော်"

"ငုဝါ ဘဝမှာ အစ်ကိုရဲထက်ရယ်၊ ဘဘရယ်၊ အမေညှာရယ်ပဲရှိတာကို"

ငုဝါကို သနားကြည့် ကြည့်မိ၏။ ဤကလေးမလေးက အမေညှာ(ဒေါ်သဲညှာ)၏ဘက်မှ တူမဝမ်းကွဲတော်





စပ်သူဖြစ်၏။ ငုဝါ့ဖခင်က ပင်လယ်ထဲ ငါးရှာထွက်ရာက မုန်တိုင်းမိကာ ဆုံးပါးသွားခဲ့၏။

ငုဝါ၏မိခင်က ခင်ပွန်းစိတ်နှင့်ပင် ဆုံးပါးရရှာ၏။ ထို့ကြောင့် . . တစ်ကောင်ကြွက် တစ်မျက်နှာငယ်ဖြစ်နေသော ငုဝါကို အမေညှာတို့ သနားကရုဏာဖြင့် ကောက်ယူမွေးစားခဲ့ခြင်းပါ။

"တစ်ခါတစ်ခါကျတော့လည်း ငုဝါလေ . . သိပ်အားငယ်တာပဲ"

"ဘာ အားငယ်စရာရှိလဲဟာ၊ နင့်ကို အမေညှာတို့က သမီးရင်းလိုချစ်ကြတာပဲဟာ"

"အစ်ကိုကရော"

ရုတ်တရက် ဘာဖြေရမည်မသိ။

ပြီးမှ . . ရယ်ကာမောကာ ဖြေလိုက်၏။

"ဟ . . နင်လည်း ငါ့ညီမပဲဟာ၊ မေးစရာလိုလား"

"ဒါဖြင့် . . ငုဝါသေရင် ဂူသွင်းထားပြီး ပန်းလေးတွေ တင်ပေးမလားဟင်"

"ဟ . . နင် ရူးနေသလား"

လွှတ်ခနဲ အော်မိလေသည်။

ငုဝါကို စိမ်းစိမ်းကြည့်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



[illegible] “နှင့်တာ [illegible] သေရမှာလဲ” [illegible]

“သေခဲ့ရင် ပြောတာပါ [illegible] ဘယ်သူ့ [illegible]

[illegible] လွမ်းကျွန်ခဲ့မလဲလို့ တစ်ခါတလေ သိပ်သိချင်တာပဲ”

[illegible] “ဩော် [illegible] ငေ့ါရယ်” [illegible]

[illegible]

[illegible]

[illegible] ♠ ♠ ♠ [illegible]”

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]





[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible] ၂၀ [illegible]

[illegible]

[illegible]

. . . [illegible]

[illegible] မောင့်အချစ် သက် . . .

[illegible] အချစ်သည် ချစ်သူတို့အတွက် ပူ

[illegible] လောင်ခြင်းကို တစ်ပြိုင်နက်ဖြစ်ထွန်းစေ

သည်ဆိုတဲ့စကား တယ်မှန်ပါလား မောင့်

[illegible] သက်ရယ် [illegible]

[illegible] သက်ကိုလွမ်းတဲ့စိတ်နဲ့ . . ဘယ်

လောက်ခံစားရတယ်ဆိုတာ စာနဲ့ရေးပြလို့

[illegible] ကောင်း ကုန်မယ်မထင်လေဘူး။

[illegible] ရှိပြီ သာကိုပြန်ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း ခြောက်သွေ့သွားတဲ့ ဘန်ဂလိုကို ကြည့်ပြီး ရင်ထဲမှာ နေမထိ ထိုင်မထိနဲ့၊

သက် ရပ်တဲ့နေရာ၊ သက် ထိုင်တဲ့ နေရာ၊ သက် အိပ်ခန်းကအစ၊ မောင့်မျက်စိထဲ မှာ တရိပ်ရိပ်သာ မြင်ယောင်နေတော့တာပဲ၊

အချစ်သည် လူကို မူးစေ၏။

အချစ်သည် လူကို ထူးစေ၏၊

စတဲ့ မောင့်ရင်ထဲက အဘိဓမ္မာလေးတွေ သဲ သောင်မှာပြြင်ပြြည့်လို့ပေါ့၊

သက်ရယ် . . .

ချစ်မိတော့လည်း ထူးရပြီ၊ မူးရပြီ ထင်ပါရဲ့၊ မောင့်စိတ်ခံစားချက်တွေ တစ်ခါမှ ဒီလောက် ပြင်းပြင်းထန်ထန်မဖြစ်မိပါဘူး နော်၊

ခုတော့ . . . သက်ကိုချစ်တဲ့စိတ်နဲ့ မောင့်ရင်တွေ ပြောင်းဆန်အောင် ခံစားရပြီ ထင်ပါရဲ့၊

မကောင်းတတ်လို့သာနော်၊

ဖြစ်နိုင်မယ်သာဆိုရင် ချက်ချင်းကို





မောင် လိုက်လာမိမှာ . . .

ခုတော့ . . သက် စကားကို မောင် နားထောင်ပါတယ်၊ ဦးဦးမောင်တင်တို့စိတ် ထဲမှာ သံသယမရှိရအောင် သက် မိဘတွေ မသိရအောင် . . ရက်တာရှည်လာမှ အလုပ် အကြောင်းပြချက်နဲ့ ရန်ကုန်လာပြီး သက်နဲ့ တွေ့ရမယ်ဆိုပါတော့။

မောင် နေနိုင်သရွေ့ နေပါ့မယ်၊ အဲ မနေနိုင်လို့ စိတ်အလိုလိုက်ပြီး မောင် လာခဲ့ ရင် မောင့်ကို အပြစ်မဆိုပါနဲ့ သက်ရယ်၊

သက် မျက်နှာလေးကိုမြင်ရရင်တွေ့ ရရင် မောင် စိတ်ချမ်းသာရမှာပါ။

ခုတော့ . . သက် ဓာတ်ပုံကိုပဲကြည့် ပြီး မောင့်မှာ အလွမ်းဖြေနေရပါတယ်၊

သက်ရယ် . . ချစ်တယ် အချစ်ရယ်

သိပ်လွမ်းနေရပါတယ်၊

သက်နဲ့ဆုံတွေ့ရမယ့်နေ့ကို မျှော်လင့်နေမိ တဲ့ . .

မောင်



www.burmeseclassic.com

www.burmeseclassic.com



ကြာညိုသွယ်က စာခေါက်ကလေးကိုခေါက်ကာ ရင်မှာအပ်လိုက်၏။ မျက်လုံးအိမ်ထဲမှာ ရဲထက်ကိုမြင်နေရလေသည်။

သဲသောင်ပြင်ပေါ်မှာစာရေးနေမည့် ကိုရဲထက်။

မိမိကိုမှန်းဆတော လွမ်းတသသဖြင့် ဂစ်တာတီးနေမည့် ကိုရဲထက် . . .

မောင်ရယ် . . .

မောင့်ကို ချစ်သက်ကိုယ်တိုင်လည်း လွမ်းလို့နေရပါတယ်။

လေလီခရီးစဉ်က သက်အတွက် အပန်းမပြေဘဲ ချစ်ဝေဒနာတွေနဲ့ ဖြေခက်လို့ နေရပြီကွယ်။

တံခါးခေါက်သံကြားရလေသည်။

"သမီး . . ထမင်းမစားသေးဘူးဆို နေမကောင်းဘူးနဲ့တူတယ်လို့ ဒေါ်စောက်ပြောလို့"

ပြောရင်းက ကြာညိုသွယ်၏နဖူးကိုစမ်းလေသည်။

"ဪ . . . ရင်ထဲကခံနေလို့ မစားချင်သေးတာနဲ့ မစားတာပါ မေမေ၊ နေကောင်းပါတယ်"





"မောင်လှဖေတောင် ရောက်နေတယ်"

"ဟင်"

နေကောင်းပါတယ်ပြောမိတာ မှားပြီဟု . . စိတ်က ရုတ်ခြည်းတွေးမိ၏။ ရင်ထဲမှာ မကြည်မလင်ရှိသွား၏။ မျက်နှာက ချက်ချင်းပျက်သွားလေသည်။

"နေကောင်းရင်လည်း စကားလေးဘာလေး ထွက်ပြောပါဦး၊ သူက သမီးအလုပ်ရဖို့ပြောပေးရှာတာ"

"အို . . ပြောပေးတိုင်း ရတာမဟုတ်ပါဘူး မေမေရဲ့၊ သမီးကိုယ်ပိုင်အရည်အချင်းရှိမှုလည်း ဖြစ်တာပါ"

"ဟဲ့ . . "

ဒေါ်ခင်ပြုံး၏မျက်လုံးက ပြူးသွားလေသည်။ ညှိခန်းဘက်ကို စိုးရိမ်ကြီးစွာကြည့်၏။

"ဘယ့်နဲ့ပြောလိုက်တာလဲ သမီးရယ် ဟင်၊ လူဆိုတာ နှုတ်နဲ့ဆောင်မခြင်း . . လက်နဲ့ဆောင်မခြင်း၊ ဘယ်လိုပဲရှိရှိ ရှိဘဲ့သူဟာ ကျေးဇူးရှင်ကြီးပဲ၊ ဒီလိုမပြောရဘူးလေ၊ ပြီးတော့ . . သူ့ကြောင့် သမီးမောင်လေးသဘောလိုက်ရတာတွေ၊ အို . . . ကျေးဇူးတွေ နည်းသလားလို့ . . ကိုင်း"

ကြာညိုသွယ်က ခေါင်းကို စိတ်ပျက်လက်



www.burmeseclassic.com

www.burmeseclassic.com



ပျက် ကုတ်မိ၏။

"အို . . ဒီ ကိုလှဖေဆိုတဲ့လူကို သမီးမုန်းပါတယ်၊ လူ ကိုကြည့်ပုံကိုက ရွံစရာကြီး"

"ဩော် . . သမီးရယ်"

ဒေါ်ခင်ပြုံးက သမီး၏ပခုံးလေးကိုဖက်လိုက်လေသည်။

"လောကကြီးမှာ ဘယ်နေရာမဆို အလိမ္မာသုံးရတယ် သမီးရဲ့၊ ထင်ရာစွတ်လုပ်လို့မဖြစ်ဘူး၊ ပြီးတော့ . . စဉ်းစားကြည့်နော်၊ တက္ကသိုလ်ဆရာမလေးဟာ . . အင်မတန်ရိုင်းတယ်လို့ လူပြောတာခံချင်သလား၊ က လေးတွေကို ပညာပေးရမယ့် ဆရာမတစ်ယောက် အနေနဲ့ ယဉ်ကျေးသိမ်မွေ့မှုတွေကိုပြရမယ်"

"မေမေ မသိပါဘူး၊ ဒီလူ . . သမီးကိုတွေ့လိုက်တာနဲ့ ယိသဲ့သဲ့ပြောတာဆိုတာ ဘာကောင်းသလဲ"

"ဟဲ့ . . အပျိုကို လူပျိုက စမှာပဲ၊ ပိုးမှာပဲ သမီးရဲ့၊ ဒါ ဆန်းသလား၊ နွေတုန်းကလည်း ကြည့်၊ မောင်လှ ဖေတို့နဲ့ မေမေတို့ အထက်ဘက်သွားမယ်ဆိုတာနဲ့ ကိုတင်တို့နဲ့ ပေလီလိုက်သွားတာ၊ ဟိုခမျာ . . သမီး မပါမှန်းလည်းသိရော မျက်နှာကိုမဲ့နေတာပဲ"





"အဲဒီတည်းက မေမေတို့သိတယ်နော်၊ သမီး သူ့ကို ဘယ်လောက်မုန်းတယ်ဆိုတာ"

"အေးပါ . . ဒါပေမဲ့ . ."

"တော်ပါ . . မေမေ၊ သူ့စိတ်ကို သိနေတဲ့ဟာ၊ သိရက် နဲ့တော့ သူ့ကို ဟန်ဆောင် ညှာခံမနေပါရစေနဲ့"

"ဟဲ့ . . တယ်ခက်ပါလား"

"မဖြစ်နိုင်တာတစ်ခုကို စတတည်းက ဟန့်တားထား ရင်ကောင်းလိမ့်မယ် မေမေ၊ ဒီလူ ဘယ်လိုလူမျိုးလဲ ဆိုတာ မေမေတို့လည်း သိသားနဲ့၊ သမီး စိတ်ညစ်မခံ ချင်ဘူး၊ သူ့လောက် မိန်းမပွေတဲ့သူမရှိဘူးဆိုတာ မေမေတို့ သိဖို့ကောင်းတယ်"

"ကြည့်စမ်း . . တော်တော်ခက်ပါလား သမီးရယ်၊ ဟင် . . မိဘက ကောင်းစေချင်လို့လမ်းခင်းရင် ခင် ပေးတဲ့လမ်းက လိုက်တတ်ရတယ်"

"ကျန်တာဆို လိုက်ပါတယ်၊ ခုဟာက . . သူ့ကိုမှ မကြိုက်တဲ့ဟာ"

နှုတ်ကပြောမထွက်သော စကားကို ရင်ထဲက ပြောနေမိ၏။ မျက်ရည်က ပိုးပိုးပေါက်ပေါက် ကျလာလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိဘကို တော်တော် ကလန်ကဆန်လုပ်ချင်တဲ့သမီး၊ မိဘဩဇာကို ဘယ်လိုတော်လှန်ရမလဲ ဒါပဲနားလည်တယ်၊ ကတဲတော် . . . မွေးထားတဲ့မိဘထက်ပဲ သူတို့က ပိုတတ်နေကြသေး"

ဒေါ်ခင်ပြုံးက တစွတ်တွတ်ပြောကာ ထွက်သွား၏။ ကြာညိုသွယ်က ခေါင်းအုံးပေါ်မျက်နှာအပ်ကာ ငိုမိလေသည်။

"သမီး . . အိပ်ပျော်နေတယ် မောင်လှဖေ၊ ခေါင်းကိုက်လို့ ဆေးသောက်ပြီးအိပ်နေတာဆိုတော့ မနှိုးတော့ဘူး"

"ဪ . . ရပါတယ်ခင်ဗျ . . ရပါတယ်၊ မနှိုးပါနဲ့ အိပ်ရေးပျက်နေပါ့မယ်"

"မောင်လှဖေကိုတော့ အားနာစရာဖြစ်နေပြီ၊ သမီးက မောင်လှဖေကို ကန်တော့ရဦးမယ်တောင် ပြောနေတာပါ မောင်လှဖေရဲ့ အဟဲ . . ဟဲ . ."

အို . . . မဟုတ်တာတွေ မကြားချင်ဘူး၊ မကြားချင်ဘူး၊ ကြာညိုသွယ်က နားကို ခေါင်းအုံးဖြင့် ဖိပိတ်လိုက်၏။ ထိုအခါ . . မောင့်စာလေးက ခုတင်ပေါ်က လွင့်စင်ကျသွားသဖြင့် ကိုယ်လေးစောင်းငဲ့ကာ ကောက်ယူလိုက်၏၊





မောင်ရယ် . . .

ကြာညိုတို့ပတ်ဝန်းကျင်မှာက ဂုဏ်ပကာသနတွေ၊ ဟန်ဆောင်မှုတွေ၊ လိမ်ညာမှုတွေနဲ့ပြည့်နေတာပါ။

မောင် ပြောသလိုပါပဲ။

စိတ်ချမ်းသာမှုဆိုတာ ရှာမရအောင်ပဲလေ။

ကြာညိုတို့ လက်ထပ်ပြီးရင်တော့ အေးချမ်းသာယာလှတဲ့ မောင့်ကမ္ဘာလေးထဲကိုပဲ အရောက်လာခဲ့ပါ့မယ် မောင်ရယ် . . . .

မောင့်ထံ စိတ်က အစဉ်လိုရောက်နေမိလေသည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com









## ၂၁

"သက်"

"အို . . မောင်"

ကြာညိုသွယ် လွှတ်ခနဲအော်မိ၏။ ပြီးမှ . . အော်မိသောပါးစပ်ကို လက်ဝါးလေးဖြင့်အုပ်၏။

ပတ်ဝန်းကျင်ကို ဝေ့ခနဲကြည့်မိ၏။

တော်ပါသေးရဲ့။

ဆရာများ နားနေခန်းမှာ မည်သူမျှ ရှိမနေပါ။

ကြာညိုသွယ်က ဝမ်းသာအားရပြုံး၏။ မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးလက်ယုက်ကလေးများက ဝမ်းသာမှုကို ပြနေသော်လည်း လူက ဆရာမက္ကန္ဓြေအပြည့်ဖြင့်ပါ။

"မောင်ရယ် . . သက် ဝမ်းသာလိုက်တာ"

တိုးတိုးလေး ဆိုမိလေသည်။ ရဲထက်က ချစ်ရသူကို စိုက်စိုက်ကလေးကြည့်လေသည်။

စကားဝါရောင် ရင့်စေ့လက်ရှည်လေးနှင့် စကားဝါသွေးပါသော ထဘီက ချစ်သူ၏အလှကို ပိုမို၍ လှပစေပါသည်။

"လွမ်းရတဲ့ စိတ်တွေ၊ တွေ့ချင်လွန်းတဲ့စိတ်တွေနဲ့ အအရောက်ပြေးလာမိတော့တာပဲ သက်ရယ်"

"သက်လည်းလေ . . မောင့်ကို ဖြုန်းခနဲ တွေ့လိုက်ရတော့ အံ့ဩဝမ်းသာလိုက်ရတာ၊ မောင် ဘယ်တုန်းကလာတာလဲ"

"အခုပဲ . . သက်၊ မောင် ရောက်ရောက်ချင်း ဦးဦးမောင်တင်တို့ဆီသွားသေးတယ်"

"ဦးဦးတို့နဲ့ တွေ့ခဲ့တယ်ပေါ့"

"ဦးလေးမရှိဘူး သက်ရဲ့၊ ဒေါ်ဒေါ်နဲ့ပဲ တွေ့ရတယ်၊ အဲဒါနဲ့ပဲ ထွန်းထွန်းကိုခေါ်ပြီး သက်ဆီ လာခဲ့တာ"

"ဘယ်မလဲ . . ထွန်းထွန်း"





"ကဲ . . အစ်ကိုရဲထက်၊ စကား အေးအေးဆေးဆေး သာပြော၊ ကျွန်တော် လစ်တော့မယ်တဲ့၊ ရယ်ပြီး ပြေးလေရဲ့"

"အို . . ."

"ထွန်းထွန်းတို့က ရိပ်မိနေပြီနဲ့တူပါတယ်"

"ဟုတ်မှာပေါ့ . . မောင်ရယ်၊ သူက လူလည်ပဲ၊ ခဏနေဦး မောင်၊ သက် ခုပဲ ပြန်လာခဲ့မယ်"

မကြာမီမှာပင် ပြန်ဝင်လာ၏။

"ပြီးခဲ့ပြီ မောင်၊ သက် ခွင့်တောင်းလာခဲ့ပြီ"

"ကျေးဇူးပဲ သက်ရယ်"

"မောင် တစ်ခုခုစားဦးမှပေါ့ ဆာနေမယ်လေ၊ ထမင်းရော စားပြီးပြီလား"

"သက် မျက်နှာလေးကိုမြင်တာနဲ့ အာဟာရသိဒ္ဓိမြောက်သလို ပြည့်စုံပါပြီ သက်ရယ်"

"ကိုပို"

ရယ်မိကြ၏။

ကျောင်းကားဝင်းထဲမှ 'အောင်မြန်မာ'ဆိုင်မှာပဲ ထမင်းစားကြလေသည်။

ချစ်ရသူ၏ မျက်နှာပပဝင်းကို ရဲထက်က



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မဝသောကြည့်ခြင်းဖြင့် စိုက်စိုက်ကလေး ကြည့်နေလေသည်။

"အို . . မောင်ကလည်း"

ကြာညိုက ရှက်စနိုးဆိုလေသည်။ ကြာညိုသွယ်၏ ဝင်းပပမျက်နှာလေးမှာ ပန်းသွေးရောင်ကလေး ပြေးသွား၏။

"ချစ်တယ် . . သက်ရယ်"

တိုးတိုးလေး ဆို၏။

"သိပ်လွမ်းရတာပဲ၊ အဲဒီလိုမှန်းသိ မြန်မလွှတ်တော့ဘဲ သက်ကို တစ်ခါတည်းခိုးပြေးပါတယ်"

ကြာညိုသွယ်က . . 'ပိုတယ်ကွယ်'ဆိုသောအကြည့်ဖြင့် မျက်စောင်းထိုးလေသည်။

"မောင့်လိုပဲ . . သက်လည်း လွမ်းရ တမ်းတရတာပါပဲ မောင်ရယ်"

"တကယ်ပြောတာလား သက်"

"ဆယ်ကယ်"

ရယ်မောကာ ဆို၏။

ရင်ထဲမှာ ကြည်နူးပျော်ရွှင်ခြင်းဖြစ်၏။ ချမ်းမြေ့ခြင်းသည် ဖြစ်၏။ ဆယ်ကျော်သက်အရွယ်လေးများလို





လွတ်လပ်ပျော်ရွှင်ခြင်းကို ခံစားရလေသည်။

ထမင်းစားပြီးနောက်မှာ ကြာညိုသွယ်က ကိုယ်တိုင်မောင်းသောကားဖြင့် ကျောင်းဝင်းထဲမှ ထွက်လာခဲ့လေသည်။

"ဘယ်သွားချင်သလဲ မောင်"

"သက် သဘောပဲလေ၊ မောင်ကတော့ သက်နဲ့ အေးအေးဆေးဆေး စကားပြောရရင်ပြီးတာပဲ"

"ဒါဖြင့်ရင် . . ဝဠ်ကြွေးတော်ပြေဘုရားဝင်းထဲမှာ စကားပြောကြမယ် မောင်၊ အဲဒီက အရမ်းသာယာတာပဲ"

"ဝဠ်ကြွေးတော်ပြေဘုရား ရန်ကုန်မှာရှိတာ မောင်မသိပါလား၊ ဘွဲ့မည်တော်က အရမ်းကောင်းတာပဲ"

"ထင်ရှားကြော်ကြားလာတာ သိပ်မကြာသေးဘူး မောင်ရဲ့၊ မြောက်ဒဂုံ လေးဆယ့်နှစ်ရပ်ကွက်မှာပဲ၊ မယ်လမုဘုရားနဲ့က ချောင်းခြားနေတယ်၊ မယ်လမု တစ်ဖက်ကမ်းမှာရှိတယ်လေ၊ တချို့ကျတော့ မယ်လမုဘုရားနဲ့ ဝဠ်ကြွေးတော်ပြေဘုရားကို လှေကလေးတွေနဲ့ ကူးကြတယ်"

"မောင်တို့ အခုသွားရော့မရော"



www.burmeseclassic.com

www.burmeseclassic.com



"ချောင်းကူးစရာမလိုဘူး၊ ကားလမ်းကသွားလို့ရတယ် မောင်ရဲ့၊ အဲဒီနေရာလေးက အရမ်းသာယာလို့၊ ပြီး တော့ . . နာမည်ကြားရုံနဲ့ ရင်အေးစေလို့ စိတ်ချမ်း သာလို့ မောင့်ကို ခေါ်သွားမှာသိလား"

"ကျေးဇူးပါ ခင်ဗျာ"

ရယ်မောစရာမပါ ပါဘဲ သဘောကျစွာ ရယ် မောမိကြလေသည်။

သတ္တဝါတွေ အနိမ့်အမြင့်သာကွာခြားပြီး တစ်ပြေးညီရှိနေကြတဲ့ ဝဋ်ကြွေးတွေ ပြေအေးစေလို တဲ့ 'မေတ္တာ' . . . .

ဝဋ်ကြွေးတို့နှင့်ထိတွေ့နေ၍ မခံစားနိုင်ခြင်း တို့ကိုကြည့်ပြီး သနားမိခြင်း 'ကရုဏာ'

ဝဋ်တိုသိ၍ တောင်းပန်ဝန်ခံခြင်းကြောင့် ဝဋ် ပြေသည်ကိုမြင်ရ၍ ဝမ်းမြောက်ခြင်း 'မုဒိတာ'

ဝဋ်ကြွေးအပေါင်းတို့ ကုန်ခန်းခြင်းကြောင့် ပြောမပြတတ်သော 'ဥပေက္ခာ' . . မြဟ္မစိုရ်လေးပါ အစစ်ရေစင်ကို သွန်းဖြန်းလျက် . . .

သာသနာ့အကျိုး သတ္တဝါတို့၏အကျိုးကို သယ်ပိုးရသောကြောင့် လွယ်ကူသောတရားအစစ်ကို





ကြားနာကျင့်သုံးပွားများသိမြင်ရ၍ . . . .

(ခိပ္ပာဘိညာ)ရဟန္တာ အမြန်ဖြစ်ရပါလို၏။

ဟူသောဆုတောင်းဖြင့် ရန်အောင်မြင် ကျောင်းတိုက် ဝဋ်ကြွေးတော်ပြေဆရာတော် 'ဘဒ္ဒန္တသီရိပါလ' (ဒီပါရာမ သာသာပြုဆရာတော် တည်ထားကိုးကွယ်သော ဝဋ်ကြွေးပြေစေတီတော်တည်ရာ ဘုရားဝင်းအတွင်းမှာ . . 'လွတ်ငြိမ်းစံ'စေတီ၊ ဆုတောင်းပြည့်ဘုရားဖြင့် စိတ်ငြိမ်းချမ်း သာယာမှုဖြစ်ထွန်းစေပါသည်။

ဝဋ်ကြွေးတော်ပြေဘုရားမှာအလှူတော်ငွေ ထည့်ရင်းမှ . . မိမိအရေးထက် ညီမလေးဇင်မာထက်၏ ဝဋ် ကြွေးများ ကျေပါစေ ပြေပါစေ ကောင်းရာသုဂတိရောက်ပါစေ ဟု ရဲထက် ဆုတောင်းမိခဲ့တာပါ။

ချောင်းကမ်းစပ်မှာ ထိုင်စကားပြောရခြင်းက လေပြည်လေး တဖြူးဖြူးဖြင့်စိတ်ကြည်နူးရွှင်ပျစေလေသည်။

"မောင်ရယ် . . သက်တို့ ဒီလိုပဲ အမြဲတွေ့ဆုံနေရရင် သိပ်ကောင်းမှာနော်"

"လက်ထပ်လိုက်ရင် . . သက် အလိုပြည့်မှာပါ"

"သက်ပြောတာက လက်မထပ်ခင် စပ်ကြားကိုပါ"

"မောင့်ဘက်ကတော့ လက်ထပ်ဖို့အဆင်သင့်ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"သက်း သိပါတယ် မောင်ရယ်၊ သက် စောင့်ခိုင်းတာက လည်း မိဘတွေစိတ်ကျေနပ်အောင် ညှိယူချင်သေးလို့ပါ"

"မောင်တို့အတွက် အခက်အခဲရှိလာလိမ့်မယ်လို့ သက် ထင်သလားဟင်"

"သက် မပြောတတ်ဘူး၊ မေမေတို့ကတစ်မျိုး မောင်ရဲ့"

သက်ပြင်းလေးရှိုက်ကာ ဆို၏။

ကိုလှဖေဆိုသောလူနှင့် ပတ်သက်ဆက်နွှယ်နေမှုများ၊ မေမေဒေါ်ခင်ပြုံး၏ တစ်ယူသန်မှုလေးများ။

ကြာညိုသွယ်၏ရင်ထဲမှာ လေးသွားရပါလေသည်။

"အကြောင်းတစ်စုံတစ်ခုနဲ့ မောင်တို့ကိစ္စ အဆင်မပြေဖြစ်လာမယ်ဆိုရင် . . ."

"အို . . မောင်ကလည်း မဦးမချွတ်"

"သဘောကိုပြောတာပါ၊ သက်မိဘတွေနဲ့ မောင်နဲ့ ဘယ်သူ့ဘက်ကိုလိုက်မလဲ"

ကြာညိုသွယ်က တွေတွေလေးဖြစ်သွား၏။

"ဟင် . . သက်"





"မောင့်ကိုမှ မေမေတို့က လက်မခံနိုင်ဘူးဆိုရင် သက် မောင့်ဘက်လိုက်ရမှာပေါ့"

"ဟာ . . သက်ရယ်၊ ဝမ်းသာလိုက်တာ"

ရဲထက်၏မျက်နှာက ဝင်းထိန်သွားကာ ကြာညိုသွယ်၏လက်ကိုဆုပ်ကိုင်လိုက်၏။

"အို . . မောင်ကလည်း"

ကြာညိုသွယ်က ရှက်ကိုးရှက်ကန်းလေးဖြစ်တာ လက်ကို ကပျာကယာပြန်ရုပ်လေသည်။

"ချစ်တယ် . . သက်ရယ်"

ရဲထက်၏အသံက မချင့်မရဲထွက်ပေါ်လာလေသည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com









## ၂၂

"ဘယ်မှာတည်းသလဲကွယ့် မောင်ရဲထက်"

"ကျွန်တော့်သူငယ်ချင်းအိမ်မှာပါ ခင်ဗျ"

"ကွယ် . . ဦးတို့ရှိရဲ့သားနဲ့ဒီလိုလုပ်တာဘယ်ကောင်းမလဲ၊ မရဘူး . . မရဘူး၊ ဦးတို့အိမ်က အကျယ်ကြီးပါကွယ့်၊ ဒီမှာပဲတည်းပါ"

ဦးမောင်တင်က လှိုက်လှိုက်လှဲလှဲဆိုသကဲ့သို့ ဒေါ်စိန်ကြည်ကလည်း လိမ္မော်ရည်ယူလာရင်းကပင် . . .

"ဟုတ်သားပဲ . . မောင်ရဲထက်ရယ်၊ တခြားလူတွေမှ မဟုတ်တာ၊ ဘာအားနာစရာရှိသလဲ၊ ဒီမှာပဲတည်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"ကျေးဇူး အထူးတင်လှပါပြီ ခင်ဗျာ၊ ကျွန်တော်ကိုယ်တိုင်က မနေတတ်လို့ပါ၊ ရပါတယ် ခင်ဗျ"

"ဟော့ . . မင်းအန်တီကတော့ဖြင့် မင်းအကြောင်းချီးကျူးလို့မဆုံးဘူးနော်၊ ခုခေတ်မှာ မင်းလိုလူငယ်မျိုးတွေ ရှားကုန်ပြီဆိုပြီး မင်းကိုသဘောကျနေတာ"

ဦးမောင်တင်က ပြောင်ပင် ချီးကျူးခန်းဖွင့်ပါတော့သည်။

"ဟုတ်သကွယ်၊ မျက်မြင်ကိုယ်တွေ့ကြီးပါပဲ၊ တချို့ကျတော့လည်း . . ဟိုဟာမလုပ်ချင်၊ ဒီဟာမလုပ်ချင်နဲ့ လက်ကြောတင်းတဲ့သူက အရှားသား၊ ဒါ့ကြောင့် . . အိမ်ကထွန်းထွန်းကိုတောင် မောင်ရဲထက်ကိုအတုယူဖို့လို့ ပြောနေရတယ်"

ရဲထက်က ရှက်ပြုံးပြုံးမိ၏။ မိမိရှေ့မှာ မိမိအကြောင်းချီးကျူးစကားဆိုခြင်းဖြစ်သေရာ မျက်နှာဘယ်လိုထားရမှန်းမသိဖြစ်မိလေ၏။

"ဒါကတော့ခင်ဗျာ၊ အသက်အရွယ်ကလည်း စကားပြောပါသေးတယ်၊ ထွန်းထွန်းတို့ကျတော့ ငယ်သေးတာကိုး"





"မောင်ရဲထက်က ဘယ်နှနှစ်"

ဒေါ်စိန်ကြည်က မိန်းမပီပီ စပ်စုလေပြီ။

"ကျွန်တော် နှစ်ဆယ့်သုံးနှစ်ရှိပါပြီခင်ဗျ"

"အမယ်တော် . . နှစ်ဆယ့်သုံးဆိုတာ ဘာရှိသေးလို့လဲ၊ တချို့ ဒီအရွယ်တွေပါပဲ၊ လုပ်ပားလပ်ယားရှိတုန်းပါ။ ဟို . . . ကြာညိုသွယ်ထက် အငယ်ကောင်ဆိုကြည့်ပါလား၊ ဘွဲ့မရခင်ကလည်း လူက နေပုံထိုင်ပုံ ထောင့်မကျိုးဘူး၊ ဘွဲ့ရပြီးလည်း မိဘကိုဒုက္ခပေးလို့ မဆုံးဘူး၊ အဲ . . ဘွဲ့လည်းရခါနီးရော မိဘကခြေငြိမ်အောင်ဆိုပြီး . . မိန်းမစပ်ပေးပါတယ်၊ အဲဒါလည်း လက်ထပ်ခါနီး စကားများကြလို့ မယူဖြစ်ဘူး မောင်ရဲထက်ရဲ့"

"ဩော် . ."

ရင်ထဲမှာ ဒိတ်ခနဲဖြစ်သွား၏။

"လက်ထပ်ခါနီး စကားများလို့ မယူဖြစ်ဘူး"

ဆိုသောစကားက ရင်ကို ဒိန်းခနဲ ခုန်စေလေသည်။

"ဘယ်လိုများဖြစ်လို့ပါလဲ ခင်ဗျာ"

"ဩော် . . ရန်ကုန်မှာကတော့ ထုံးစံအတိုင်း အခမ်း



www.burmeseclassic.com

www.burmeseclassic.com



အနားကိုစွပေါ့၊ ဘယ်လိုစီစဉ်မယ် ဘာလုပ်မယ်က နေ စကားများတာပဲ၊ ကြာညိုတို့ မေမေကလည်း အင်မတန် ဇီဇာကြောင်တာကလား၊ အဖေက ရိုးပါတယ်၊ အမေက . . .”

“ဟို . . မစိန်ကြည်ကလည်း ဘယ့်နဲ့ တောပြောတောင်ပြော၊ ဒီလိုပဲ မောင်ရဲထက်ရဲ့ နဖူးစာမပါရင် ကြဲဖန်ကွဲကြရတာပဲ၊ သူ့ဘဝအကြောင်းနဲ့သူ လာကြတာကိုး”

ဒေါ်စိန်ကြည်က ပြောရင်း ပြောရင်းမှ အတွင်းရေးလေးများပါလာသဖြင့် ဦးမောင်တင်ကဟန့် လိုက်ရ၏။

ဒေါ်စိန်ကြည်ကမူ မောင်ရဲထက်နှင့်ကြာညိုသွယ်တို့ကိစ္စကိုရိပ်မိသဖြင့် ကြာညိုသွယ်၏မိခင်အကြောင်း ပြောလိုခြင်းဖြစ်ကြောင်း ရဲထက်ကလည်း ရိပ်စားမိလိုက်ပါသည်။

“သောက်ဦး . . လိမ္မော်ရည်လေး”

“ဟုတ်ကဲ့ဦး”

ရဲထက်က လိမ္မော်ရည်ခွက်ကိုကောက်ယူကာ သောက်လိုက်၏။

“ဒီအချိန်ဆိုရင်တော့ ပေလီမှာညှော်ပါးပြီပေါ့နော်





ဟုတ်လား”

“ဟုတ်ကဲ့ ခင်ဗျ၊ ညှော်ပါးပါပြီ၊ အန်တီတို့ပြန်ပြီးခါစကတော့ ညှော်ကျလိုက်တာ ဘန်ဂလိုတွေကိုပြည့်သွားတာပဲ ခင်ဗျ”

“အင်း . . ဟိုမှာတုန်းကတော့ စိတ်ချမ်းသာတယ်၊ နားနားနေနေ နေရတာကိုး၊ ဒီပြန်ရောက်တော့ နေတောင် မနေတတ်သလိုပဲကွဲ့၊ စီးပွားရေးကိစ္စ လူမှုရေးကိစ္စတွေနဲ့ ခေါင်းကိုရှုပ်နေတာပဲ၊ နောင်နှစ်တွေ အဆင်ပြေရင်တော့ လာဦးမယ်ကွဲ့”

“ဟုတ်ကဲ့ ခင်ဗျ . . လာပါ၊ ကျွန်တော်ရှိနေတာပဲ၊ ဘန်ဂလိုခတောင်ပေးစရာမလိုတော့ပါဘူး ခင်ဗျာ၊ ရင်းနှီးတဲ့မိတ်ဆွေတွေဖြစ်နေပြီပဲ”

“အို . . ဒီလိုဘယ်ဟုတ်မလဲ၊ စီးပွားရေးနဲ့လူမှုရေး ရောမတွက်နဲ့ကွဲ့”

ဦးမောင်တင်က ခေါင်းငုံ့ကာ မီးညှိနေဆဲ ဒေါ်စိန်ကြည်က ‘မောင်ရဲထက်နဲ့က ဆွေမျိုးတွေပဲဟာ’ ဟု မကြားတကြား နောက်ပြောင်ဆိုလေသည်။

ဦးမောင်တင်၏ခေါင်းပြန်လှည့်လာသော အခါ ဒေါ်စိန်ကြည်က ပါးစပ်ကလေး လက်နှင့်အုပ်ကာ ရယ်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။

"လူဆိုတာ ရရင်ယူမယ့်သူချည်းပဲ၊ ပေးကမ်းမှန်းသိရင် တောင်းမယ့်သူချည်းပဲ၊ သူ့ဒုက္ခကိုသိတတ်တဲ့သူက ရှားသားကွ၊ ကိုယ့်ဒုက္ခပဲသိတတ်ကြတယ်၊ စာနာစိတ် တယ်မရှိပါဘူး၊ ဒါ လူထုံးစံ၊ သူ့ဆီက ကိုယ်ယူထားလို့ သူမရှိတဲ့အခါ ကိုယ်ပြန်ပေးမယ်ဆိုတဲ့စိတ်မျိုး ဘယ် သူရှိမလဲ . . ရှာကြည့်၊ ဝေးပါ့မောင်၊ ဒါကြောင့် . . ပြောထားမယ် . . ငယ်တုန်းမှာ ရှာသာရှာ၊အေး . . သမာသမတ်နဲ့ပေါ့ကွာ၊ အိုစာနာစာမရှိရင် မလွယ် ဘူး၊ ပေးကမ်းရက်ရောလို့ကတော့ ကုဋေရှစ်ဆယ်သူ ဌေးသားတောင် ဘယ်ခံနိုင်လို့လဲ"

"ဟုတ်ကဲ့ . . ခင်ဗျ"

"ဒါကြောင့် . . စီးပွားရေးဟာ စီးပွားရေး၊ လူမှုရေး ဟာ လူမှုရေး . . မရောယှက်မိစေနဲ့၊ အေး . . ဈေး သည်များကြည့် . . ဘယ်လောက်ခင်ခင် ဈေးသွား ဝယ်ရင် ပိုက်ဆံပေးရတာပဲကွဲ့၊ မပေးရဘူးမျိုး မရှိ ဘူး၊ ဒါ . . လမ်းမှန်တယ်လေ၊ ဈေးရောင်းတာပဲ ဝေသန္တရာ အလှူ လှူတာမှမဟုတ်တာ"

"ရဲထက်ရေ . . မင်းဦးလေးကတော့ ဦးပုံစံကြီးကွဲ့၊





သူတို့အမျိုးတွေက တယ်စီးပွားရေးတွက်ကိန်း တွက် တတ်ကြတာပဲ၊ မှတ်ထား"

ဒေါ်စိန်ကြည်က ရယ်ကာ မောကာ ဆိုပါ လေသည်။

"ဒါ . . အမှန်တရားတွေ ပြောနေတာကွဲ့၊ လူ့ဘဝမှာ ကျုပ်တို့က နှစ်ပေါင်းလေးဆယ်ကျော်ပေါ့လေ . . လျှောက်ခဲ့ရတော့ ဘဝအတွေ့အကြုံက စုံနေပြီ၊ မသိ သေးသူကို သိအောင်ပြောရတယ် မစိန်ကြည်ရဲ့၊ လူ မနောကို လူဖြစ်ပေမယ့် တော်တော်လေ့လာယူမှ သိတာနော်"

"ဟုတ်ကဲ့ခင်ဗျ၊ ကျေးဇူးတင်ပါတယ်"

"အေး . . ဒီတော့ . . သဘောကောင်းလွန်းရင် ခက် မယ်၊ ဘယ်လောက် ရင်းနှီးရင်းနှီး သူ့အခန့်သူ ယူ သာယူ"

ရဲထက် ပြုံးနေလေသည်။

"ကျုပ်ပြောတာ သဘောပေါက်တယ်နော်"

"ဟုတ်ကဲ့ . . သဘောပေါက်ပါတယ် ခင်ဗျာ"

ရဲထက်က ခေါင်းလေးညွတ်ကာ ပြောရာက ဦးမောင်တင်ကို လေးစားသည်ထက် လေးစားသွားပါလေ



www.burmeseclassic.com

www.burmeseclassic.com



သတည်း။

♠ ♠ ♠





## ၂၉

"ဦးဦးက အဲဒီလိုပဲ မောင်ရဲ့၊ သူခင်တဲ့သူကို သိပ်ဆုံးမတတ်တာပဲ"

ရဲထက်နှင့်ကြာညိုသွယ်တို့ဆုံမိသောအခါ ထိုစကားက စ၍ပြန်ပြောပြမိချေ၏။

"သူ့ ဆုံးမတာ ကောင်းပါတယ် သက်၊ မောင်တို့အနေနဲ့ အမှုမဲ့အမှတ်မဲ့ လိုက်လျောမှုတွေက နောက်ဆုံးမှာ ထိခိုက်လာစရာတွေ တွေ့ခဲ့ရဖူးပါတယ်၊ ဒီတော့ ဆင်ခြင်ရမှာပေါ့၊ သူ့စကားတွေက လိုက်နာရမယ့်အချက်တွေပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦးက စကားမပြောရင်လည်းနေရော . . ပြောရင်လည်း အမျှင်မပြတ်တော့ဘူး မောင်ရဲ့၊ ဒါပေမဲ့ . . သူ့စကားတွေက စေတနာကောင်းတွေချည်းပါပဲ"

"သူ့စေတနာကို မောင် နားလည်ပါတယ်ကွာ"

အင်းလျားကန်ဘောင်ရိုးမှာ ပခုံးချင်းထိလုလုကပ်တာထိုင်ကြ၏။

တစ်ချက်တစ်ချက်၌ ကြာညိုသွယ်၏လက်ကလေးကို ရင်ခွင်မှာ ထွေးပိုက်ထား၏။

တစ်ချက်တစ်ချက် ခိုး၍နမ်း၏။

ဩော် . . ချစ်တတ်လွန်းလှပါတဲ့ မောင်ရယ်။

"မောင်"

"ဗျာ . ."

"သက်ကို သိပ်ချစ်တာပဲလားဟင်"

"ဘယ့်နဲ့မေးပါလိမ့် သက်ရယ်၊ ချစ်ရလွန်းလို့ ရင်ကွဲမတတ်ခံစားနေရတဲ့ကောင်ပါ"

"အို . . မောင်ရယ်"

ကြာညိုသွယ်၏ခေါင်းလေးက ကိုရဲထက်၏ပခုံးလေးပေါ်ငဲ့ကျသွား၏။

ရဲထက်က ချစ်ရသူ၏ခေါင်းလေးပေါ် ခေါင်း





လေးမြှန်ငဲ့လိုက်၏။ ချစ်သူ၏ဆံပင်မှ ဆီမွှေးနံ့သင်းသင်းကိုရ၏။

"သက် . ."

"မောင်ရယ်"

"မောင် ပြန်ရတော့မယ်"

ကြာညိုသွယ်ထံမှ သက်ပြင်းချသံကိုကြားရ၏။ ရဲထက်ကို ခေါင်းလေးမော်ကြည့်၏။

"သက်ရင်ထဲမှာ ခံစားရပါတယ် မောင်ရယ်"

"မောင်တို့ မြန်မြန်နီးချင်ပြီ"

"သက်လည်း မောင့်လိုပဲပေါ့ အချစ်ရယ်"

"နောက်တစ်ခေါက်လာရင်တော့ သက်တို့အိမ်ကို မောင်လာခဲ့မယ်နော်"

"အခုမခေါ်တာ . . ဘယ်လိုမှမအောက်မေ့စေချင်ဘူးနော် မောင်၊ ပေလီကပြန်လာတာ မကြာသေးဘူး၊ ပေလီကနေ မောင် လိုက်လာတယ်ဆိုရင် မေမေ ရိပ်မိသွားနိုင်လို့ပါ"

"မောင် နားလည်ပါတယ် အချစ်ရယ်"

"သက်ကို စိတ်ချပါ မောင်၊ သက် မောင့်ကို ဘယ်လိုနည်းနဲ့မှ မခွဲနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တတ်တယ်၊ စကားတတ်မလေး၊ မောင့်ကို ဒါနဲ့ပဲ ချွဲနေတော့တာပဲနော်"

"မောင်ရယ် . . မပြောပြတတ်လို့ပါ၊ ပြောပြတတ်ရင် ရင်ထဲကခံစားချက်တွေ မောင် ပိုပြီးသိစေချင်တယ်"

"ဩော် . . သက်ရယ်"

"မောင့်ကို အိမ်မခေါ်ရ၊ ထမင်းတစ်နပ်မှ မကျွေးရနဲ့ သက် မောင့်ကို ဒီညနေ ထမင်းကျွေးချင်တယ်ကွယ်၊ ဟိုနေ့ကလည်း မောင်ကျွေးတာစားခဲ့ရတယ်"

"ဟာ . . ရပါတယ် သက်ရယ်၊ ဒီလိုပြောရမယ့်သူတွေမှ မဟုတ်တာ"

"မဟုတ်ဘူး မောင်၊ သက် ကျွေးပါရစေ မောင်ရယ်၊ မှတ်မှတ်ရရ ရှိစေချင်လို့ပါ နော်"

"ဘယ်မှာစားမလဲ"

"ယုဇနမှာ ဘူဖေးသွားစားကြမယ်"

"ကိုင်း . . ဒါဖြင့် ထ"

ရဲထက်က ကြာညိုသွယ်၏လက်ကလေးကို ဆွဲထူမ၏။ ကြာညိုသွယ်က တွဲခိုထစဉ်မှာပင် . . .

"ဟင် . ."

ဖြတ်သွားသောကားတစ်စီးမှ လူတစ်ယောက်





၏မျက်လုံးအစုံက လည်ပြန်ကလေးကြည့်မိသွား၏။ ကားအရှိန် လျှော့သွား၏။

"ကြာညိုသွယ်ပါလား"

ဟူ၍ သိလိုက်သောအခါ၌ ထိုသူ၏မျက်မှောင်က ကုတ်သွားရပေတော့၏။

ထိုသူကား . . ကိုလှဖေပါ။

♠ ♠ ♠

"အဲဒီလူဟာ ဘယ်သူလဲဆိုတာ မမေ မသိရဘူးလား သမီး၊ သူများနားလျှံမှ မိဘနားပေါက်တာကျတော့ ကောင်းသလားဟင်၊ ငါ့သမီးလေး လိမ္မာတယ်ဆိုမှ ယောက်မ,မြင်းစီးထွက်တယ်"

"အို . . မမေပြောတာ သမီး တစ်လုံးမှ နားမလည်ဘူး၊ သမီး ဘယ်သွားလို့လဲ"

ကြာညိုသွယ်က ကဲကဲဆတ်ကလေး ပြန်ဖြေမိပါချေ၏။ ဒေါ်ခင်ပြုံးက မီးဝင်းဝင်းတောက်မတတ် မျက်လုံးများဖြင့် သမီးကို အကဲခတ်ကြည့်နေလေသည်။

"အေး . . မသွားတာ မသွားတယ်၊ တွေ့တဲ့လူက မျက်



www.burmeseclassic.com

www.burmeseclassic.com



စိန်နဲ့တာ်အပ်ကိုတွေ့လာတာ၊ အဲဒီလူက ဘောင်းဘီ ရှည် မီးခိုးရောင်နဲ့ အင်္ကျီအဖြူ လက်ရှည်ခေါက်တင် ထားတယ်လေ၊ ကိုင်း . . ဘာပြောမလဲ"

အမယ်လေး . . တယ်တိကျပါလား။

စိတ်ကတွေးမိ၏။

ဘယ်သူတွေများ တွေ့သွားပါလိမ့်။

စိတ်ဖြင့် ရှာဖွေကြည့်၏။ ဘယ်သူမှန်း မစဉ်း စားတတ်အောင်ပါ။

"ဒါကြောင့် မောင်လှဖေကို ခါးခါးသီးသီးဖြစ်နေတာ မဟုတ်လားဟင်"

"အို . . မဟုတ်တာ"

"ဒါဖြင့် . . အဲဒီတစ်ယောက်က ဘယ်ကလဲ"

ကြာညိုက ပြောရကောင်းမလား၊ မပြောရ ကောင်းမလား ချိန်ဆ မရနိုင်ပါ။

"အို . . ခုချက်ချင်း ယူကြဦးမှာမှ မဟုတ်တာ၊ မရှိဘူးပဲ ပြော၊ နင့်မို့ ဇယားရှုပ်မယ်"ဟု တွေးမိ၏။

"ရှိမှ မရှိတာ ဘယ်လိုပြောရမလဲ"

"ကြာညိုရယ် . . ညည်း မလိမ်ပါနဲ့၊ အဲဒီနေ့က ကေသီ တို့ဆီသွားလည်မယ် ပြောသွားခဲ့တာမဟုတ်လား၊ ငါ





ကေသီ့ကို မေးပြီးပြီ၊ ကေသီဆီ ညည်းမရောက်ဘူး"

"သမီး ကလေးမဟုတ်ပါဘူး မေမေ၊ အရွယ်ရောက် နေပါပြီ၊ မှန်ကန်တဲ့လမ်းကြောင်းမှာ ရပ်တည်နိုင်ပါ တယ်"

"အမယ်လေး . . ကြာညိုရယ် . . မကြာညိုရယ်၊ မအေကိုတောင် ဒီလိုစကားမျိုးတွေနဲ့ ခံပြောတတ်ပြီ ပေါ့၊ အေး . . . မရှိဘူးမှန်ရင် ပိုကောင်းတာပေါ့၊ မောင်လှဖေနဲ့ မြန်းထားလိုက်မယ်"

"အို . . မဟုတ်တာ"

ကြာညိုက အလန့်တကြား အော်မိ၏။

"သမီးက . . ဆရာမတစ်ယောက်ပါ မေမေ၊ ကနလေး မဟုတ်ပါဘူး၊ ဖွတ်အကျပ်မကိုင်ပါနဲ့"

"အေး . . ငါ့သမီး ကလေးတစ်ယောက်မဟုတ်တော့ လို့ ဆရာမတစ်ယောက်မို့ လမ်းဘေးက ကြမ်းပိုး တေလေတွေနဲ့ ရသွားမှာစိုးရိမ်ရတာပေါ့၊ ကိုင်း . . ပြော . . သူကဘယ်သူလဲ"

"ပေလီကပါ မေမေ"

"မြတ်စွာဘုရား၊ ပေလီသွားတာ ရည်းစားတွေ့လာခဲ့ တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘွဲ့ရပြီးသား၊ ဘန်ဂလိုပိုင်ရှင်ပါ မေမေ၊ အင်မတန် ရိုးသားဖြောင့်မတ်သူပါ"

"အိုးအိုး . ."

အံ့သြဟန်ပြ၏။ မျက်လုံးပြူး၏။ နှုတ်ခမ်းကို မဲ့၏။

"သိပ်တော်တယ်နော်၊ ကိုကိုတင်တို့ကျေးဇူးကြောင့် ငါ့သမီးလေး ရည်းစားရလာခဲ့ရတယ်၊ ဟွန်း . . မရဘူး မရဘူး၊ အကြောင်းမသိ ဘာမသိနဲ့ တစ်ရပ်တဝေးကလူကိုများ စိတ်ကူးရတယ်လို့အေ"

ကြာညိုသွယ် ပင့်သက်ချမိ၏။

ပြဿနာဖြစ်ပြီဟု ရင်ထဲ လေးသွားလေသည်။

"ငါ စုံစမ်းကြည့်ဦးမယ်၊ အေး . . ငါသဘောတူလို့ကတော့ ပေးစားမယ်၊ သဘောမတူရင် မောင်လှဖေနဲ့ မြန်းမယ်၊ ဒါပဲ"

ဒေါ်ခင်ပြုံး၏ခြေဆောင့်နင်းသံက ဝေး၍ဝေး၍ သွား၏။ ကြာညိုသွယ်က ပြတင်းပေါက်မှမြင်နေရသော ကောင်းကင်ပြာကြီးကို မော်ကြည့်မိ၏။ ပင့်သက်ချမိ၏။

"ဩော် . . ခုလောက်ဆို . . မောင် ငပလီပြန်ရောက်





ပြီပေါ့၊ ဒီမှာတော့ အမျိုးမျိုးကြုံနေရပြီ မောင်ရေ"

မျက်ရည်ဝဲဖြင့် ရင်ထဲဆို့နစ်အောင် လွမ်းလေသည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com









## ၂၄

"ဟော . . ဟောဗိ . . အစ်ကိုရဲထက်က ရန်ကုန်မသွားခင်က တစ်မျိုး၊ ရန်ကုန်ကပြန်လာပြီးပြန်တော့လည်း လွှမ်းဖျားလွှမ်းနာကျနေတာပဲလား"

ငုဝါက စွင့်ကားသောတင်ပါးလေးပေါ် ခါးလေးထောက်ကာ အနားရောက်လာ၏။

စွပ်ကျယ်လက်ပြတ်နှင့် ဘောင်းဘီရှည်ကို ဒူးဆစ်ထိခေါက်လိပ်ကာတင်ထားသော ရဲထက်၏ဟန်က ကြည့်ကောင်းနေလေသည်။

"ဟ . . ငါ့ဘာသာ နေတာ၊ဘယ့်နှဲလာပြီး တော့တ်တာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြောနေတာလဲ . . ဟင်”

“အိုး . . ပြောမှာပေါ့၊ အလုပ်သာလုပ်နေတယ် . . စိတ်က ရန်ကုန်မှာပါနော် သိပါတယ်၊ မျက်နှာကို ကြည့် မှိုင်လို့၊ လွမ်းလို့၊ ဟောဒီလို . . ဟောဒီလို”

ပြောရာက မျက်နှာအမူအရာက မှိုင်ဟန် လွမ်းဟန်ပြ၏။

“ကြည့်စမ်း . . ခွေးမလေး၊ နင် တော်တော်တတ်နေး အမူအရာက တစ်ခါတည်း ရုပ်ရှင်မင်းသမီးရှုံးတယ်”

ငုဝါက ဟက်ဟက်ပက်ပက်ရယ်လေသည်။

“အစ်ကိုရဲထက် ရည်းစားထားတာ တကတဲတော် . . တစ်ကမ္ဘာလုံးသိတယ်”

“အေးပေါ့ . . နင် ရည်းစားထားတာကျတော့ လူ ဘယ်သိမလဲ”

“အမယ်လေး . . အမယ်လေး . . တော်ပါ၊ တော်ပါ နော် . . ငုဝါမှာ ဘာရည်းစားမှ မရှိပါဘူး”

“ယုံမယ်၊ နင်လည်း ခုတလော တော်တော်ရှိုးလုပ်”

“ရှိုးသာလုပ်ရမယ် အစ်ကိုရယ်၊ ဘာမှလည်း မဝတ်ရ မစားရပါလား”

“ဒါနဲ့ . . ငါ ရန်ကုန်ကဝယ်လာတဲ့ အင်္ကျီစလေး ချုပ်





ပြီးပြီလား”

“ပြီးပြီ”

“ဝတ်တာ မတွေ့လို့”

“အစ်ကိုတို့မင်္ဂလာဆောင်ကျမှ ဝတ်မယ်လေ”

ပြုံးမျက်နှာဖြင့်ဆိုလေသည်။

“ငါက ရန်ကုန်မှာသွားဆောင်မှာဟ”

“လိုက်မှာပေါ့လို့”

“နင့် ဘယ်သူကခေါ်မယ်ပြောလို့လဲ”

ငုဝါ၏မျက်နှာက ကွက်ခနဲပျက်သွား၏။

“ဒါဖြင့် . . ငုဝါက သတို့သမီးအရန်မလုပ်ရဘူးပေါ့”

“လုပ်ရမယ် အားကြီး၊ နင် သတို့သမီးအရန်လုပ်ရင် သတို့သမီးအလှပါ ပျက်သွားမယ်”

“ဟောတော့ . .”

ငုဝါ၏မျက်နှာက တဖြည်းဖြည်းမဲ့လာ၏။ မျက်ရည်က ဝဲတက်လာ၏။ ချက်ချင်းပင် ငိုချတော့မည့်ပုံပေါ်တာ ထပြေးမည်အပြု . . ရဲထက်က ဆွဲထားလေ၏။

“ဟ . . ဒါက ဘာဖြစ်တာလဲ”

“ဟာ . . အစ်ကိုက သူများဆို အားကြီးနှိမ်တာကိုး”

“ဟ . . နင် အရူးလားဟ၊ နင့်နှယ်ဟာ . . နောက်လို့



www.burmeseclassic.com

www.burmeseclassic.com



နောက်မှန်းမသိ ခွေးမ"

ငုဝါ ငိုမြဲပါ။

"မျက်ရည်သုတ်လေဟာ၊ အလကား စိ,တာကို၊ ငါ့မှာ စ,စရာဆိုလို့ နင်တစ်ယောက်ပဲရှိတာ မဟုတ်လား၊ တိတ်ပါဟာ . . နင်ကလည်း"

ရဲထက်က ငုဝါကို ချော့နေစဉ်မှာပင် . . .

အိမ်ပေါ်မှဒေါ်သဲညွာက ကလေးနှစ်ယောက်ကိုလှမ်းကြည့်ရာက ခင်ပွန်းသည် ဦးစိန်ကြိုင်ကို လက်ကုတ်လေသည်။

"ကိုစိန်ကြိုင်ရယ် . . သူတို့ကလေးနှစ်ယောက်သာ နေရာချပေးလိုက်ရင် ကျွန်မတို့ ဘယ်လောက်စိတ်အေးရမလဲလို့နော်"

ကိုစိန်ကြိုင်က လှမ်းကြည့်ရာက ခေါင်းညိတ်၏။

"ဒါပေါ့ဟာ၊ ဒါပေမဲ့ . . လူကလေးက ရန်ကုန်က မိန်းကလေးကို မေတ္တာရှိတယ်ဆိုတော့ ဘယ်တတ်နိုင်မလဲ၊ သူ့ နဖူးစာပေါ့"

ကွမ်းသီးဝါးရင်းကဆိုလေရာ . . .

ဒေါ်သဲညွာမှာ ခေါင်းတညိတ်ညိတ်ဖြစ်ရ





လေ၏။

♠ ♠ ♠

"မြတ်နိုးသူရယ် . . ချစ်မိုးစွေခဲ့တယ် . .
ဘုံကြီးပြတ်တဲ့ ဒေဝီနတ်မျိုးနွယ် . ."

ကြာညိုသွယ်၏နားထဲမှာ သီချင်းသံသဲ့သဲ့ကိုကြားရ၏။ ကျောင်းမှ လေ့ကျင့်ခန်းစာအုပ်ကလေးများကိုကြည့်နေရာက ခေါင်းလေးငဲ့ကြည့်မိ၏။ နားစွင့်မိ၏။ သြော် . . တစ်ဖက်အိမ်မှ ကက်ဆက်သံပါ။

စိတ်က ငပလီကို ပြန်ရောက်သွား၏။ စိတ်မျက်စိထဲမှာ ဂစ်တာတီးနေသော ရဲထက်ကိုမြင်မိ၏။

မိမိတို့ပြန်ရတော့မည်ဖြစ်စဉ်က ရဲထက် ချစ်မိုးစွေသီချင်းဆိုကာ ညမအိပ်နိုင်ဖြစ်ရသည်ကို မြင်ယောင်၏။

ရွှေလသာသောည . . .

တစ်ယောက်မျက်နှာတစ်ယောက် မဝသောကြည့်ခြင်းဖြင့် ကြည့်မိပါသောည။

မိမိလက်ကို တအားဆုပ်ကိုင်ထားပါသော



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရလေသူ။

ဩော် .. လွမ်းရပါလေပြီ။

ရင်မှာ .. ဆို့နင့်စွာ ခံစားရပါချေပြီ။

"ခင်ပျိုနှမရယ် .. ယဉ်တစ်ကိုယ်လှတယ်
ရွှေအားတော်ငယ်ငယ် .. သနားစိတ်နဲ့ ချစ်
စမ်းပါကွယ်"

ကြာညိုက ထိုင်ရာက ထမိ၏။

ထနေရာက ထိုင်မိ၏။

ရင်ထဲမှာ နှလုံးသည်းပွတ်တို့၏ နာကျင်ခြင်းကို ခံရ၏။

မောင်ရယ် ...

မျက်စိထဲမှာ ရဲထက်ကိုသာမြင်မိ၏။

ရဲထက်ခမျာ သောင်ကမ်းပေါ် ထိုင်ကာ မိမိကို အလွမ်းကြီး လွမ်းရှာနေလေသည်လား။

သီချင်းသံက နားထဲမှာ ကြားလျက်သားရှိ၏။ ကြာညိုသွယ် မနေနိုင်တော့ပြီ။ မောင့်ဆီ စာရေးမိပါပြီ။

သက်ချစ်ရတဲ့မောင်ရယ် ...

တမ်းတ လွမ်းရတဲ့စိတ်တွေနဲ့ သက်
စာရေးလိုက်ပါတယ် အချစ်ရယ် ...





တစ်ဖက်အိမ်ကဖွင့်တဲ့ ကက်ဆက်
သံကနေ ချစ်မိုးစွေသီချင်းကို ကြားရလေရဲ့
မောင် ...

သက်စိတ်ထဲမှာလေ .. သက်တို့
ပြန်မယ့်ညက မောင်ဂစ်တာတီးပြီး သီချင်း
ဆိုတာကို ပြန်ကြားယောင်မိပါတယ်၊ လွမ်း
တယ် မောင်ရယ် ...

မောင့်ကို သက် သိပ်လွမ်းရပါတယ်၊
ဝေးဝေးနေရကာမှ မောင့်ကို ပိုမြတ်နိုးမိ
တွယ်တာမိမှန်း သက် သိရပါပြီ။

ကြာညိုသွယ်က ချစ်သော မောင့်ထံစာရေးနေစဉ်မှာ အပြင်ထွက်သွားသော ဒေါ်ခင်မြုံးက ဦးမောင်တင်နှင့်ဒေါ်စိန်ကြည်တို့၏အိမ်တွင် ရောက်ရှိနေသည်ကို ကြာညို မသိလေပါ။

"တော်ပါတော့ .. ကိုကိုတင်၊ တော်ပါတော့၊ ဘန်ဂလို
သေးသေးရှိတာနဲ့ပဲ လူတော်လူကောင်းတစ်ယောက်
လို့ .. ကိုကိုတင် သတ်မှတ်တာ အံ့ အံ့ပါရဲ့"

ဒေါ်ခင်မြုံးက သူ့ရင်ဘတ်သူပုတ်ကာ ဆိုပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ဒီလောက်နဲ့ဆို ငါပြောပါ့မလား မပြုံးရ၊ လူငယ်တစ်ယောက်ဟာ အချိန်ကို တန်ဖိုးရှိရှိ အသုံးချတတ်တာ . . ပင်ကိုယ်အရည်အသွေးရှိတာတွေ ငါပြောနေတာ မပြုံး၊ ဘွဲ့ရတာနဲ့ ရတဲ့လခလေးယူပြီး ကိုယ်ပိုင်အရည်အချင်းမရှိတဲ့သူတွေ တစ်ပုံကြီး၊ တချို့ဆို ဘွဲ့ပိုက်ပြီး အလုပ်စောင့်နေရတဲ့သူတွေ တစ်ပုံကြီး၊ နင် ခုခေတ်မှာ မောင်ရဲထက်လို အချိန်ပို မထားဘဲအသုံးချတတ်တဲ့သူ 'အလုပ်ဟူသမျှ ဂုဏ်ရှိစွ'ဆိုပြီး . . ဘယ်အလုပ်ဖြစ်ဖြစ် လုပ်ရဲကိုင်ရဲတဲ့သူ တွေ့ဖူးသလား . . ကိုင်း"

"အိုး . . ဒါက သူ့အဆင့်နဲ့သူကိုး ကိုကိုရဲ့၊ လုပ်နေကျကိုင်နေကျလူကတော့ . . ဒါပဲ လုပ်တော့ကိုင်တော့မပေါ့၊ ဘွဲ့ရပြီးပေမယ့် သင့်တဲ့အလုပ်မရလို့ ရရာဝင်လုပ်နေရတာလည်းဖြစ်မှာပေါ့၊ တွေ့ရာလူကိုအထင်ကြီးနေလို့မရဘူးနော်"

"အင်း . . နင့်စိတ်ဓာတ်က ခုထိမပြောင်းလဲသေးဘဲကိုး မပြုံး၊ လေဘဝင်ဟပ်ပြီး ပန်ကာပေါ်တော်တော်တက်ထိုင်ချင်တယ်"

"ကိုကိုတင် ဘယ်လိုပြောလိုက်တာလဲ"





ဒေါ်ခင်ပြုံးက ခြေဆောင့်ပြီး ထိုင်ရာက အထ ဒေါ်စိန်ကြည်က ယောက်မကိုဆွဲပြီး ထိုင်စေလေ၏။

"ဟုတ်သားပဲ၊ ရှင် စကားပြောတာ နားဝင်အောင်ပြောမှပေါ့ ကိုတင်ရဲ့၊ ထိုင်ပါ . . ပြုံး၊ ကိုတင်က ပါးစပ်ထဲတွေ့ရာစွပ်ပြောတာပါ . . ထိုင်ပါ၊ ပြုံးကကွယ် . . ကိုယ့်အစ်ကိုအကြောင်းလည်း ကိုယ်သိသားနဲ့၊ အဟင်း . . ဟင်း"

ဒေါ်စိန်ကြည်က ရယ်သွမ်းသွေးကာ ဆိုလေသည်။

"စိန်စိန်ပဲ စဉ်းစားကြည့်လေ၊ ဘွဲ့ရတာတစ်ခုကလွဲလို့ ဘာမက်စရာရှိသလဲ၊ ဘန်ဂလိုရှိပေမယ့် ညှော်လာမှ ငွေရမှာ"

ဒေါ်စိန်ကြည်က ယောက်မဘက်မှလိုက်ကာ ခေါင်းညိတ်ရမလို၊ ခပ်ပွန်းသည်ဘက်မှလိုက်ကာ ခေါင်းခါရတော့မလိုဖြင့် ဘာလုပ်ရမည်မသိဖြစ်သွားရလေ၏။

"ဒီကောင် . . ဟိုတလောကလာတာလည်း ကိုကိုတင်တို့ဆီ ဝင်မှာထွက်မှာပဲ၊ သမီးနဲ့ချိန်းတွေ့ကြတဲ့ ကိစ္စအထိ ကိုကိုတင်တို့ သိမှာသေချာတယ်၊ ဒါနဲ့တောင် ကိုယ့်သားသမီးမဟုတ်ကော့ တွေ့ရာလူနဲ့ပေးလွှတ်



www.burmeseclassic.com

www.burmeseclassic.com



တာ အံ့ပါရဲ့ ကိုကိုတင်ရယ်"

"ဟ . . မိပြုံး၊ နင် တယ်စော်ကားပါလား"

ဒီတစ်ခါ ဒေါသက ဦးမောင်တင်ဘက်သို့ ပြောင်းဦးလှည့်သွား၏။

"ငါဟာ လူကြီးပါ မိပြုံးရဲ့၊ ကြာညိုသွယ်က ငါ့တူမ အရင်းကြီးပါဟ၊ ငါ ဒီလောက်ထိ သေးနုပ်ရမလား ပြောစမ်းပါဟ မိပြုံး၊ နင် မကျေနပ်ရင် နင့်သမီး နင်ထိန်း၊ နင်ဘာမှ သူများတကာကိုလိုက်ခွပ်နေစရာမလိုဘူး"

ဦးမောင်တင်၏အသံက ကျယ်လောင်စွာ ထွက်ပေါ်လာပေ၏။

"ဩော် . . ဩော် . . ပြောတတ်ပါပေရဲ့၊ ကိုကိုတင်ရယ်နော်၊ ကျွန်မသမီးလေးကို ငပလီခေါ်သွားကောင်းလို့ . . မတော်မတဲ့လူနဲ့တွေ့ရပြီရှင့်၊ ကျွန်မသာ ပါကြည့် . . ခုလိုမဖြစ်စေရဘူး . . ခုတော့ . ."

"ဟေ့ . . နင်တော်တော့ မိပြုံး၊ နင်က ဘယ်လိုကောင်လဲမေးလို့ ငါဖြေရတာ၊ ပေးစားပါလို့ ငါမပြောဘူး၊ နင့်သမီး နင်လုပ်ချင်ရာလုပ်နိုင်တယ်၊ အေး . . နင်တို့ ဂုဏ်တော်ဇာတ်မက်ကြ၊ ဂုဏ်မျက်နှာတပ်





ထားတဲ့ လူသိမ်လူဖျင်းတွေပဲ အထင်ကြီးကြ၊ နင်တို့ထဲ ငါ မဝင်ပါဘူး၊ နင် ပြန်နိုင်ပြီ၊ မစိန် . . တံခါးဖွင့်ပေးလိုက်"

ဦးမောင်တင်က ပြောပြောဆိုဆို အတွင်းခန်းထဲသို့ ဝင်၏။ ဒေါ်ခင်ပြုံးက ဒေါသဖြင့် တဆတ်ဆတ်တုန်ကာ ဒေါသသာကြီးနိုင်၏။ အသံမထွက်နိုင်ပြီ။

"ပြော . . ပြော . . ကိုယ့်သမီးမဟုတ်တော့ ပြောအားရှိတာပေါ့၊ အမယ်လေး . . ငါ့ပါ နှင်တယ်တော့"

ဒေါ်ခင်ပြုံးမှာ ဒေါသကဖိသဖြင့် အသံမထွက်နိုင်ဘဲ အသံသေးသေးသာ ပေါ်လာလျက် မျက်လုံးပြူးကာ တက်မတတ်ရှိလေရာ ဒေါ်စိန်ကြည်က 'ပြုံး' . . 'ပြုံး'နှင့် တတွတ်တွတ် ခေါ်လျက် ပြုစုရပေတော့၏။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com









## ၂၅

"အစ်ကိုရေ . . အစ်ကိုရဲထက်"ဟူ၍

ရဲထက်က ငါးဖမ်းထွက်သော ဂါးများဖြင့် ပင်လယ်ထဲထိ လိုက်ပါသွားရာက ပြန်အလာ ငုဝါက အပြေးလေး ဆီးကြိုလေသည်။

ဂါးထဲမှာ ငါးမျိုးစုံက အပြည့်ရယ်ပါ။

ငါးဖမ်းထွက်ရာတွင် တချို့က ပင်လယ်ထဲအထိ ထွက်၏။ တချို့က ပေလီတမ်းခြေကမ်းစပ်မှာပင် ပိုက်တွန်ဖြန့်ပြီး ဖမ်း၏။

ရသောငါးများကာ တောင်းထဲမှာ ပြည့်



www.burmeseclassic.com

www.burmeseclassic.com



မော်ကွက်သည်သာ။

ယခုလည်း . . .

"ကြည့်စမ်း . . အစ်ကိုရဲထက်ရယ်၊ ငါးတွေ များမှ များပဲနော်"

"အေးဟ . . အဲတာ ရန်ကုန်ကို ငါးပိလုပ်ပို့ဖို့လေ ငါ့ဖို့ ရှယ်ယာပါတယ်"

မြူးမြူးကြီးပြောလိုက်သော ရဲထက်၏စကားကြောင့် ငုဝါ၏နှုတ်ခမ်းလေးက စူသွားရလေ၏။

"အမယ်လေး . . အစ်ကိုရဲထက်ရယ်၊ အမေညှာတို့သိရင်တော့ ရင်ကျိုးပြီပဲ၊ အိမ်ဖို့တော့ မဟုတ်ဘဲ . . ရန်ကုန်ပို့ဖို့ရယ်လို့"

"သက်က ဒီက ငါးပိစားကောင်းတယ်ဆိုလို့ဟ၊ နင်လည်း . . ရန်ကုန်သားရရင် ဒီလိုပဲနေမှာပါ ငုဝါရယ်"

"တော်ပါ . . အမယ် . . ရန်ကုန်သားဆိုလို့ ပြောရဦးမယ်၊ 'ဇင်ရိပ်သာ'မှာ ဧည့်သည်တွေ ရောက်နေတယ်တော့"

"ဟေ . ."

"ရန်ကုန်ကဧည့်သည်တွေတဲ့တော့"





"ဟင်"

ရဲထက်မျက်လုံး ဝင်းသွားလေပြီ။

"ဦးလေး ဦးမောင်တင်တို့များလားဟာ၊ ကြာညိုတို့နဲ့ အတူလာတဲ့ ဟိုဦးလေးကြီးလေ"

"ဟာ . . မဟုတ်ပါဘူး၊ အခုဟာက လူငယ်တွေချည်းပဲ၊ နေပါဦး . . သုံးယောက် လေးယောက်၊ အဲ . . ငါးယောက်တောင်မှ"

"သြော် . ."

ရဲထက်က ခေါင်းညိတ်၏။

"ခဏနော်"

ဟုဆိုရာက ငါးဖမ်းအုပ်စုဆီ စကားသွားပြော၏။

ပြီးမှ . . ပြန်လာ၏။

"ပင်ပန်းလိုက်တာ ငုဝါရာ၊ ဒီတစ်ခါ မုန်တိုင်းမိလို့ဟ၊ လူတွေကို ချာချာလည်သွားတာပဲ"

"အစ်ကိုက မိုးတွင်းကြီးသွားတာကိုး၊ အမေညှာက တောင် စိတ်ပူနေတာ သိလား"

ငုဝါနှင့် နှစ်ယောက်သားယှဉ်လျှောက်ရာတာခြေလှမ်းက တန့်သွား၏။ တစ်စုံတရာကို စဉ်းစားဟန် တွေသွား



www.burmeseclassic.com

www.burmeseclassic.com



၏။

"လာလေ . . အစ်ကို ရဲထက်"

"နေပါဦးဟ၊ ငါ ဇင်ရိပ်သာဘက် သွားကြည့်ရကောင်း မလားလို့"

"ဟာ . . ပင်ပန်းလာတဲ့ဥစ္စာ၊ အစ်ကိုကလည်း . . လာပါ၊ ထမင်းစား ရေမိုးချိုးပြီးမှ သွားစမ်းပါ"

"အေးဟ"

ကိုရဲထက်က ခြံဘက်သို့လျှောက်လာခဲ့၏။

"ဟော . . လူလေးတောင် ပြန်လာမှုကိုး"

အမေညွာက ဝမ်းသာအားရဆီးကြိုလေ သည်။

"အဆင်ပြေရဲ့လား လူလေး"

"ပြေပါတယ် ကြီးမေ"

"တို့များတောင် စိတ်ပူနေတာ၊ ဘယ့်နဲ့ကွယ် . . ဟို နှစ်ရက်သုံးရက်ကများ မိုးမှောင်ကြီးကျပြီး မည်းနေ တာ၊ လူလေးတို့ ပင်လယ်ထဲသွားတဲ့သူတွေအတွက် ဆုတောင်းလိုက်ရတာ"

ရဲထက်က အပေါ်အင်္ကျီကိုချွတ်၏။

"နည်းနည်းတော့ လန့်သွားကြတာပဲ ကြီးမေ၊ မုန်တိုင်း





မိတော့ ပြန်ရောက်ကြပါတော့မလားတောင် အောက် မေ့မိတာ"

"အေးကွယ် . . ဘုရားတန်ခိုးတော်ကြောင့် ချောချော မောမော ပြန်ရောက်ပေတာပဲ၊ ကဲ . . . ရေမိုးချိုး အနားယူ၊ သား . . ပင်ပန်းလာတဲ့ဥစ္စာ"

ရဲထက်က ရေတွင်းမှရေငင်ကာ ရေတစ်ဝချိုး ပစ်လိုက်၏။ ရေချိုးပြီး ကြမ်းပြင်ပေါ် သင်ဖြူးလေးဆွဲခင်းကာ လှဲချလိုက်၏။

"ဟဲ့ . . လူလေး၊ ထမင်းစားတော့မလား သား"

ဒေါ်သဲညွာက အသံပြု၏။

သို့သော် . . မလှုပ်။

"ဟဲ့ . . လူလေး"

ထပ်ခေါ်နေလေသည်။

"အိပ်ပျော်နေပြီ အမေညွာရဲ့"

"ဟေ"

ငုဝါပြောမှ ခေါင်းလေးထောင်ကြည့်၏။

ဟုတ်ပါရဲ့။ လူလေး အိပ်နေလိုက်သည်မှာ တရှူးရှူးတောင် ဟောက်လို့။

သဘောကျစွာ ပြုံးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ရွယ်သူများကျတော့ ခေါင်းချသည်နှင့် အိပ်ပျော်လေသည်။ မိမိတို့များကျတော့ . . .

သက်ပြင်းတစ်ချက်ကို ချမိ၏။

တစ်ခါတစ်ရံ တစ်ညလုံးနေ၍ တစ်မှေးပင် မရလျှင် မရတတ်။ အသက်ကြီးလာရင်တော့ ဖောက်ပြန်သည်က များပြားလာလေပြီ။

"ဘဘတောင် ထမင်းစား မလာပါလား အမေညွှာ"

"အေးဟဲ့ . . ဟုတ်သားပဲ"

ငုဝါပြောမှ ဒေါ်သဲညွှာသတိရ၏။ ဒေါ်သဲညွှာနှင့် ဦးစိန်ကြိုင်မှာ ခြံထဲနှင့်ဇင်ရိပ်သာမှာ တစ်လှည့်စီ အစောင့်ကျ၏။

ရဲထက် ပင်လက်ထဲထွက်သဖြင့် ဦးစိန်ကြိုင်က ဇင်ရိပ်သာသွားစောင့်ပေးခြင်းပါ။

"နင့်ဘဘ ဘယ်များခရီးလွန်နေပါလိမ့်"

"ညှိသည်တွေကိုစွန့် ရှုပ်နေသလားမှ မသိတာ"

"အေးလေ"

"ငုဝါ သွားခေါ်လိုက်ရမလား အမေညွှာ"

"ဟင်"

ငုဝါ ကိုလှည့်ကြည့်ပြီး ခေါ်ခိုင်းရကောင်း





မလား တွေးနေမိ၏။ စိတ်ထဲမှာ ဇဝေဇဝါ . . .

"သူက အလုပ်ထဲစိတ်ပါရင် ပါသလို လုပ်နေတတ်တာ၊ သွားခေါ်လိုက်မယ် . . ဟုတ်လား"

"အေးဟယ် . . လူလေးပြန်လာတာလည်း သူ သိလောက်ရဲ့နဲ့ . . ပြန်လာတာမဟုတ်ဘူး၊ ခေါ်ချင်လည်း ခေါ်လေ"

ဒေါ်သဲညွှာက ငုဝါ၏ ဖွံ့ထွားသောကိုယ်လုံးလေးကိုကြည့်ကာ ပင့်သက်ချမိ၏။

အင်း . . ကလေးမလေးက ကြီးလာမှ ပိုလှလာလိုက်တာ . . .

စိတ်ကတွေးမိ၏။

ထိုအခါမှ ဇင်ရိပ်သာမှာတည်းခိုသူများက ကောင်လေးတွေချည်းပါလားဟု သတိရ၏။

ငုဝါကိုလွှတ်လို့ တော်မှ တော်ပါ့မလား။

"ငုဝါ . . ဟေ . . ငုဝါ"

လှမ်းအော်ခေါ်၏။

သို့သော် . . ငယ်ရွယ်သော ငုဝါ၏ခြေလှမ်းများက အဝေးသို့ရောက်သွားပြီ။

အချိန်ကလည်း ဆွဲချလိုက်သကဲ့သို့ မြန်၏။



www.burmeseclassic.com

www.burmeseclassic.com



စောစောကပင် လင်းသေး၏။ ယခု . . မှောင်ပြီ။

ဒေါ်သဲညွှာက မမြင်ရတော့သော မှောင်ထဲသို့ငေးစိုက်ကြည့်နေပြီးမှ . . .

"ခေါ်လို့လည်းမရ၊ မတတ်နိုင်ဘူးလေ"ဟု တွေးမိ၏။

ဟင်းချိုအိုး နွှေး၏။

ကိုစိန်ကြိုင်ပြန်လာလျှင် လူလေးရဲထက်ကိုနှိုးပြီး ထမင်းကျွေးမည်ဟူသော အတွေးဖြင့် ထမင်းပွဲအဆင်သင့်ပြင်၏။

နွှေးထားသောဟင်းအိုးလည်း ပူချေပြီ။

ဦးစိန်ကြိုင်လည်း မလာ။

ငဝါလည်း မလာ။

ရင်မှာ ပူလာပြီ။

ထိုစဉ်မှာပင် . . 'အင်း'ခနဲ ညည်းသံကိုကြားရ၏။ လှည့်ကြည့်လိုက်၏။

ဟော . . ရဲထက် . . လူးလွန့်လာပြီ။

"သား . . လူလေး၊ ရဲထက်"

ခေါ်လိုက်၏။

မျက်လုံး ပွင့်လာလေသည်။

"ပင်ပန်းလို့နဲ့တူတယ်၊ ခေါင်းချတာနဲ့ အိပ်ပျော်သွားလိုက်တာ"

"ဟုတ်ပါရဲ့ ကြီးမေရယ်"

ရဲထက်က ထထိုင်၏။ အပြင်ကိုလှမ်းကြည့်၏။

"ဟောဗျ . . မိုးတောင်ချုပ်လာပြီ"

"အေးကွဲ့ . . ငဝါလည်း ပြန်မလာလို့"

"ငဝါ ဘယ်သွားလို့လဲ"

"သူ့အဘ သွားခေါ်တာလေ"

"ဪ"

ရဲထက်က ထိုင်ရာက ထ၏။

"ဒီကောင်မလေးကလည်း မှောင်တောင်လာပြီ၊ သွက်သွက် ပြန်မလာဘူး"

အပြင်ကို ကဲကြည့်ရာက ဆို၏။

"အေးကွဲ့ . . လူလေးရဲ့၊ မင်း လိုက်သွားဦးမှ ထင်တယ်"

"ဟုတ်ကဲ့"

ရဲထက်က ပြောပြောဆိုဆို အိမ်ပေါ်က ခုန်ဆင်းလာခဲ့၏။ ခြံထဲနှင့် ဖင်ရိပ်သာက အတန်းငယ်လှမ်း၏။ စက်ဘီးစီးကာ ထွက်ခဲ့လေသည်။





www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ငုဝါမှာ အရက်မူးနေသော ဧည့်သည်နှစ်ယောက်၏တားဆီးခြင်းခံနေရလေသည်။

"ဘဘရေ . . ဘဘ"

ဘဘကို မတွေ့ရ၊ ထို့ကြောင့် . . ဇင်ရိပ်သာပေါ်မျာ းရောက်နေရော့သလားဟု ဇင်ရိပ်သာအောက်မှ မော့ကြည့်၏။

"ဘဘရေ"

ခေါ်ကြည့်၏။

"ဟေ . ."

ဟု ထူးသံကိုကြားရ၏။ သို့သော် . . ဘဘမဟုတ်ဘဲ ရဲထက်ကိုအကဲခတ်ရန် ခေါ်ခင်ပြုံးလွှတ်လိုက်သောကိုလှဖေနှင့်အဖွဲ့ဖြစ်နေလေသည်။

"ဟ . . တယ်လှတဲ့ မဒီနှမပါလား ကိုလှဖေရဲ့"

အရက်မူးမူးဖြင့် သွေးဆိုးနေကြပြီဖြစ်သောအဖွဲ့မှာ ဘာဘာညာညာမစဉ်းစားဘဲ ပြတင်းပေါက်မှ ခုန်ချသူက ခုန်ချ၏။ ဝရန်တာမှ ခုန်ဆင်းသူက ဆင်း၏။

ငုဝါကို ရှေ့နောက် ပိတ်မိသွားလေပြီ။

"အို . . ရှင် . . ရှင်တို့ ဒါ ဘာလုပ်တာလဲဟင်"

"ဘာမှ မလုပ်ရသေးပါလား မိန်းကလေးရယ်၊ နာမည်





လေးတစ်ဆိတ်လောက် မသိရဘူးလား၊ ဟား . . ဟား"

"ဟုတ်ပါရဲ့ . . လှလွန်းလို့ မေးမိတာပါကွယ်"

အရက်သံပါပါဖြင့် ပြောဆိုသံ၊ ကြည့်ဟန်ကရွံ့စရာပါ။

"ဒီမှာ . . ရှင်တို့ လူကို ဘာမှတ်နေသလဲ၊ ဖယ်ပါ"

"အိုး . . အို . . ငါ့ညီမက ဒေါသချည်းပဲကိုး ဟင်၊ ဒီမှာကွဲ့ . . သောက်မလားအရက် . . ဟင်၊ ဒါလေးသောက်လိုက်ရင် လောကကြီးကိုမေ့ ကမ္ဘာကြီးကိုမေ့၊ ဟား . . ဟား . . ဟား"

ဘန်ဂလိုတစ်ခုနှင့်တစ်ခု အလှမ်းကျဲစွာဆောက်ထားခြင်းကြောင့်လည်းကောင်း မှောင်စပျိုးနေသောညဦးယံမှာ လှိုင်းပုတ်သံက မင်းမူနေသည်ဖြစ်ရာ ငုဝါအဖြစ်ကို သတိထားမိသူမရှိ။

ခက်ပြီ။

ဘဘ ဘယ်ရောက်နေပါလိမ့်။

အမှန်စင်စစ် ငုဝါက အပြင်လမ်း(ေတ္တရာလမ်းမ)ဘက်မှလာခေါ် ချိန်တွင် ဘဘဦးစိန်ကြိုင်က သောင်ပြင်မှ ပြန်သွားခြင်းဖြင့် လမ်းလွဲသွားခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ငုဝါမျက်နှာမှာ ချွေးလေးများ သီးနေလေပြီ။ အရက်သမားနှစ်ယောက်က တဖြည်းဖြည်းနှင့် အနားကပ်လာကြပါပြီ။

"ဒီမှာ . . ဒီမှာ ရှင်တို့ဖယ်နော်၊ ကျွန်မကို ဘာအောက်မေ့နေလဲ၊ ဒီမှာလာတည်းပြီး ဒီကလူကိုစော်ကားတာ ရှင်တို့ လူရိုင်းတွေ၊ အရိုင်းတွေ"

"ဟား . . ဟား . . ဟား"

အားရပါးရ အော်ရယ်ကြသံက ဆူညံသွား၏။

"ချစ်လို့ခင်လို့ နာမည်လေးမေးတာပဲကွယ်၊ ဒါ ရိုင်းသတဲ့လား၊ အစ်ကိုကြီးက လူယဉ်ကျေးကြီးပါ၊ လူကြီးလူကောင်းပါ၊ အိုင်အမ် ဂျင်းတားမင်းန်"

"ဟင် . . ရှင် . . အနားမကပ်နဲ့နော်၊ ရှင့်ဘာသာရှင် ဂျင်းဖြစ်ဖြစ် မိတ်သလင်ဖြစ်ဖြစ် ရှင်တို့လူယုတ်မာတွေ"

"ဟား . . ဟား . . ဟား"

"အို . . ."

ငုဝါက အတင်စွတ်ရုန်းရင်း ထွက်ပြေး၏။ လှဖေက ငုဝါလက်ကို ဆွဲဖမ်းထားလိုက်ချိန်တွင် . . .





ရဲထက်၏စက်ဘီးက ဇင်ရိပ်သာဝင်းထဲသို့ ဝင်လာခဲ့၏။

"အို . . ရှင် . . ရှင်တို့ လွှတ်ဆိုရင်လွှတ်"

ဗလုံးဗထွေးအသံ။

"ဟာ . . "

ရဲထက်က စက်ဘီးကိုပစ်ချကာ လူရိပ်မြင်ရာ ပြေးလာခဲ့၏။

"အစ်ကိုရဲထက် အစ်ကို"

"ဟေ့ . . ရဲထက်တဲ့ကွ"

လှဖေ၏မြားဦးက ရဲထက်ထံရောက်၏။ ငုဝါကိုလွှတ်လိုက်၏။ ပြေးဝင်လာသော ရဲထက်ကို ခြေဖြင့် ကျုံးတန်၏။

ရဲထက်က ကိုယ်တစ်ပတ်လှည့်ရှောင်လိုက်ကာ ညာလက်ဖြင့် လှဖေ၏မေးရိုးကို ရိုက်၏။ ဘယ်လက်ဖြင့် နောက်ကဝင်လာသူကို ခုတ်ချလိုက်၏။

သုံးယောက်နှင့်တစ်ယောက် အကြိတ်အနယ် ချရလေပြီ။ ဘန်ဂလိုပေါ်မှ လူနှစ်ယောက်ကပါ ခုန်ဆင်းလာသောအခါ၌ကား ငါးယောက် တစ်ယောက်ဖြစ်ရလေပြီ။

"မင်းလားကွ၊ ဘီအက်စီကျောင်းသား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းလားကွ . . ငါ့ရည်းစားကြာညိုသွယ်ကို လုဘဲ့ ကောင်"

စသောစကားလေးများကို တစ်ယောက်တစ်ခွန်းပြောဆိုကာ အတင်းဝင် အတင်းလုံး သတ်ပုတ်နေကြသည်က ရဲထက်က ဦးစွာအသာရသည့်တိုင် . . .

ငါးယောက်တစ်ယောက်မို့ အပြင်းအထန် သတ်ပုတ်နေရလေသည်။

ရဲထက်ဘက်က ကူညီရန် ငုဝါက ထံပိုးကြီးကို ပြေးယူကာ ဝိုင်းရိုက်ပေးရာမှ . . .

ရဲထက် လွတ်မြောက်၏။

အနိုင်ဘက်မှပြန်ရ၏။

အရက်မူးသူတို့ ပြေးကြရလေပြီ။

ရဲထက်ကား မောဟိုက်ကျန်ရစ်ခဲ့လေသည်။

"အစ်ကိုရဲထက်"

"နင် တော်တော်အတင့်ရဲတယ် ငုဝါ၊ အရက်သမားဆိုတာ အစိုးရတာမဟုတ်ဘူးဟ၊ ဘာလို့ လာရတာလဲ"

"ငုဝါ ဘဘကိုလာခေါ်တာပါ"

"အေး . . နင် အရင်လို ကလေးမဟုတ်တော့ဘူး၊ လက်လွတ်စပယ် လျှောက်လျှောက်မသွားနဲ့၊ ခု . .





နင် ကံကောင်းလို့ သိရဲ့လား"

ငုဝါက ခေါင်းလေးငုံ့သွား၏။

မျက်ရည်ပေါက်ပေါက် ကျလာ၏။

"ဟဲ့ . . အဲဒါက ဘာလို့ငိုရတာလဲ"

"အစ်ကိုက ဆူတာကိုးလို့"

"အမယ် . . ငါက ဆူရုံတင် ဆူတာမဟုတ်ဘူး၊ ရိုက်တောင် ရိုက်ချင်တာ သိလား၊ ကဲ . . ထ . . ပြန်မယ်၊ ဟိုကျ ဘာမှမပြောနဲ့၊ လူကြီးတွေ စိတ်ပူနေမယ်"

နှစ်ယောက်သား တွဲထူချိန်တွင် မျက်စိထဲ ဝေ့ခနဲဖြစ်သွား၏။

"ဟာ . . ဘာလဲဟာ"

ရဲထက် မျက်မှောင်ကြုတ်ကြည့်၏။

"ဟိုကောင်တွေ . . အစ်ကို့ကို ရှိသေးလားလို့ကြည့်တာနဲ့တူပါတယ်၊ ကဲ . . လာပါ . . သွားကြမယ်"

"ဓာတ်ပုံရိုက်တာထင်တယ်၊ ဒီကောင်တွေတော့ နှင်ပစ်မယ်၊ ငါ့ဘန်ဂလိုမှာ မနေစေဘူး"

"အင်းပါ . . အဲဒါ နောက်မှပြော . . သွားမယ်၊ ကဲ . . ကဲ . . လာ"

ရဲထက်၏စက်ဘီးပေါ်သို့ ငုဝါတက်ထိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ရဲထက်တို့စက်ဘီးထွက်သွားမှ မှောင်ရိပ်ခိုနေသူများ ထွက်လာကြ၏။

ကိုလှဖေ၏လက်ထဲမှာ ကင်မရာနှင့်ပါ။

"ကတဲကွာ . . ရုပ်ရှင်မင်းသား မင်းသမီးတွဲနေတဲ့ပုံကျနေတာပဲ၊ ဒါ . . အကွက်ကောင်းပဲကွ၊ဒေါ်ခင်ပြုံးကို ဒီပုံပြလိုက်ရင် အဘွားကြီး ထွန့်ထွန့်လူးသွားမှာသေချာတယ် ဟေ့ကောင်၊ ကိုင်း . . တို့လိုချင်တဲ့အကွက်ရပြီ၊ ဒီကောင် နောက်တစ်ခေါက်ပြန်မလာဘူးလို့ မပြောနိုင်ဘူး၊ လစ်ကြမယ်"

ကိုလှဖေကား အထိုးအကြိတ်ခံလိုက်ရသဖြင့် မျက်နှာတစ်ခုလုံး ဖူးရောင်နေသည့်တိုင် အကွက်ကောင်းမိလိုက်သဖြင့် သူ့အတွေးနှင့်သူ ပြုံးပြုံးကြီးဖြစ်နေလေသည်။

♠ ♠ ♠





## ၂၆

"မင်းလားကွ . . ဘိအက်စ်စီကျောင်းသား"

"မင်းလားကွ ငါ့ရည်းစား ကြာညိုသွယ်ကိုလုတဲ့ကောင်"

"သိဂ္ဂရွှေခွက်ထဲက စပျစ်ရည်နဲ့ မင်းနဲ့ဘာမှမဆိုင်ဘူး"

ရဲထက်၏နားထဲမှာ ထိုအသံများကိုသာ အဖန် တလဲလဲကြားမိ၏။ အိပ်ရာထဲမှာ လူးလှိမ့်မိ၏။

"မင်းလားကွ . . ငါ့ရည်းစား ကြာညိုသွယ်ကိုလုတဲ့ကောင်"တဲ့ ထူးဆန်းလှချည်လား . . .

ဒီစကားကိုပြောရိုးမှန်ရင် ဒီကောင်တွေဟာ

www.burmeseclassic.com



ကြာညိုသွယ်တို့နှင့်ပတ်သက်နေတဲ့သူပဲဖြစ်ရမယ်။

ပြီးတော့ . . သူပြောသလို သက်ဟာ သူ ရည်းစားများလား . . .

"သက်ပြောခဲ့ပြီကော မောင်ရယ်၊ သက် ချစ်ရတဲ့သူ ဟာ သက်,လက်ထပ်မယ့်သူပဲဖြစ်ရမယ်လို့"

"သက်လို သစ္စာရှိတဲ့မိန်းကလေးတွေ ခုခေတ်မှာ ရှားကုန်ပါပြီကွယ်၊ သက်ကို မောင်ချစ်ရတာ သိပ်ကံကောင်းပါလား သက်ရယ် ဟင်"

မိမိတို့နှစ်ယောက်ပြောခဲ့သောစကားကို အမှတ်ရမိ၏။

နာကျင်သွားသောပါးရိုးကို စမ်းမိ၏။

"မောင် . . ကံကောင်းလား မကောင်းလားမသိဘူး သက်ရေ၊ လောလောဆယ်တော့ . . မောင် အထိုးခံလိုက်ရပါပကော"

မချိပြုံး ပြုံးမိလေသည်။

"ဟုတ်တယ် သက်၊ မောင်တို့ အလှမ်းမဝေးနိုင်ပါဘူး နော်၊ သက်ရယ် . . မောင့်ဘဝမှာ သက်က ဦးဆုံးချစ်သူဆိုတော့ သက်နဲ့ခွဲရမှာ မောင် ကြောက်နေမိတယ်"





"အမယ်လေး . . သူ တော်တော်ပြောတတ်တယ် နော်၊ သူများကျတော့ သူက ဦးဆုံးချစ်သူမဟုတ်တာကျနေတာပဲ"

ကြာညိုသွယ်၏အသံကိုကြားနေမိပါသည်။

"စောစောက သက်ကို သူရည်းစားလို့ ပြောသွားသူ ဟာ ဘယ်သူများပါလိမ့်"

သိချင်စိတ်က လူကိုဆွဲထူလိုက်သကဲ့သို့ရှိ၏။ လှဲနေရာက ထ၏။ အိမ်ထဲကိုကြည့်လိုက်၏။ တစ်အိမ်လုံး အိပ်မောကျနေကြပါပြီ။

ရဲထက်က ခြံထဲဆင်းခဲ့၏။ စက်ဘီးကိုဆွဲကာ ဇင်ရိပ်သာသို့ အပြင်းနင်းမိ၏။

သို့သော် . . .

ဘန်ဂလိုမှာ မည်သူမျှမရှိပါ။

ရဲထက်၏စိတ်မှာ ဇဝေဇဝါဖြစ်၍ ကျန်ရစ်ရပါပြီ။

ဘယ်သူတွေလဲ . . .

ဘယ်ကလဲ . . . .

ဘာ့ကြောင့် ချက်ချင်းလစ်ပြေးရတာလဲ။

စောစောကအဖြစ်က မူး၍ဖြစ်ရသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မလွှတ်နိုင်သည်ကား ဖြေသာပါသည်၊

ယခုလို ညကြီးမင်းကြီး ထွက်သွားကြခြင်းကား အကြောင်းတစ်စုံတစ်ရာကြောင့် ရောက်လာသည်ဟုသာ မှတ်ချက်ချနိုင်၏။

ရင်ထဲမှာ လိပ်ခဲတည်းလည်းဖြစ်သွားရသည်နှင့်အမျှ . . .

တည်းခိုသူများ၏နာမည်စာရင်းစာအုပ်ကို လှန်ကြည့်လိုက်၏။

သို့သော် . . .

နောက်ဆုံးစာမျက်နှာကို ဆုတ်ထားသည်ကို တွေ့ရပါလေသည်။

ရဲထက်၏တက်ခေါက်သံက ပြန်းထန်စွာပေါ် ထွက်လာရလေ၏။

♠ ♠ ♠

"ကဲ . . မြင်ပြီမဟုတ်လား သမီး"

"အို . ."

ကြာညိုသွယ်၏မျက်လုံးလေးများက ပြာသွား





ရပါပြီ။ ဓာတ်ပုံထဲမှာ ရဲထက်နှင့်မိန်းကလေးတစ်ယောက်၏ ပုံက အထင်းသားပေါ်နေလေသည်။

တစ်ယောက်ကိုတစ်ယောက် ကယုကတင်ရှိနေပုံပါ။ အကြင်နာများစွာဖြင့် ကြည့်နေကြပုံပါ။

"ဒါ . . ဒါ ငုဝါ . . ငုဝါခင်ပါလား"

ဓာတ်ပုံကို တဆတ်ဆတ်တုန်သောလက်တလေးဖြင့် ကိုင်မိ၏။

သူပြောတော့ ငုဝါက ကြီးမေတို့မွေးစားသမီးတဲ့။

သူနဲ့က မောင်နှမပေါ့။

အို . . မောင်နှမချင်းရော သည်လောက်ပဲ အရောတဝင်ဖြစ်နေရမတဲ့လား။

မျက်လုံးတွေကိုက . . တစ်ယောက်နဲ့တစ်ယောက် သိပ် ကြင်နာမြတ်နိုးနေကြပုံပဲ။

"ခုမြင် . . ခုတွေ့ . . ခုကြုံက်ခဲ့တာလေ၊ ဘယ်နဲ့ရှိစ၊ ဟိုမှာက သူလူနဲ့သူဆိုတာ မြင်ပြီမဟုတ်လား"

"အို . . ဒါ . . ဒါ . . သူညီမပါ မေမေရဲ့၊ သမီးသွားတုန်းက တွေ့ခဲ့သားပဲ"

"ဟဲ့ . . အဲဒါ မောင်နှမ၊ မြတ်စွာဘုရား . . မမြတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ မျိုကုန်တော့မှာပဲ၊ ဒီလောက် လက်ပွန်းတတီးရှိနေကြပုံက မောင်နှမပုံစံဟုတ်ရဲ့လား၊ ကြည့်စမ်းပါဦး . . တစ်ယောက်နဲ့တစ်ယောက် ဖက်တော့ယက်တော့မယ့်အတိုင်း၊ ဘုရား . . ဘုရား"

ဒေါ်ခင်မြှုံးက ရင်ကိုဖိကာ ဘုရားတနေလေသည်။ ကြာညိုသွယ်က ဓာတ်ပုံကိုစိုက်စိုက်ကလေးကြည့်နေမိ၏။

ကြည့်နေရင်းမှပင် ဓာတ်ပုံက ပိုမိုအသက်ဝင်လာသလိုပါ။

ထို့ပြင် . . .

မိမိရောက်ခဲ့စဉ်က ငုဝါ၏ဟန်အမူအရာ။

"ဒီကလေးမလေးက ငါ ရောက်သွားတုန်းက ငါ့ကိုသိပ် ကျေနပ်ဟန်ရှိခဲ့တာ မဟုတ်တာတော့ သေချာတယ်၊ အင်း . . မွေးစားသမီးဆိုတော့ မောင်နဲ့ ဘယ်မှာလာပြီး မောင်နှမတော်တယ်လို့ ပြောလို့ရပါ့မလဲ၊ သူတို့ . . သူတို့ . . ."

ရင်ထဲမှာ အပူလုံး ဆို့တက်လာလေသည်။ ကြာညိုသွယ်က ဓာတ်ပုံကိုပစ်ချကာ ဆိုဖာနောက်မှီလေးမှာ မျက်စိစုံမှိတ်လိုက်လေ၏။





"သမီးစိတ်တိုင်းကျဖြစ်အောင် သမီးနှစ်သက်တဲ့လူကို မေမေ့နည်းမေမေ့ဟန်နဲ့ စုံစမ်းကြည့်ခဲ့တာပဲ သမီး၊ လောကကြီးမှာ ဘယ်လိုလူစားမှ စိတ်ချယုံကြည်ရတယ်ဆိုတာ ရှိတာမှမဟုတ်ဘဲ၊ မိန်းမနဲ့ယောကျ်ား အနေနီးစပ်ရင် ပြဿနာဆိုတာ ဖြစ်လာတာချည်းပဲ၊ ပြီးတော့ . . ဟိုမှာက အနီးကပ်ဆက်ဆံနေရတာ မဟုတ်လား"

"တော်ပါတော့ . . မေမေရယ်၊ တော်ပါတော့"

ကြာညိုသွယ်က နားကိုပိတ်ကာ အိပ်ခန်းတွင်းသို့ ထပြေးလာခဲ့၏။

ခုတင်ပေါ်မှောက်ကာ ငိုမိ၏။

မောင်ရယ် . . ကြာညိုရဲ့အချစ်က ဘယ်သူနဲ့မှမတူတဲ့ချစ်ခြင်းမျိုးနဲ့ ချစ်မိတာပါ။ တစ်သက်မှာ တစ်ခါသာပွင့်တဲ့ အချစ်စစ်ပါ။

မောင်ကတော့ ကြာညို့အပေါ်မှာ ဖောက်ပြန်ရက်တယ်နော်။ ရက်စက်လိုက်တာ မောင်ရယ် . . ရက်စက်လိုက်တာရှင်။

ချစ်ဝေဒနာ ဦးဦးဖျားဖျားကို ခံစားရပြီ။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com









## ၂၄

ရဲထက် ရန်ကုန်သို့ရောက်လာလေသည်။ ကြာညိုသွယ် ပြန်သွားပါပြီဆိုသဖြင့် ဦးမောင်တင်၏အိမ်သို့ လာခဲ့လေသည်။

"မောင်ရဲထက်ရယ်၊ ဒီအိမ်ကိုလာလို့ကတော့ ဘာမှ အားနာစရာမရှိပါဘူး၊ ဒီမှာပဲ တည်းပါ၊ အင်း . . ခရီး ရောက်မဆိုက်ဘဲ ပြောရဦးမယ်"

"ပြောပါခင်ဗျ"

"မောင်ရဲထက်တို့ကိစ္စနဲ့ပတ်သက်ပြီး . . ကိုတင်တို့ မောင်နှမ ရန်ဖြစ်ကြလို့"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

ရဲထက်၏ရင် ဒိန်းခနဲ ခုန်သွား၏။ အံ့သြမှုက် နှာဖြင့် မျက်လုံးလေးပြူးသွားလေသည်။

"ကြာညိုသွယ်တို့မေမေ မခင်ပြုံးနဲ့ အိမ်ကကိုတင်နဲ့က မောင်နှမလေကွယ်"

"ဩော် . . ဟုတ်ကဲ့ခင်ဗျ"

"အဲဒါကွယ် . . သူ့သမီးနဲ့ မောင်ရဲထက်တို့မေတ္တာရှိကြတာ ဒီက တရားခံပေါ့၊ အန်တီတို့က ပေလီခေါ်သွားတာကိုး"

"ဩော် . . ဗျာ"

"ဒီတော့ . . ကိုတင်က မောင်ရဲထက်က လူတော်တစ်ယောက်ပါပြောတော့ အမယ်လေး . . ပြောလိုက်ဆိုလိုက်တာကွယ်၊ ကြားမိရင် နားအမျက်ဖြစ်မစိုးလို့ ပြန်မပြောပါရစေနဲ့တော့"

ရင်ထဲ မောသွားလေသည်။

ပေလီမှ ရန်ကုန်သို့ပြေးလာခဲ့သမျှ အမောဆို့ရပါလေပြီ။

"ဩော် . . ကျွန်တော့်အတွက်ကြောင့်ဖြစ်ရတာ အားနာစရာကောင်းလိုက်တာ၊ ဦးလေးရောခင်ဗျာ"





"မဟာစည်သွားပြီး တရားထိုင်နေတယ်ကွဲ့၊ သူက လူဖြောင့်စိတ်တိုလေ၊ မခင်ပြုံးနဲ့ဖြစ်ကြတော့ မခင်ပြုံးကိုလည်း နှင်ချလိုက်တယ်၊ ငါ့အိမ် မလာနဲ့တော့တဲ့၊ ခုတော့ . . မောင်နှမ ပြတ်သလိုဖြစ်သွားတာပဲ၊ ကြာညိုတောင် အိမ်မလာဘူး"

ရဲထက်က ပင့်သက်ချလိုက်၏။ မျက်လုံးစုံမှိတ်ထားမိ၏။

ဩော် . . မိမိတို့ကြောင့် လူကြီးတွေမှာ အားနာစရာ။

"ဒါနဲ့ . . ကြာညိုသွယ်နဲ့ တွေ့ပြီးပြီလား"

"မတွေ့ရသေးဘူး ခင်ဗျာ"

ဒေါ်စိန်ကြည်က သက်ပြင်းချ၏။

'အင်း' . . ရှည်ကြီးဆွဲ၏။

ထွန်းထွန်းက လိမ္မော်ရည်ယူလာရင်းမှ . . .

"အန်တီပြုံးက သူ့သမီးကို ဒီထက်သာတာနဲ့မှ ပေးစားမယ်တဲ့၊ ဘာလဲ . . အမေ . . ဟို ဦးလှဖေက ဘာလုပ်ငန်းလုပ်လဲ"

"မသိပါဘူးဟယ်"

"အင်း . . အဲဒါနဲ့ပေးစားမယ်တဲ့ အစ်ကိုရဲ"



www.burmeseclassic.com

www.burmeseclassic.com



ရဲထက်၏စိတ်က ပေလီကိုပြန်ရောက်သွား၏။

"မင်းလားကွ . . ငါ့ရည်းစား ကြာညိုသွယ်ကိုလုတဲ့ကောင်"

ဆိုသောစကား။

"ကြာညိုသွယ်မှာရော ကျွန်တော့်အရင် ချစ်သူရှိတယ်များ ကြားဖူးပါသလားခင်ဗျာ၊ အားတော့နာပါတယ်၊ ပေလီမှာ ပြဿနာဖြစ်လို့ပါ"

ရဲထက်က အကျိုးအကြောင်းပြောပြ၏။

"ဩော် . . ဖြစ်ရမယ်ကွယ်၊ ကြာညိုသွယ်က အေးပါတယ်၊ ဒီလိုကိစ္စမျိုး တစ်ခါမှမကြားဖူးပါဘူး"

"ဟုတ်တယ် . . အစ်ကိုရေ၊ မမကြာညို ရည်းစားထားတာ အစ်ကိုတစ်ယောက်ပဲရှိတာ"

ရင်ထဲမှာ အေးသလိုလိုရှိသွား၏။

"မဟုတ်မှလွဲရော၊ ဟို . . ဦးလှဖေများ . . ပေလီသွားသလားမသိဘူး"

"မသိပါဘူးကွယ်၊ အေးပေါ့ . . မောင်ရဲထက်ရယ်၊ သူ့အမေက တစ်မျိုးပေမယ့် ကောင်မလေးက ရိုးရိုးအေးအေးပါ၊ လူကြီးတွေနဲ့မပြေပြစ်တာများရှိလည်း





ကိုယ်ကလူငယ်ပဲ . . သည်းခံပေါ့"

ဒေါ်စိန်ကြည် ဆုံးမနေခြင်းကို ရဲထက်ခေါင်းညိတ်နေလေသည်။

"ကြာညိုသွယ်တို့အိမ်ရောက်ပြီးပြီလား"

"မရောက်သေးဘူးခင်ဗျ၊ ကျွန်တော်က ထွန်းထွန်းကိုခေါ်သွားမလားလို့ပါ"

"အမယ်လေး . . မခေါ်နဲ့ မခေါ်နဲ့၊ ပြဿနာဖြစ်ပြီးတာ ကြာသေးတာမဟုတ်ဘူး၊ တော်နေကြာ . . . အိမ်အထိ ခေါ်လာပို့တယ် ဖြစ်နေပါ့မယ်ကွယ်"

"ဟုတ်တယ် အစ်ကိုရေ၊ ကျွန်တော်လိုက်ပို့လို့မဖြစ်ဘူး၊ ဒီလိုလုပ်ပါလား . . ကျော်မြင့်စိုးနဲ့တွေ့ချင်တယ်ပြောပြီး ဝင်ပါလား"

ထွန်းထွန်းထံ ရဲထက် အကြည့်ရောက်၏။

"ဘယ်သူလဲ . . ကျော်မြင့်စိုးက"

"မမကြာညိုသွယ်ရဲ့မောင်လေ အစ်ကိုရေ၊ အခု . . သူမရှိတော့ ဘာပြဿနာမှမရှိဘူး။ အရေးအကြီးဆုံးက မမကြာညိုနဲ့တွေ့ဖို့ပဲဟာ"

သို့ဖြင့် . . .

ကြာညိုသွယ် ဘို့၏အိမ်သို့ ရဲထက် ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။

"ကျော်မြင့်စိုးရှိပါသလားခင်ဗျ"

"ဟော . . ."

ဒေါ်ခင်ပြုံးက ထိုင်ရာက ထ၏။ တံခါးဝပေါက်ဝမှာ ရပ်နေသူက ပါးသိုင်းမွေး နှုတ်ခမ်းမွေးစစနှင့် လူငယ်တစ်ယောက်ဖြစ်၏။

ဒေါ်ခင်ပြုံးက တံခါးဝထိလျှောက်လာရင်းက မျက်လုံးလေး စုံကုတ်လာလေသည်။ ဘယ်သူလဲ . . သူ မသိပါ။

"ကျော်မြင့်စိုးနဲ့တွေ့ချင်လို့ပါ ခင်ဗျာ"

အသံဝဲဝဲလေးဖြင့်မေးသူကို သေချာစွာကြည့်၏။

"သားမရှိဘူးကွဲ့၊ သင်္ဘောလိုက်သွားတယ်"

"ကျော်စိုးမြင့်က ဘယ်တော့ရောက်မှာလဲခင်ဗျာ"

"အို . . သားက ကျော်မြင့်စိုးပါကွဲ့"

"ဟုတ်ကဲ့ခင်ဗျ၊ ဟို . . စ . . စကားမှားလို့ပါ၊ ကျော်မြင့်စိုးက ဘယ်တော့လောက်ပြန်ရောက်ပါမလဲ"

"မွေ့လထဲလောက် ပြန်ရောက်မှာပါ၊ ဘာကိစ္စများရှိသလဲကွယ်"





"သူနဲ့ကျွန်တော် အင်မတန်ခင်ပါတယ် ခင်ဗျ၊ မတွေ့တာကြာလို့ လာတွေ့တာပါ၊ ဒါနဲ့ . . ဟို . . ဦးရောကောခင်ဗျာ"

"ဟင် . . ဘယ်က ဦးရောလဲကွဲ့၊ ဒီနာမည် မကြားဖူးပါဘူး"

"ဒီက . . ဒီက . . ဟို . . အဲ . . ကျော်မြင့်စိုးရဲ့ အဖေပါ ခင်ဗျာ"

"အို . . မင်း မကြားဘူးနဲ့တူတယ်၊ သူမရှိတာ နှစ်နှစ်တောင်ရှိပြီပဲ"

"ဟာ . . ဖြစ်မှ ဖြစ်ရလေဗျာ၊ ဘာရောဂါနဲ့ဆုံးတာလဲ ခင်ဗျ"

"ဟဲ့ . . သူငယ်၊ အို . . မင်းစကားက ကြောက်စရာလန့်စရာ၊ သူ နယ်မှာပါကွဲ့၊ အလုပ်ကိစ္စနဲ့မြစ်ကြီးနားဘက်သွားနေရတာပါ၊ သူက ဒီလိုပဲ ဟိုရွှေ့ဒီပြောင်းလုပ်နေရတာ"

"ဟာ . . အားနာစရာကောင်းလိုက်တာခင်ဗျာ၊ ကျွန် . . ကျွန်တော်က အဆက်အသွယ်ပြတ်နေလို့ . . ခွင့်လွှတ်ပါခင်ဗျာ"

ဒေါ်ခင်ပြုံးက မချိတယိရယ်ရာက . . .



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း . . ဟင်း . . ရပါတယ်ကွဲ့"

ဆိုကာ မဲ့လေ၏။

"ဒါနဲ့ အစ်မ . . ဟိုအစ်မရော"

ခပ်ဝဲဝဲအသံကြောင့် အစ်မဟုခေါ်သံမှာ အမားဟုခေါ်သကဲ့သို့ဖြစ်နေလေ၏။

"အမား . . အဝတ်လျှော်တဲ့အမား ပြန်ပြီလေ"

"ဟို . . မဟုတ်ဘူးလေ၊ ကျော်မြင့်စိုးမှာ အစ်မရှိပါတယ် . . ကျွန်တော်သိပါတယ်"

"ဩော် . . သမီးကိုပြောတာကိုး"

"ဟုတ်ပါတယ် ခင်ဗျ"

"သမီး အပြင်သွားတာ ပြန်မလာသေးဘူးကွဲ့"

သူ စိတ်ပျက်လက်ပျက်ဖြစ်သွား၏။ ခေါင်းတကုတ်ကုတ်ဖြစ်ရာက ဟိုဒီကြည့်မိရာ နံရံပေါ်ကဓာတ်ပုံကို တန်းတန်းမတ်မတ်ကြီး မျက်စိရောက်သွားလေ၏။

"ဟင် . . ."

ရင်ထဲမှာ ဒိန်းခနဲ ခံစားလိုက်ရပါပြီ။

"ဘိုဘို . . ဒါ ဘိုဘိုပါလား"

ဟူသောအသိက . . . .

"ဒါ . . ဒါ . . . ဘိုဘို . . ."





ဓာတ်ပုံကို လက်ညှိုးထိုးပြမိရက်သား ဖြစ်ရချေပြီ။

"ဟုတ်တယ် . . အဲဒါ သားလေးကျော်မြင့်စိုးလေ . . ဟိုကနေရိုက်ပို့တဲ့ဓာတ်ပုံ၊ အဟင်း . . သားက ဝလာလို့ မမှတ်မိဘူးထင်တယ်"

အင်း . . တိုက်တိုက်ဆိုင်ဆိုင် ကြုံမှ ကြုံတတ်ပလေ . . .

တစ်သက်နှင့်တစ်ကိုယ် မခံစားရဖူးသော စိတ်ဆင်းရဲမှုကို ခံစားရ၏။

ဘိုဘိုက ကြာညိုသွယ်ရဲ့မောင်လေးဖြစ်မယ်လို့ လုံးဝကို ထင်မှတ်မထားခဲ့ပါ။ ယခုမှ . . . ကြာညိုတို့ စစ်တွေမှာနေခဲ့ဖူးတာ သတိရကာ ဆက်စပ်မိလေသည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com







## ၂၈

ကြာညိုသွယ်နှင့်ရဲထက်တို့ အင်းလျားကန်စောင်းမှာ ဆုံချိန်မှာတော့ ရင်ထဲ တင်းတင်းကလေးဖြစ်နေကြလေသည်။

“မောင်ပြောတဲ့စကား . . သက် လုံးဝ နားမလည်ဘူး၊ ဘိုဘိုနဲ့ မောင့်ညီမလေးဆုံးရတာနဲ့ ဘာဆိုင်သလဲ”

“ကာယကံမြောက်သတ်မှ လူသတ်မှုကျူးလွန်တာဆိုရင် . . အဲဒီကောင်ကို မောင်လက်နဲ့ကို သတ်ပစ်ချင်တယ်”

“အို . . . ဘိုဘို့ကို”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . ညီမလေးသေရတာ သူ့ကြောင့်၊ ဘိုဘို့ကြောင့်"

ရဲထက်၏ ဒေါသဖြင့်ခပ်ဆတ်ဆတ်အော်သံကြောင့် ကြာညိုသွယ်၏မျက်နှာက တင်းခနဲဖြစ်သွား၏။

"ဒီမှာ . . ကိုရဲထက်"

"ဘာ . . ကိုရဲထက် ဟုတ်လား"

"ဟုတ်တယ် . . ရှင့်နာမည်က ကိုရဲထက်ပဲလေ၊ ဒါကြောင့် . . ကိုရဲထက်လို့ခေါ်လိုက်တာလေ"

"ခေါ်ပါ . . . ခေါ်ပါ၊ ခင်ဗျားတို့ မောင်နှမနှစ်ယောက်က ကျုပ်ကိုမောင်နှမနှစ်ယောက်နဲ့မှ တိုက်တိုက်ဆိုင်ဆိုင် တွေ့မှ တွေ့တတ်ပလေဗျာ၊ ဖြစ်မှဖြစ်ရလေ"

"ဟင် . . ဘယ်လိုဖြစ်လို့ ဒီစကားမျိုးပြောရတာလဲ၊ ယောကျ်ားစကားပြောပါ"

"ဟုတ်ကဲ့ . . ကျွန်တော် ယောကျ်ားစကားပြောနေပါတယ်၊ ညီမလေးကို လက်ထပ်မလိုလိုနဲ့ လှည့်စားသွားတဲ့ ခင်ဗျားမောင်ရဲ့စိတ္တဇနဲ့ ကျုပ်ညီမလေး ဆုံးရတယ် သေရတယ်"

"အို . . မဟုတ်တာ၊ ရှင်ပဲ ပေလီမှာပြောခဲ့ပါတယ်၊





ကားတိုက်ခံရတယ်ဆို"

"ဟုတ်တယ် . . ဒါပေမဲ့ . . ကားတိုက်ခံသေရတဲ့ အဓိကအကြောင်းရင်းခံကိုက ခင်ဗျားမောင်ကြောင့်"

ကြာညိုသွယ်၏အသားလေးများက ဒေါသကြောင့် တဆတ်ဆတ်တုန်နေ၏။

"ဒီမှာ ကိုရဲထက်၊ ရှင့်ကို ကျွန်မက အရင်က အင်မတန်အထင်ကြီးခဲ့ မြတ်နိုးခဲ့ပါတယ်၊ ခုမှ . . ရှင့်အကြောင်းသိတယ်၊ ရှင်ဟာ ရှင့်ညီမနဲ့ပတ်သက်လာရင် အင်မတန် စိတ်ဓာတ်အားပျော့ညံ့တဲ့သူပါလားဟင်"

"ပြောပါ . . ပြောပါ၊ ရပါတယ်"

မခံချင်အောင် ပခုံးလေးတွန့်ပြီး ပြော၏။

"ဘိုဘို့ကို မတရားစွပ်စွဲနေတဲ့ရှင်ကရော ကောင်းလို့လား"

"ဟင် . . ဘာမကောင်းဘူးလဲ ပြောပါဦး"

"ပါးစပ်နဲ့ပြောတာထက် လက်တွေ့ကျကျပြောရရင် . . ရှင့်ဓာတ်ပုံ ကျွန်မလက်ထဲရောက်နေတာတော့ ရှင်သိမယ်မထင်ဘူး"

"ဘာ . .

www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ငုဝါ ဓာတ်ပုံလေ . . ဟောဒီမှာ"

ကြာညိုသွယ်က လက်ကိုင်အိတ်ထဲမှဓာတ်ပုံကို ထုတ်ပြလိုက်၏။

"ဟင် . . ."

အံ့သြစွာကြည့်မိ၏။

မြတ်စွာဘုရား . . ဘယ်တုန်းကဘယ်လို . .

"ဒါ . . ဒါ . . ဘာလဲ"

"ဒါတော့ . . ရှင်အသိဆုံးဖြစ်မှာပေါ့"

ရဲထက်က အလန့်တကြားကြည့်မိ၏။ ရင်ထဲမှာ အံ့သြခြင်းများစွာဖြစ်ရ၏။ သူနှင့်ငုဝါတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တွဲထူနေပုံမှာ မသိလျှင် ကြင်စဦးမောင်နှံနှယ်ပါ။

"ကျွန်တော် နားမလည်နိုင်တော့ပါလားဗျာ၊ ငုဝါက ကျွန်တော့်ညီမပါ၊ ဒါ ငုဝါလေ"

"ဟုတ်ပါတယ် . . ဒါကြောင့် . . ကျွန်မလည်း သိပ်အံ့သြရပါတယ်"

ရဲထက်က ဓာတ်ပုံကိုကြည့်ရင်းမှပင် ပေလီမှာပြဿနာဖြစ်ရသောညကို ဖျတ်ခနဲ သတိရ၏။

မျက်စိထဲမှာ ဝင်းခနဲဖြစ်သွားပါသော မီး





ရောင် . . .

"ဟာ . . ဟုတ်ပြီဗျ . . ဟုတ်ပြီ"

"ဘာဟုတ်တာလဲ"

"ပြီးခဲ့တဲ့အပတ်တုန်းက ရန်ကုန်က လူသုံးယောက် ဖင်ရိုပ်သာမှာ လာတည်းခဲ့တယ်၊ ပြီးတော့ . . ငုဝါကို စော်ကားမယ်ကြံလို့ ဒီက ဝင်ထိုးရပါတယ်၊ သူတို့ လက်ချက်နဲ့ နာကျင်မောပန်းလို့ ထိုင်နားနေတုန်း ငုဝါက ဆွဲထူနေတာပါတယ် သက်၊ ဒါ လုပ်ကြံရိုက်တဲ့ပုံ"

ဟင် . . . ပြီးခဲ့တဲ့အပတ်က . . .

အင်း . . ကိုလှဖေ စစ်တွေဘက်သွားသလိုလို ပေလီသွားသလိုလို ပြောသွားခဲ့တာ ကြာညိုသွယ် သတိရလေသည်။

"ဒါ . . ဒါဆို . . ."

တစ်ယောက်ကိုတစ်ယောက် စိုက်စိုက်ကလေးကြည့်မိ၏။

"ကြည့်လေ . . ဒါ ဖင်ရိုပ်သာဝင်းထဲမှာပါ၊ ဩော် . . ဖြစ်ရလေဗျာ၊ အဲဒီတုန်းက လူကိုထိုးရင်းနဲ့ ဘာငြေ . . တယ်မှတ်လဲ၊ မင်းလားကွ . . ဘီအက်စ်စီကျော . .



www.burmeseclassic.com

www.burmeseclassic.com



သား၊ မင်းလားကွ ငါ့ရည်းစား ကြာညိုသွယ်ကိုလု

ကောင်တဲ့"

"အို . ."

"ပြီးတော့ . . ပြောပါသေးတယ်၊ သိင်္ဂီရွှေခွက်ထဲ

စပျစ်ရည်နဲ့ မင်းနဲ့ဘာမှမဆိုင်ဘူး"

"ဟင်"

ကြာညိုသွယ်၏မျက်လုံးထဲမှာ ကိုလှဖေ

တန်းခနဲ မြင်မိပါပြီ။

"ဒီကတည်းက ဒီလူတွေဟာ ကြာညိုသွယ်တို့ အင်

အဝန်းထဲကဆိုတာ ရိပ်စားမိပါတယ်၊ ခံအဖြင်းရှ

က ခင်ဗျားမှာ လက်ထပ်မယ့်သူရှိရက်နဲ့ဗျာ"

"အို"

ကြာညိုသွယ်က အလန့်တကြားဟန့်

လိုက်၏။

"မဟုတ်တာ . . ကျွန်မ,တစ်သက်မှာ လူတစ်ယော

ကိုပဲ ချစ်ခဲ့ဖူးပါတယ်၊ ဒီလူက ရှင်ပဲ"

"ဒါဖြင့် . . ဟိုလူတွေက ဘာလဲ"

"သက်စိတ်ထင်တော့ ကိုလှဖေပဲလို့ ထင်တယ်၊ သူ

သက်ကို အင်မတန် သဘောကျနေတာပါ"





"သြော် . . ဗျာ"

တစ်ယောက်ကိုတစ်ယောက် စူးစူးစိုက်စိုက် ကြည့်မိကြ၏။

"မောင်"

"သက်"

"ကြားလူတွေ နှောင့်ယှက်တာကတော့ ထားပါတော့၊ ဟို မောင်လေးဘိုဘိုကိစ္စက"

ရဲထက်က 'ဘိုဘို'ခေါ် ကျော်မြင့်စိုးနှင့် ဇင်မာထက်အကြောင်းကို ပြောပြလိုက်သည်တွင် . . .

"သြော် . . မောင်ရယ် ဖြစ်ရလေ၊ ဘိုဘိုတို့ လူငယ်တွေဖြစ်တဲ့ကိစ္စမှာ သက် မသိတာတွေ အများကြီးပါ၊ ခင်မိမိခိုင်နဲ့ ဘိုဘိုနဲ့လက်ထပ်မယ်လုပ်ပြီးမှ တစ်ဖက်နဲ့ တစ်ဖက် စကားတင်းမာကြရာကနေ လက်မထပ်ဖြစ်တာတော့အမှန်ပဲ"

"အင်းပေါ့လေ . . မောင်တို့မောင်နှမနှစ်ယောက်က ကံတူအကျိုးပေးပါပဲ၊ ခုလည်း . . သက်က ကိုလှဖေနဲ့ . ."

"အို . . မဟုတ်တာ၊ သက် မောင်ကလွဲပြီး ဘယ်သူနဲ့မှ လက်မထပ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာလား သက်၊ ဟုတ်ရဲ့လား"

"မယုံကြည်ရင် . . အချိန်အခါကိုသာစောင့်ကြည့်ပါတော့ မောင်၊ သက်ဟာ ဘယ်လိုမိန်းကလေးလဲဆိုတာ မောင် မသိတာတော့ သက် ဝမ်းနည်းတယ် မောင်ရယ်"

"သြော် . . သက်ရယ်"

ရဲထက်က ကြာညိုသွယ်၏ပခုံးလေးကို ဆုပ်ကိုင်လိုက်လျှင် ကြာညိုက ရဲထက်၏ရင်ခွင်မှာ ခေါင်းလေးမှီခို ဝင်မိပါပြီ။

"သက်"

"မောင်"

"မောင့်ကိုခွင့်လွှတ်ပါ သက်ရယ်"

"သက်ရဲ့မောင်လေး ဘိုဘိုကိုလည်း ခွင့်လွှတ်ပါ မောင်ရယ်၊ မောင့်ညီမလေးအတွက် သက် စိတ်မကောင်းဖြစ်ရပါတယ်၊ ဘိုဘို ရည်းစားများတာ ရှုပ်ရှုပ်ထွေးထွေးလုပ်တတ်တာတော့ သက် သိပါတယ်၊ ဟိုတစ်ယောက်နဲ့စေ့စပ်တာပျက်ပြီးမှ ရန်ကုန်ပြောင်းလာကြတာ"

ရဲထက် သက်ပြင်းတစ်ချက်ချ၏။





"အင်းပေါ့လေ . . ညီမလေးရဲ့ ကုသိုလ်ကံပေါ့ သက်ရယ်၊ စကတည်းက သက်ဟာ ဘိုဘိုအစ်မမှန်းသိရင် မောင် ရှောင်ခဲ့ပါတယ်၊ အဲ . . မောင်တို့ချစ်မိပြီးမှတော့ ဘယ်တတ်နိုင်မလဲ"

"သက်ကို . . မောင် မတတ်နိုင်တော့တဲ့အခြေအနေနဲ့ဆက်ချစ်ရမှာဆိုရင်တော့ . . ."

ကြာညိုသွယ်၏နှုတ်ခမ်းပါးပါးလေးကို ဖွဖွပိတ်လိုက်၏။

"တော်ပါတော့ သက်ရယ်၊ ရှင်းရင် ပိုရှုပ်ကုန်မယ်၊ သက်ကို မောင့်ချစ်တယ်ကွယ် . . သက်ကရော"

"မေးနေရသေးသလား . . မောင်ရယ်"

သိမ့်သိမ့်တုန်မျှ ရယ်မောမိကြ၏။

ရဲထက်က ကြာညို၏ပခုံးလေးကို တင်းတင်းကျပ်ကျပ်ကလေးဖက်လိုက်၏။

လေပြည်သည် အင်းလျား၏ရေပြင်ပေါ်တွင် ရှပ်တိုက်ပြေးသွား၏။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com









## ၂၉

ဒေါ်ခင်ပြုံးက သားဘိုဘိုပြန်လာခါနီး ချွဲနွဲ့ရေးထားသောစာကိုဖတ်လျက် သဘောကျစွာပြုံးနေစဉ်မှာပင် . . .

လူခေါ်ဘဲလ်မြည်သံကြောင့် အိပ်ရာထဲ လှဲလျောင်းနေရာက ကမျာကယာ ထထိုင်မိ၏။

"မိလှရေ . . ဘယ်သူလဲ ကြည့်စမ်း"

ခပ်သုတ်သုတ်ထွက်သွားသော မိလှကိုမြင်ရ၏။ မကြာမီမှာပင် မိလှက အခန်းဝမှာပေါ်လာလေသည်။

"မိန်းကလေးတစ်ယောက်ပါ ကြီးကြီးမေ"

"ဟဲ့ . . ဘာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်မြင့်စိုးနဲ့တွေ့ချင်လို့တဲ့"

"ဟဲ့ . . အို . . သူ ပြန်မရောက်သေးတာ မပြောလိုက်ဘူးလား"

"ပြောပါတယ်၊ အဲဒါ . . ကြီးမေနဲ့ဖြစ်ဖြစ် မမလေးနဲ့ဖြစ်ဖြစ် တွေ့ပါရစေတဲ့"

"ဟင်း . ."

ဒေါ်ခင်ပြုံးက သက်ပြင်းတစ်ချက်ကို ချမိ၏။

ခုတင်ပေါ်ကဆင်းရန် ခြေတွဲလောင်းချလိုက်ပြီးမှ ပွနေသောခေါင်းကို ပြင်ဖြီးလိုက်၏။

ဟင်း . . သား ပြန်လာခါနီးလို့ လိုက်လာတဲ့ဟာတွေ၊ အို . . ရှုပ်နေတာပဲ။

စိတ်ကတွေးရင်းမှ အခန်းထဲက ထွက်လာခဲ့၏။ ထိုအခါ . . တံခါးပေါက်ဝမှာရပ်နေသော မိန်းကလေးကို မြင်ရ၏။

အင်း . . လူပုံကတော့ ချစ်စရာလေးပါပဲ။

ဒါပေမဲ့ . . အဝတ်အစားက ခပ်နွမ်းနွမ်း။

ဘယ်နည်းနဲ့မှ ဒီကလေးမ ပညာတတ်လူတန်းစားမဖြစ်နိုင်ဘူး၊ ပြီးတော့ . . သားနဲ့တစ်တန်းစားတည်းလည်း မဖြစ်နိုင်ဘူး။





ဘယ်နဲ့ ဘယ်နဲ့တို့ကိုလာတွေ့ရပါလိမ့်။

သံပန်းတံခါးခြားထားသည့်ကြားမှပင် မိန်းကလေးကို အကဲခတ်သောအကြည့်ဖြင့် စုန်ဆန်ကြည့်နေလေသည်။

"အန်တီက ကိုစိုးရဲ့မေမေထင်ပါရဲ့ရှင်"

"ဘာကွဲ့ . . ကိုစိုး . . ဟုတ်လား"

"ဟုတ်ပါတယ်၊ နီမာပြောတာ ကိုကျော်မြင့်စိုးကိုပြောတာပါ၊ ဟို . . ဟို . . ဟို"

နီမာဆိုသောမိန်းကလေးက လှမ်းမြင်နေရသောဘိုဘို၏ဓါတ်ပုံကို လက်ညှိုးထိုးပြလေ၏။

"အင်း . . ကိစ္စက"

ဒေါ်ခင်ပြုံးက မျက်နှာထားတင်းတင်းကလေးဖြစ်သွားလေသည်။

"နီမာ့ကိစ္စက အပြင်မှာရပ်ပြီးပြောလို့မတော်တဲ့ကိစ္စပါရှင်၊ အထဲဝင်ခွင့်ပြုပါ၊ မောင်လေးရေ . . လာဟော့"

ဒေါ်ခင်ပြုံးက မျက်မှောင်ကုပ်ကုပ်ကလေးဖြင့် စဉ်းစားနေစဉ်မှာပင် နီမာက လက်ယပ်လှမ်းခေါ်၏။ ထိုအခါ အသက်နှစ်ဆယ်အရွယ် ကောင်လေးတစ်ယောက်က ကလေးချီပြီးရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . ဒါတွေက ဘာတွေလဲကွဲ့"

"နီမာ့ မောင်လေးပါရှင်၊ ဒါက . . နီမာ့သမီးပါ"

ဒေါ်ခင်ပြုံးက ဘာတွေမှန်းလည်း မသိပါဘူး ဟု ညည်းမိ၏။ တံခါးကိုဖွင့်ပေးလိုက်၏။

နီမာတို့က ဆိုဖာမှာခပ်တည်တည်ဝင်ထိုင်လေသည်။

"နီမာ . . လာဖို့သင့်တာကြာပါပြီ၊ ဒါပေမဲ့ . . ကိုစိုးက သူ ပြန်လာရင် အားလုံးစီစဉ်ပေးမယ်ဆိုတာနဲ့"

"နေပါဦး၊ ကိုစိုး . . အဲ . . ငါ့သား ဘိုဘိုက ဘာတွေစီစဉ်ပေးမှာလဲကွဲ့"

"နီမာတို့ကိစ္စပါ"

"ဟော . ."

"နီမာတို့ကိစ္စ"

"ဒီလိုပါ အန်တီ၊ နီမာနဲ့ သူနဲ့မေတ္တာရှိတာ စပီကင်တက်နေကတည်းကပါ"

"ဘာ . . မင်းနဲ့မေတ္တာရှိတယ်"

"ဟုတ်ပါတယ်"

"နေပါဦး . . မင်းကကော သူနဲ့တစ်တန်းတည်းလား၊ ဒါဖြင့် . . ဘွဲ့ရပြီးပြီပေါ့"





နီမာ ဣန္ဒြေပျက်သွား၏။ တစ်ချိန်လုံး မျက်နှာလေးချိုကာပြောနေရာက ခေါင်းလေးငုံ့သွား၏။

"နီမာက ကိုစိုးတို့စပီကင်လာတက်တဲ့နားမှာ အအေးရောင်းတာပါ"

"ဘာ . ."

ဒေါ်ခင်ပြုံး၏အသံက အလန့်တကြား ဟိန်းထွက်သွား၏။

"ဘာပြောတယ်ကွဲ့"

"ကျွန်မက အအေးရောင်းပါတယ်၊ အဲဒီကနေ ကိုစိုးတို့လာသောက်ရင်းက ဆုံမိတာပါ"

"အင်း . . အင်းလေ၊ ဒါကလည်း ထူးဆန်းလှတာမှ မဟုတ်တာ၊ ယောကျာ်းလေးတစ်ယောက်က မိန်းကလေးတစ်ယောက်နဲ့ဆုံရင် အဲဒီမိန်းကလေးကလည်း ရုပ်ရည်လေး အသင့်အတင့်ရှိတယ်ဆိုရင် အကဲစမ်းချင်ကြတာပဲ"

"အခုအဖြစ်က . . ဒီလောက်နဲ့မပြီးဘူးခင်ဗျ"

"ဘာကွဲ့"

"နေစမ်းပါ မောင်စန်းရယ်၊ ငါပြောပါ့မယ်"

ဒေါ်ခင်ပြုံး၏စကားအဆုံး မောင်စန်းက မခံ



www.burmeseclassic.com

www.burmeseclassic.com



ချင်ဟန် ဝင်ပြော၏။ နီမာက မောင်စန်းကိုဟန့်ကာ ရှင်းလေသည်။

"ကျွန်မတို့အဖြစ်က ဒီလောက်နဲ့ဆို ဒီကိုလာပြောစရာအကြောင်းမရှိပါဘူး၊ ခုဟာက . . ဒီသမီးလေးနဲ့ပါဆိုင်သွားလို့ပါ"

"ဘာ . . ဘယ်လို"

"ဒီကလေးက . . ကိုစိုးရဲ့ ကလေး၊ အန့်တီရဲ့မြေးပါ"

"ဘာ . . ဘာ"

ဒေါ်ခင်ပြုံး၏မျက်လုံးက ပြူးသွား၏။ မိုးကြိုးအနီးကပ်ပစ်ခံရသလို လန့်ဖျပ်သွား၏။

"ကိုစိုး ပြန်လာရင် ဒီကိစ္စရှင်းပေးပါ့မယ်လို့ ပြောထားပါတယ် အန့်တီ၊ ဟောဒီမှာ . . သူ အရင် ဟိုကနေပေးလိုက်တဲ့စာတွေ"

နိုင်ငံခြားမှပို့သောစာကို စာအိတ်နှင့်တကွ စားပွဲပေါ် တင်ပြ၏။ ဒေါ်ခင်ပြုံးထံပို့သောစာအိတ်ပုံစံနှင့် ရေးထားသောလက်ရေးမှာ သားဘိုဘို၏လက်ရေးအစစ်များပါလား။

ဒေါ်ခင်ပြုံး . . ဘာပြောရမည်မသိတော့ပါ။ နှုတ်ကို တစ်စုံတစ်ခုဖြင့် ပိတ်ထားသကဲ့သို့ တစ်စို့စို့ကြီးခံစားနေရလေသည်။





"အခုတလောကျတော့ . . သူ့ဆီက စာတွေမလာတော့ဘူး၊ ကျွန်မဆီက စာတွေရေးပေးနေပေမယ့် အကြောင်း ဘာမှမပြန်ဘူး"

သားဘက်က တင်းလာသောသတင်းကိုကြားမှ အသက်ရှူချောင်သလို ဒေါ်ခင်ပြုံးဖြစ်သွားလေသည်။

"အဲဒါ . . ငါက စာပြန်ရေးပါလို့ လှမ်းပြောရမလား၊ ဒါ သူ့ကိုယ်ရေးကိုယ်တာ ကိစ္စပဲဟာ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ . ."

"မမနဲ့ ကိုကျော်မြင့်စိုးက ရုံးမှာ လက်မှတ်ထိုးပြီးသားပါ၊ တစ်ခုခုဖြစ်လို့ကတော့ တရားဝင်ဇနီးဖြစ်ကြောင်းကြော်ငြာရုံပဲ"

မောင်စန်းက သူ့အစ်မစကားကို အတင်းဝင်ဖြတ်ပြော၏။

"ဘာ . . မင်းဘာပြောတယ်၊ လက်ထပ်ပြီးသား ဟုတ်လား"

"ဟုတ်တယ်"

"ဘုရားရေ . . လက်စသတ်တော့ မင်းတို့က ငါ့သားကို အမိထောင်ဖမ်းတာကိုး၊ ဒီမှာ မောင်ဟိုဒင်းရဲ့ ငါ့သားကို ဒီလိုကလေးမျိုးနဲ့ သဘောတူမယ်လို့များ



www.burmeseclassic.com

www.burmeseclassic.com



မင်းက ထင်နေသလား”

“ဗျာ . . ခင်ဗျား . . ဘာပြောတယ်”

မောင်စန်းက လက်သီးဆုပ်ကာ ထိုင်ရာက ထ၏။

“ဟဲ့ . . မောင်စန်း . . မောင်စန်း”

နီမာက အတင်းဆွဲထားရလေသည်။

“ငါပြောပါ့မယ် မောင်စန်းရယ်၊ နင် အေးအေးနေစမ်းပါ၊ ဒီလိုပါရှင့် . . ဒီကအန်တီမှာလည်း သမီးရှိတာပဲ၊ သမီးချင်း စာနာပါ”

“အမယ်လေးတော် . . ငါ့သမီးကို ညည်းကထည့်ပြောတယ်၊ ဖြစ်မှဖြစ်ရလေတော်၊ ငါ့သမီးက ညည်းလိုအစားမဟုတ်ဘူး”

“ခင်ဗျားကြီး မစော်ကားနဲ့၊ လာ . . အစ်မ ပြန်မယ်၊ ဆိုင်ရာကနေ ပြောမယ်”

မောင်စန်းက ထိုင်ရာက ထ၏။ သူ့အစ်မကို ဆွဲခေါ်၏။

“ဒီကလေး ကိုယ်ဝန်သုံးလနဲ့ သူ့သဘောလိုက်သွားရတာပါ၊ အခု . . သမီးလေး တစ်နှစ်ခွဲရှိပါပြီရှင့်၊ သူ့စာတွေ သူ့ဓါတ်ပုံပါ ဟိုကနေရိုက်ပို့တဲ့အထိရှိပါတယ်”





“အို . . ရှိ . . ရှိ၊ အသိအမှတ်မပြုနိုင်ဘူး၊ ဘယ့်နှယ်တော် . . ဘယ်ကအုတ်ကြားမြက်ပေါက် ကလေကဝ မှန်းမသိ ဘာမသိ”

ဒေါ်ခင်ပြုံး၏စကားက နီမာ့ကို ထိခိုက်သွားရပါပြီ။ မိမိအမှားနှင့်မိမိမို့ အောက်ကျို့ခံမည်ဟုလာခဲ့သော နီမာမှာ သည်းမခံနိုင်ပဲဖြစ်ရ၏။

ထို့ကြောင့် . . ထိုင်ရာက ဝုန်းခနဲ ထ၏။

“ဒီမှာရှင့် . . ဒီလိုတော့ မစော်ကားပါနဲ့၊ နီမာတို့ ချမ်းသာပေမယ့် အုတ်ကြားမြက်ပေါက် အစားထဲကတော့ မဟုတ်ပါဘူး၊ ကိစ္စမရှိပါဘူး အန်တီ၊ မိန်းမချင်း ကိုယ်ချင်းစာ . . သားသမီးချင်း ကိုယ်ချင်းစာစိတ်ရှိမလားလို့ ကျွန်မ လာခဲ့တာပါ၊ ခုတော့ဖြင့် . . တော်ပါပြီ၊ သူ့တရားက သူ့ကိုစီရင်ပါလိမ့်မယ်”

နီမာက ပြောပြောဆိုဆို လှည့်ထွက်သွား၏။ မောင်စန်းက တောက်တစ်ချက် ပြင်းပြင်းခေါက်ကာ ဓါတ်ပုံထဲကဘိုဘိုပုံကို စူးစူးဝါးဝါးကြည့်၏။ စားပွဲပေါ်က ဘိုကိုပေးထားသောစာများကို ပြန်ကောက်သိမ်းကာ ထွက်သွား၏။

ထိုအခါမှ . . ဒေါ်ခင်ပြုံးက အသက်ရှူချောင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်း'ခနဲ သက်ပြင်းရှည်ကြီးကိုချ၏။

နီမာတို့မောင်နှမ ခြံဝင်းထဲကထွက်သည်အထိ သံပန်းတံခါးမှ မမိုတ်မသုံ ကြည့်နေလေသည်။

နီမာတို့ မျက်စိအောက်ကပျောက်သွားသော အခါမှပင် . . စိတ်လက်ပေါ့ပါးလာကာ ပြန်လှည့်လာခဲ့၏။

ဘိုဘို၏ခါတ်ပုံကိုကြည့်ကာ . . .

"ဟွန်း . . မင်းလေး တော်တော်ဆိုးပါလား ဘိုဘို သူတို့ဘာသာသူတို့ ပြန်ထွက်သွားပေလို့ပေါ့၊ နင့်မို့ မမေ အရှက်မကွဲပါလား၊ ဒါ . . ခင်ဗျားမြေးပဲ သူပြန်လာတဲ့အထိ ဒီကပဲစောင့်မယ်ဆိုရင်"

ပခုံးလေးကို တွန့်၏။

"မမေဘာပြောရမလဲ၊ ရပ်ကွက်လူကြီးခေါ်၊ ရဲနဲ့ဆွဲချဦး . . သူတို့က မင်းအကြောင်းမပြောဘဲ နေမလား၊ မင်းပြန်လာရင် မမေ ဒီအတိုင်းထားလို့ကတော့ မဖြစ်ဘူး၊ မိန်းမ မြန်မြန်ပေးစားမှ အေးမယ်"

တစ်ယောက်တည်း စကားပြောနေရာမှ တင်တင်မိုးနှင့်အမြန်ဆုံးစေ့စပ်ပြီး အမြန်ဆုံးလက်ထပ်ပေးမှဖြစ်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်လေသည်။

♠ ♠ ♠





## ၃၀

မောင်ချစ်တဲ့ သက်ရေ . . . .

ရန်ကုန်ကပြန်လာပြီး ပေလီမှာ ခြေချမိတာနဲ့ ရန်ကုန်ကိုပြန်ပြေးချင်လာမိတာပဲ။

စိတ်ထဲမှာ မှိုင်းမှိုင်းညို့ညို့နဲ့ အနေရတယ်ခက်ပါလားနော် . . .

'လွမ်းတယ်'ဆိုတဲ့စကားက နှစ်လုံးတည်း၊ ခံစားမှုဝေဒနာက တစ်နင့်တစ်ပိုးကြီးပါလား . . .

လွမ်းတယ် သက်ရယ် . . .



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်း ဘာလုပ်လုပ်ရင် ဖျတ်ဖျတ်လတ်လတ်၊ တက်တက်ကြွကြွလုပ်နေကျ၊ ခုတော့ ဘာပဲလုပ်နေ လုပ်နေ ရင်ထဲမှာ ဟာနေတယ်၊ တစ်ခုခုလိုနေသလိုချည်းပဲ။

အမေညာကတောင် 'လူလေး နေမကောင်းဘူးလား'တဲ့၊ ခဏခဏ မေးယူရတယ်

ဒါကြောင့် .. တစ်ခါတလေ စိတ်ပြေ လက်ဖျောက် ပင်လယ်ထဲ လိုက်လိုက်သွားရတယ်။

"အဟမ်း .. အဟမ်း"

ချောင်းဟန့်သံကို ကြားရ၏။ ရဲထက်ကလှည့်အကြည့် လှောင်ပြုံးလေး ပြုံးကာရပ်နေသော ငုဝါကိုမြင်ရလေသည်။

"အင်း .. စက္ကူချေးတွေတက်တယ်ဆိုတာ အစ်ကိုရဲထက်တို့ကြောင့်ပဲနေမှာပဲ"

"ဘာဖြစ်တယ်"

"သြော် .. ရည်းစားစာ ဒီလောက်ရေးနေမှတော့ စက္ကူဘယ်လောက်နိုင်တော့မလဲ"





ရယ်ကျဲကျဲလေး ဆိုနေလေသည်။

"အေး .. နင့်အလှည့်ကျမှ သိမယ် ငုဝါ၊ နင် စာရေးရင် ငါနဲ့နင် အသိပဲ"

"ဟင့်အင်း .. ငုဝါတို့ကျ စာမရေးပေါင်"

"ဘာလဲ .. တစ်ခါတည်းလိုက်ပြေးမှာလား"

"ဟောတော့ .. အစ်ကိုရဲထက်က သိနေတယ်"

အံ့သြဟန် ရင်ဘတ်ကလေးဖိကာ ဆို၏။

"ခွေးမ .. သူ့ကိုယ်သူ အကောင်းမှတ်လို့"

နှစ်ယောက်သား သဘောကျစွာ ရယ်မိကြလေသည်။ ငုဝါက ရယ်မောရင်းမှ ကိုရဲထက်နံဘေးတွင် လာထိုင်၏။

"နေပါဦး .. နင်က စက္ကူချေးတက်တယ် ဘာတယ်နဲ့ ဘယ်ကသိလဲ"

"စာရေးဆရာတွေရေးတဲ့ဝတ္ထုမှာပါတာကိုး"

ရဲထက်က စာကိုဖုံး၏။

သို့သော် .. 'မောင်ချစ်တဲ့ သက်ရေ ..'ဟု အစချီထားသောစာကို ငုဝါ မြင်သွား၏။ အမူအရာဖြင့် အသံမထွက်ဘဲ ဆိုကြည့်၏။ ပခုံးတွန့်၏။

ငုဝါ၏အမူအရာကို ရဲထက်က ရယ်ချင်မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာဖြင့် ကြည့်ရာက ခပ်တည်တည်ဆို၏။

"ငုဝါ နင့်မျက်နှာဒီဘက်လှည့်၊ အဲ . . ဟုတ်ပြီ"

"ဘာလဲ . . အစ်ကိုရဲထက်ရဲ့"

"မဟုတ်ပါဘူး . . ကျောက်လည်းမရှိပါဘူး"

"ဟင် . . ဘာပြောတာလဲ"

ငုဝါက သူ့မျက်နှာကိုစမ်းကြည့်၏။

"ကျောက်ရှူး ရှူးရအောင် ပြောပါတယ်၊ မျက်နှာမှာ ကျောက်လည်းမရှိပါဘူးလို့"

"သွား . . အစ်ကိုရဲထက်"

မျက်စောင်းထိုးပြီး ဆိုလေသည်။

"သွားရမှာက နင် ငုဝါရဲ့၊ ဘယ့်နဲ့ သူများစာရေးတာ သက်သက်လာရှုပ်တယ်"

"ဟင့်အင်း . . မသွားနိုင်ပေါင်၊ ပျင်းလို့ထွက်လာတဲ့ဟာ၊ အစ်ကိုရဲထက်တို့ အဲဒီလောက်ဖြစ်နေတာ ယူချင်ယူလိုက်တာမဟုတ်ဘူး"

"အေး . . နင် ရည်းစားထားရင် သိလာလိမ့်မယ်"

"ဟွန်း . . ငုဝါလား မထားပေါင်"

"အေး . . ဒါကြောင့်ပြောတာပေါ့၊ နင်ကတစ်ခါတည်း လိုက်ပြေးမှာပါလို့"





ငုဝါ မဲ့မဲ့ပြုံး၏။

"စောင့်ကြည့်ပေါ့ . . အစ်ကိုရဲထက်ရာ"

"အေးပါ . . စောင့်ကြည့်မှာပါပဲ"

"အစ်ကိုရဲထက်"

"ဟင်"

"စာရေးမှာ ဆက်ရေးလေ"

"နင်ရှိတာ ဘယ်ရေးလို့ရမလဲဟ"

"လက်နဲ့ရေးတဲ့ဥစ္စာ၊ ငုဝါရှိတာနဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ ငုဝါ၊ စာရေးတာ ဖီလင်နဲ့ရေးတဲ့ဟာ"

"ဟောတော့ . . ငုဝါသိတာ ဘောလ်ပန်နဲ့ရေးတာပဲ သိပါတယ်၊ ဖီလင်နဲ့ရေးတယ်လို့ မသိပါလား"

"တော်စမ်းပါ၊ နင် အခွကြောင်ကြောင် လာလုပ်မနေနဲ့၊ ဝတ္ထုတွေ ဒီလောက်ဖတ်နေတဲ့နင် မသိဘူးဆိုတာ မဖြစ်နိုင်ဘူး"

"အစ်ကိုရဲထက်"

"ဟင်"

"ဟိုမှာကြည့်စမ်း . . ဘာကြီးမှန်းလဲမသိဘူး"

"ဘယ်မှာလဲ"

"ဟိုမှာ . . ဟိုမှာ"



www.burmeseclassic.com

www.burmeseclassic.com



ရဲထက်က လှည့်အကြည့် ငုဝါက ရဲထက်၏ စာကို ဖျတ်ခနဲ လုပြေးလေသည်။

"ဟာ . . ဒီကောင်မလေး"

ရဲထက်က ငုဝါကိုပြေးလိုက်ရာက အတင်း ပြန်ဆွဲလုလေ၏။

♠ ♠ ♠





## ၃၁

ဘိုဘိုခေါ် ကျော်မြင့်စိုးကို လေဆိပ်မှကြိုဆိုကာပြန်လာသော ဒေါ်ခင်ပြုံး၏မျက်နှာမှာ ပြုံးပျော်ကြည်နူးနေလေသည်။

နီမာနှင့်ပတ်သက်လျက် စိတ်အနှောင့်အယှက်ဖြစ်ရခြင်းကြောင့် . . သားနှင့်တင်တင်မိုးတို့၏စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းသတင်းကို သတင်းစာထဲထည့်လိုက်တာ ပါလာခဲ့ပြီဖြစ်ကြောင်း ဘိုဘိုလုံးဝမသိခဲ့ပါ။

သားကို အေးအေးဆေးဆေးမှ သတင်းစာပြကာ ဖျောင်းဖျပြောဆိုမည်ဟု ဒေါ်ခင်ပြုံးတွေး၏။



www.burmeseclassic.com

www.burmeseclassic.com



နီမာလိုကောင်မလေးမျိုးကို သားအတည်ကြံသည်ဟုလည်း လုံးဝမထင်မှတ်ပါ။

"ဒါက ဘယ်လဲသားရဲ့"

အဝတ်အစားလဲကာ အပြင်ထွက်မည်ပြင်လာသော သားဘိုဘိုကို ဒေါ်ခင်ပြုံးက တအံ့တဩမေးလိုက်၏။

"ကျွန်တော့်မိတ်ဆွေတစ်ယောက်နဲ့တွေ့စရာရှိလို့ပါ မေမေ"

"ဟော . . သားရယ်၊ ခုပဲရောက်တာ နားပါဦးလား၊ ဒီညနေ . . တင်တင်မိုးတို့မိသားစုလာကြမယ်ဆိုတာ သိရဲ့သားနဲ့"

"ခဏလေးပါ မေမေ၊ သူတို့မလာခင် သားရောက်အောင်ပြန်လာခဲ့မှာပါ"

ဒေါ်ခင်ပြုံးက ဘိုဘို၏လက်မောင်းလေးကိုဆွဲကာ မျက်နှာကို စေ့စေ့စပ်စပ်ကလေးကြည့်ရာက . . .

"သား"

"ဗျာ မေမေ"

"မေမေ့ဆန္ဒတွေကိုကျော်လွန်ပြီးတော့ ဘာတစ်ခုမှ ကလန်ကဆန်မလုပ်မေချင်ဘူးနော် သား၊ သားတို့





တစ်ခုခုဖြစ်လာရင် အဝေးမှာရောက်နေတဲ့ သားဖေဖေက မေမေအအုပ်အထိန်းညံ့လို့ဆိုပြီး မေမေ့ကိုပဲ အပြစ်တင်မှာ"

"စိတ်ချပါ မေမေရာ"

ဘိုဘိုက ခပ်လွယ်လွယ်ပင် ကတိပေးကာ ခေါင်းညိတ်၏။

"မေမေ မခံချင်ဆုံးက စေ့စပ်တာပျက်သွားခဲ့တဲ့ ခင်မိမိခိုင်တို့ကိုပဲ၊ သူတို့ထက်သာတာနဲ့မှ သား လက်ထပ်စေချင်တယ်၊ ဒါမှမဟုတ်ဘဲ တွေ့ရာမိန်းမဆွဲယူလာခဲ့ရင်တော့ မေမေ ရင်ကွဲရမှာပဲ သားရယ်"

"ဟောဗျာ . . ကျွန်တော် ဒီလောက်မိုက်ပါ့မလား မေမေရာ"

"မိုက်တယ် . . မိုက်တယ်၊ သားအစ်မဆိုကြည့် . . သူမဟုတ်လို့ မေမေနဲ့ မောင်လှဖေနဲ့ စကားပြောနေရပြီ"

"ဘာလဲ မေမေ၊ မမကို ကိုလှဖေနဲ့ ပေးစားမလို့လား"

"အေးလေ"

"ဟောဗျာ . . ဒီလူကြီးက ကောင်းတာမှ မဟုတ်ဘဲနဲ့"

"ဘာမကောင်းတာရှိလို့လဲ . . ဒါ ထားပါ၊ သားပြန်



www.burmeseclassic.com

www.burmeseclassic.com



လာကတည်းက မေမေ စကားတစ်ခုပြောမလို့ သား စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ မပြောဘဲထား တာ"

"ဘာများလဲ မေမေ"

"နီမာတဲ့ ကလေးမလေးတစ်ယောက် မေမေ့ဆီလာ တွေ့တယ်"

"ဟင် . . သူလိုက်လာတယ်"

"စုတ်စုတ်နုတ်နုတ်ထဲကလေ၊ အအေးရောင်းတယ်ဆို လား"

"ဟုတ်ကဲ့"

ဘိုဘိုတစ်ယောက် မျက်နှာပျက်နေရပါပြီ။

"အေး . . အဲဒါနဲ့တော့ လုံး၀ သွားပြီး မပတ်သက် မစပ်ယှက်ဖို့ မေမေ သတိပေးလိုက်ပါရဲ့နော်"

ဘိုဘိုက မေမေဒေါ်ခင်ပြုံးကို ခပ်ငေးငေး လေးကြည့်နေ၏။ သေတ္တာထဲမှာ မေမေတို့မလစ်သေးသဖြင့် ယခုတိုင်မထုတ်ရသေးသော ဘိုမရှပ်ကလေးကိုမြင်မိ၏။ သမီး အတွက်ရည်ရွယ်ကာ ၀ယ်လာခြင်းပါ။

ယခုပင် . . သမီးကိုကြည့်ချင်ဇောဖြင့် နီမာ့ ထံသွားမည်ကြံနေဆဲပါ။





"နော် . . သား"

"ဟုတ်ကဲ့ပါ . . မေမေ"

ဟု ဘိုဘိုက ကတိပေးလိုက်လျှင်ကား ဒေါ် ခင်ပြုံး၏မျက်နှာက ၀င်ထိန်သွားရပါချေပြီ။

"မေမေ့သား လိမ္မာတာတွေ မေမေသိပါတယ်ကွယ်၊ သူတို့နဲ့ ငါ့သားနဲ့ အဆက်ပြတ်နေပြီဆို၊ သား စာမ ရေးဘူးဆို"

"ဟုတ်ကဲ့"

"အေးပေါ့ . . နောက်မှ အဆင်ပြေသလို မေမေကြည့် ရှာထောက်ပံ့လိုက်ပါ့မယ်၊ မေမေကလည်း ဒီလောက် ထိတော့ မပစ်ပယ်တတ်ပါဘူး၊ ရာသက်ပန် အိမ် ထောင်ထူထောင်တာမျိုးကျတော့ . . . ကိုယ့်ထက် မသာတောင် ကိုယ်နဲ့တန်းတူတာမျိုးကိုမှ ရွေးရတယ် သားရဲ့၊ နင့်မို့လို့ကတော့ . . ကိုယ်ပါ နိမ့်ကျပျက်စီး တတ်တယ် သိရဲ့လား"

ဘိုဘိုက ခေါင်းကြီးငုံ့ကာ ငြိမ်နားထောင်နေ မိ၏။ မျက်စိထဲမှာ နီမာ၏သွက်လက်ချက်ချာပုံ၊ အကင်းပါပုံ၊ မိမိကိုချစ်ပုံလေးများကို မြင်ယောင်နေလေသည်။

"နော် . . သား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ . . မေမေ"

"တင်တင်မိုးတို့ကျတော့ ပြောစရာဘာမှမရှိဘူး၊ မိဘကလည်း မျိုးကောင်း ဆွေကောင်း၊ ချမ်းသာလိုက်တာမှလည်း ကိုကိုတက်၊ သားသိတဲ့အတိုင်း . . ရုပ်ရည်က ရွက်ကြမ်းရေကျိုဆိုပေမယ့် ခုခေတ် အပြင်အဆင်နဲ့ပြင်လိုက်ဆင်လိုက်ရင် ထွက်လာမယ့်ရုပ်ကွဲ့"

ဘိုဘိုက ကြိတ်ပြုံးလေး ပြုံးမိ၏။

ပြင်ဆင်လိုက်ရင် ထွက်လာမယ့်ရုပ်တဲ့ . . .

ဖြစ်နိုင်ပါ့မလား . . .

ရယ်ချင်မိ၏။ အရုပ်ကပုပု၊ ကိုယ်လုံးကတုတ်တုတ်၊ မျက်နှာပေါက်ကျတော့ရော . . စိတ်ဝင်စားစရာမရှိ။

ကိုင်း . . ကောင်းရော . . .

"သား သွားတော့မယ်"

နာရီကြည့်ကာ ဆိုလိုက်၏။

"အေးပါ . . သွားရပါမယ်၊ တင်တင်မိုးနဲ့လက်ထပ်ဖို့ စေ့စပ်ပြီးသားနော် သား၊ နောက်မှ ဘာညာဘာညာ မပြောနဲ့"





"အချိန်တွေ အများကြီးရှိပါသေးတယ် မေမေရာ၊ အဲဒီကိစ္စတွေ နောက်မှပြောရင်ရတဲ့ဟာ၊ သားက တစ်ခါတည်းပြန်မလာမှာကျနေတာပဲ"

"ဟဲ့ . . ဘယ်လိုပြောလိုက်တာလဲ"

"ဟုတ်တယ်လေ . . နောက်မတွေ့ရမှာ ကျနေတာပဲ မှာနေလိုက်တာ၊ သား သွားတော့မယ်၊ မေမေစိတ်ချမ်းချမ်းသာသာနေ၊ သား ပြန်လာမှ ပြောကြမယ် . . သိလား၊ ဂွတ်ဘိုင် မေမေ"

ဘိုဘိုက ဒေါ်ခင်ပြုံးကိုရွှတ်ခနဲ နမ်းကာ ဝေ့ခ်ခနဲ ထွက်ပြေးသွား၏။

ဒေါ်ခင်ပြုံးကား ဘိုဘို၏နောက်ကျောပြင်ကို ကြည့်ကာ မကျေမနပ်ဖြစ်ကျန်ခဲ့၏။

ထိုသို့ဖြင့် . . . .

♠ ♠ ♠

"မှတ်ကရောကွာ"

"အား . . . "

အချိန်က မှောင်ရီပျိုးသောအချိန်ပါ။ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က စိတ်အေးလက်အေးဖြင့် တစ်လှမ်းချင်းလျှောက်သွားချိန်၊ တက်စီကိုမျှော်လင့်နေချိန်၌ . . .

မှောင်ရိပ်ခိုကာလိုက်လာသော လူနှစ်ယောက်က လူခြေပြတ်သည်တွင် တစ်ယောက်ကိုတစ်ယောက် အချက်ပြလိုက်ကြ၏။

ထို့နောက် . . .

တစ်ယောက်က ဦးစွာပြေးလာလျက် သံတုတ်ဖြင့် ခေါင်းကို ပြင်းထန်စွာ ရိုက်လိုက်သည်တွင် . . .

ထိုသူမှာ . . 'အား'တစ်ခွန်းသာ အော်နိုင်လျက် လဲကျသွား၏။

ထိုသူ လဲကျအသွား နောက်တစ်ယောက်က ရင်ဝကို ဖနောင့်နှင့်ဆက်တိုက်ပေါက်လိုက်သည်တွင်ကား . .

"သားက ပြန်မလာတော့မှာကျနေတာပဲ"ဟု ဆိုခဲ့သော ဘိုဘိုမှာ . . . .

♠ ♠ ♠





❀ ၄၂ ❀

"နာမည်လေး တစ်ဆိတ်လောက်မသိရဘူးလားဗျာ"

နောက်နားမှကပ်ပြီး ပြောလိုက်သံကြောင့် ကြာညိုသွယ်၏ကိုယ်လေးက ဆတ်ခနဲ တုန်သွား၏။

ဒေါသမျက်နှာဖြင့် ရန်တွေ့လိုက်မည်ဟု ကိုယ်လေးကိုအလှည့် . . .

"ဟင် . . မောင်"

ပြုံးပြုံးကြီးကြည့်နေသော ရဲထက်ကို တွေ့လိုက်ရလျှင် အံ့ဩဝမ်းသာဖြစ်သွားရလေ၏။

"ကြည့်စမ်း . . မောင်ရယ်၊ ဘယ်တုန်းကရောက်မနေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

"မောင် မနေ့ကတည်းက ရောက်တာ"

"အို . ."

"သက်ဆီ လာသေးတယ်၊ သက် ခွင့်ယူထားတယ်ဆိုလို့"

"ဟုတ်တယ် . . မောင်၊ အိမ်မှာ ဧည့်သည်ရောက်နေလို့"

ဟုပြောရာက ဘိုဘိုညက အပြင်ထွက်သွားတာ ခုထိပြန်မလာသေးလို့ မေမေစိတ်ပူနေသောအဖြစ်၊ မိမိကိုယ်တိုင် ရင်ပူနေမိသောအဖြစ်။ ယခုတစ်ဖန် . . ကိုရဲထက်ရောက်လာခြင်းများက . . .

"သက်တို့အိမ်ဘက်တောင် မနေ့က ရောက်ပါသေးတယ်၊ သက်ကို ဝင်တွေ့ချင်လိုက်တာ၊ တော်နေကြာ . . ပြဿနာဖြစ်မှာစိုးလို့သာ"

"မောင် ဝင်လာခဲ့ရင်ပြီးရော၊ ဧည့်သည်တွေကို အနုန်းနှိုခေါက်ဆွဲချက်ကျွေးတာ"

ကြာညိုသွယ်က ဘိုဘိုပြန်လာပြီဟုပြောမိမည့်ပါးစပ် အမြန်ပိတ်လိုက်လေသည်။

"တော်ပါတော့ သက်ရယ်၊ တော်နေကြာ . . ခေါက်ဆွဲ





မစားရဘဲ သက်အမေတီးလို့ မှောက်ရက်လဲနေပါ့မယ်"

နှစ်ယောက်သား ရယ်မောမိကြလေသည်။

"မောင်လည်း ရန်ကုန်မှာပဲနေလိုက်ပါတော့"

"နေမလို့ပဲ၊ ခေါ်ထားမယ့်သူ မရှိသေးလို့ပါ"

"အမယ် . . ဦးဦးမောင်တင်တို့ရှိသားပဲ"

"ဒါပေမဲ့ . . ကိုယ့်အိမ်သူထက် သူစိမ်းက ဘယ်ပိုကောင်းနိုင်ပါ့မလဲ"

"ဟွန်း . . တတ်တယ်နော်၊ တတ်တယ်"

ပြုံးမျက်စောင်းလေးထိုးကာ ရဲထက်၏လက်ကို အသာဆွဲလိမ်လေသည်။

"မောင့်ကို ဘာဘာတို့တောင် မျက်စိနောက်လာပြီထင်တယ်"

"ဘာတဲ့လဲဟင်"

"မိန်းကလေးကို တစ်ခါတည်းခေါ်လာချင်လည်း ခေါ်လာတော့ကွာတဲ့"

သဘောကျစွာ ရယ်မောမိကြ၏။

"ဟုတ်ပါရဲ့ . . မောင်ကလည်း ကဲကိုကဲတယ်"

"ချစ်တာကိုး သက်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သက်ကြောင့် အလုပ်ပျက်အကိုင်ပျက်ဖြစ်နေပါ့မယ် မောင်ရယ်"

"ဒါဖြင့်ရင် . . တစ်ခါတည်း သက် လိုက်ခဲ့တော့လေ"

"ပြောတတ်တယ်၊ မောင် နာနေပါ့မယ်"

"ယောက်ျားပဲကွယ် . . နာချင်လည်း နာပါစေတော့"

ရဲထက်က ရယ်ကာမောကာ ဆို၏။ နဂိုက ကြည်လင်သောမျက်နှာမှာ ရယ်မောသောအခါ ပိုမို၍ ဝင်းပ သွား၏။

ကြာညိုသွယ်က ရဲထက်၏မျက်နှာကို ငေးငေးလေးကြည့်မိ၏။ ပင့်သက်ကိုချမိ၏။

လက်ထပ်ပြီး မောင်နဲ့ဘိုဘို တစ်အိမ်တည်း နေလို့ဖြစ်မတဲ့လား။ မောင်ကရော ဘိုဘို့ကိုခွင့်လွှတ်တဲ့စိတ်နဲ့ ကြည့်နိုင်ပါ့မလား။

အတွေးတွေ ယှက်နွယ်သွား၏။

စိတ်ထဲမှာ အမောကြီး မောနေလေသည်။

ထိုအခိုက် . . . .

"မကြာညိုသွယ် . . မကြာညို"

ခေါ်သံကိုကြားရ၏။ အလန့်တကြားလှည့်အကြည့် . . ကျောင်းရှုံးခန်းထဲက ခင်မေတင်ကိုတွေ့ရ၏။





"ညှော်သည် ဆင်းတွေ့တယ်ဆိုလို့ လိုက်ရှာလိုက်ရတာ"

မောသံဖြင့်ဆိုလေသည်။

"ဘာလဲ ခင်မေတင်"

"မကြာညိုသွယ် ဖုန်းလာနေတယ်၊ အိမ်ကို အမြန်ဆုံး ပြန်လာပါတဲ့၊ အရေးကြီးတယ်တဲ့၊ ဘယ်သူဘာဖြစ်လို့ ဆိုလား"

"အို . . မေမေ . . မေမေ"

ကြာညိုသွယ်က အလန့်တကြားဖြစ်သွား၏။ မျက်စိထဲမှာ မေမေ့ကို တန်းခနဲပြေးမြင်မိ၏။

မနေ့က မေမေ သွေးတိုးကာ မူးနေခဲ့၏။

အို . . .

ဒီနေ့ မေမေဘာဖြစ်ပါလိမ့်။

ကြာညိုသွယ်၏ မျက်နှာလေးက ဖြူလျော် သွား၏။ ရင်တွေခုန်ကာ ဘာလုပ်ရမည်မသိ လန့်နေလေသည်။

"သက်ရယ် . . သိပ်စိတ်ပူမနေပါနဲ့နော်၊ ဘာဖြစ်တယ် ဆိုတာ အိမ်ရောက်မှ သိရမယ့်ဟာ၊ အခုတည်းက တွေးပူနေတော့ သက် ပင်ပန်းတာပေါ့"

နှစ်သိမ့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပွဲရတာပေါ့ မောင်ရယ်၊ မနေ့က မေမေ တော်တော်လေးမူးနေတာ၊ ဖေဖေကလည်း အနားမှာမရှိတော့ ဘာပဲဖြစ်ဖြစ် သက်မှာတာဝန်ရှိတယ်"

"ခမောင် ဝိုင်းတူလို့ရရင် ကူချင်ပါတယ်၊ ခုတော့ . . ."

"ကျေးဇူးတင်ပါတယ် မောင်ရယ်၊ နေပါစေ မောင်၊ ဦးဦးတို့အိမ်မှာပဲနေလေ၊ ဘာဖြစ်တယ်ဆိုတာ သက်ဖုန်းဆက်လိုက်ပါ့မယ်"

ဒီတစ်ခါတော့ ရဲထက်က ကားယူလာခဲ့သဖြင့် ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ထွက်လာခဲ့ကြလေသည်။

♠ ♠ ♠

"အမယ်လေး . . သမီးရဲ့ ညည်းမောင်လေး ဘိုဘိုဆုံးပါပေါ့လား"

မေမေခေါ်ခင်ပြုံး ဆီးကြိုငိုလိုက်ပုံကား ကြာ ညိုသွယ်အတွက် လုံးဝတွေးမထင်မိသောအရာပါ။

ဘိုဘို . . ဆုံးပြီ။

ဘိုဘို ဆုံးပြီဆိုပါလား။

ကြာညိုသွယ်က 'ဟင်'ခနဲ ဖြစ်သွား၏။ ရင်





ထဲမှာ လှိုက်ခနဲဖြစ်သွား၏။ အားရအောင် လှုးလှိမ့်ငိုမိရင်းမှ ပင် . .

အိမ်ကိုလာရောက်အကြောင်းကြားသော ရဲအင်းလျားကန်ထဲမှ ဘိုဘို၏အလောင်း . .

မနေ့က ရောက်လာသော မောင် . . .

ကို . . ရဲ . . ထက်

အားလုံး ဆက်စပ်ပေါ်လာလေသည်။

"ကာယကံမြောက်သက်မှ လူသတ်မှုကျူးလွန်တာဆိုရင် အဲဒီကောင်ကို မောင့်လက်နဲ့ကိုသတ်ပစ်လိုက်ချင်တယ်"

"အို . ."

ကြာညိုသွယ်၏အတွေးအိမ်ထဲမှာ ရဲထက်ခေါ် မိမိ၏ချစ်ရပါသော မောင်သည် မသက်ာစရာအကောင်းဆုံးသောတရားခံဖြစ်ရပါပြီတည်း။

မောင်ရယ် . . ရက်စက်လိုက်တာ . . .

သက့်မောင်လေးကို . . သက် မျက်နှာမှ မထောက် . . ရှင် လုပ်ရက်ပါပေရဲ့။

လူတစ်ယောက်ရဲ့အသက်ကို သွေးအေးအေးနဲ့ ရှင်သတ်ရက်တယ်နော်။ ဖြစ်မှဖြစ်ရလေ . . မောင်



www.burmeseclassic.com

www.burmeseclassic.com



ရယ်။

ဖြစ်မှဖြစ်ရလေရှင် . . .

သည်းအူပြတ်မျှ ဝမ်းနည်းပူဆွေးနေရသည့် စိတ်က ရဲထက်ကိုမှန်းတီးရွံရှာသွားရပါပြီ။

"မမကြာညို"

"ဟယ် . . ထွန်းထွန်းရယ်၊ ဘိုဘိုဆုံးပြီ . . ကိုရဲထက် သတ်လို့ ဆုံးပြီ"

ကြာညိုက ငိုသံပါဖြင့်ပြောလေသည်။

"မမကြာညို . . ဘာတွေပြောနေတာလဲ"

"သူ့ညီမလေး ဇင်မာသေရသလို ဘိုဘိုလည်းသေရပါပြီ၊ ရှင်ကျေနပ်ပါ၊ မမကိုတွေ့ဖို့မကြိုးစားပါနဲ့တော့လို့ ပြောလိုက်ပါ ထွန်းထွန်းရယ်"

"မမသက်စကားကြီးကလည်း အစ်ကိုရဲထက်ကပဲ . . ဟာ . . မဟုတ်တာဗျာ"

"မင်း မသိပါဘူး ထွန်းထွန်း၊ မင်း မသိပါဘူး"

ကြာညိုသွယ်က အားရပါးရ ရှိုက်ငိုပြန်လေသည်။

'နာရေး'ဖြစ်လာပြန်တော့လည်း တစ်ခါက ဖြစ်ခဲ့ဖူးသောကိစ္စကို မေ့ပျောက်ဖစ်ရကာ ဦးမောင်တင်နှင့်





ဒေါ်စိန်ကြည်တို့က လူကြီးပီပီသသ ရောက်လာရလေသည်။

"အမယ်လေး . . အစ်ကိုတင်ရဲ့၊ အစ်ကိုတင့်တူ မရှိတော့ဘူးလေ၊ မျက်စိထဲ သဲနဲ့ပက်သလိုပါပဲလား၊ အစ်ကိုတင်ရဲ့ . . သား မရှိတော့ဘူး"

ဒေါ်ခင်မြုံး၏အော်ဟစ်ငိုလိုက်သံက ကြားရသူ၏ရင်ကို ဆို့တက်စေ၏။

ထွန်းထွန်း၏ပြန်လည်ပြောပြချက်အရ . . ရဲထက်အပေါ် ကြာညိုသွယ် အထင်ရောက်နေပုံကား ဦးမောင်တင်တို့ကို အံ့အားသင့်သွားစေလေသည်။

"ဟယ် . . မဟုတ်တာကွယ်၊ မထင်ကောင်းတာကို"

"ဦးဦးနဲ့ . . ဒေါ်ဒေါ်တို့ရယ်၊ ကြာညို့ရင်တွေ ကွဲရပါပြီရှင်၊ ကြာညိုနဲ့သာ သူ့မတွေ့ရင် ဒီကစ္စ အစပြန်ဖြစ်လာမယ် မထင်ဘူး"

"ပြဿနာတစ်ခုဖြစ်လာရင် အထင်နဲ့ မစွပ်စွဲကောင်းဘူး သမီးရဲ့၊ စကားတစ်ခွန်းကြောင့် အမှားတော့ဖြစ်တတ်တယ်၊ ခုပဲကြည့်လေ . . သမီးပြောသလိုဆို မောင်ရဲထက် ပြောဆိုခဲ့ပုံတွေက ထင်စရာဖြစ်လာတာပဲ၊ ဒါပေမဲ့ . . မနေ့က မောင်ရဲထက် အိမ်မှာရှိနေခဲ့တယ်၊ အဲ . . ခဏဂစ်ဖြုတ်အပြင်ထွက်တာပဲရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါလည်း ထားပါတော့၊ လုပ်မယ်ဆို ဖြစ်သေးတာပဲကိုး၊ ဒါပေမဲ့ . . ပြန်တွေးကြည့် မောင်ရဲထက် ဒီလောက်ရိုင်းမယ့်လူလား၊ ရိုင်းချင်ဦးတော့ . . သမီးမျက်နှာကရှိနေသေးတာပဲ"

ကြာညိုသွယ်က ရှိုက်၍သာနေ၏။

"ခုလည်း . . စကားကို ထင်သလိုမပြောဆိုစေချင်သေးဘူး၊ ရဲကရှိသေးတာပဲ၊ ထောက်လှမ်းရေးဘက်က လိုက်လိမ့်မယ်၊ မောင်ရဲထက်ရယ်လို့ သိသာလာတယ်ဆိုရင် ပိုပြီးခိုင်လုံအောင် တစ်ချိန်ကစကားကို ထောက်ပြ၊ အဲ . . အခုနေ ပြောလိုက်လို့ဖမ်းမယ်ဆိုရင် မဟုတ်တဲ့နဲ့ သူ့ခမျာ နစ်နာရှာမယ်၊ သူ ဒီလာတာ ညည်းသံယောဇဉ်ကြောင့်၊ ခုတော့ . . ညည်းက"

ဦးမောင်တင်က ခေါင်းကိုယမ်း၏။

"စဉ်းစားနော် . . ညည်းမှာ ဆင်ခြင်တုံတရားတွေရှိနေတာပဲ၊ ဘိုဘို့အကြောင်းလည်း သိသားနဲ့၊ ပြဿနာတစ်ခုတည်းရှိတဲ့ကလေးလားလို့၊ အေး . . သေသူကိုဒီလိုပြောရတာလည်းမကောင်းပါဘူး၊ လောလောဆယ်ဆယ်တော့ ဘာစကားမှ အထင်နဲ့မပြောတာအကောင်းဆုံးပဲ"





ကြာညိုသွယ်က မျက်ရည်တွေတွေကျနေလေသည်။

စိတ်ထဲမှာကား ရဲထက်ကို လုံးဝ သံသယမကင်းတာအမှန်ပါ။

မုန်းတယ် . . .

ရှင့်ကို အရမ်းမုန်းတယ်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com









## ၃၃

"ဖြစ်မှဖြစ်ရလေ ဦးလေးရယ် ကြာညို့သွယ်က ကျွန်တော့ကို ဒီလိုထင်ရက်တာ အံ့သြလိုက်တာ"

ရဲထက်မှာ ကုလားထိုင်တွင် ခေါင်းငိုက်စိုက်ချကာ စိတ်မကောင်းဖြစ်ရပါတော့သည်။

ဘိုဘို့ကို မောင် မသတ်တာ အမှန်ပါ သက်ရယ် . . . .

မောင် မသတ်တာ အမှန်ပါ။

မောင်လာတာ သက်ကိုတွေ့ချင်ဇောနဲ့ ပြေးလာမိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘိုဘိုပြန်လာတယ်ဆိုတာ ဦးလေးတို့ပြောပြလို့သိရပေမယ့် စိတ်ထဲမှာ ဘယ်လိုမှမရှိရိုးအမှန်ပါ။

ဘိုဘိုဟာ သက်ရဲ့မောင်အရင်းရယ်လို့ သိခဲ့ရစဉ်က စိတ်ကမူးရူးထိုးဖြစ်ပြီး ပြောချင်ရာပြောခဲ့တာက ခုတော့ . . မောင်က တရားခံတဲ့လား။

"အေးပေါ့ကွယ် . . သားဇော၊ သမီးဇော၊ မောင်နှမဇောဆိုတော့ကာ ဘာမှမမြင်တော့ဘဲကိုး၊ မှားသူကို မှန်သူ၊ မှန်သူကို မှားသူလို့ အမြင်မှားတတ်ကြတယ်၊ အေး . . သတိထားဖို့က ဘယ်နေရာမဆို စကားကို ဆင်ခြင်ပြောတတ်ဖို့ အရေးကြီးတာပဲဆိုတာ မှတ်ကြပေါ့၊ စကားတစ်ခွန်းနဲ့အသက်ပျောက်တတ်တာလည်း သိကြ၊ ကြားလား"

"ဟုတ်ကဲ့"

"ဘိုဘိုဆို ပညာလေးကတော်ပါရဲ့၊ လူက မိန်းမနဲ့ပတ်သက်လာရင် စည်းကမ်းလုံးဝမရှိဘူး၊ ဒီတော့လည်း ဖြစ်တော့မပေါ့၊ မိလ္လပြောပုံဆို . . ဟိုတစ်ခါ ကလေးချီပြီးလာတယ်ဆိုတဲ့ မိန်းကလေးမောင်နှမကိုရော မသက်ာစရာမကောင်းဘူးလား"

ရဲထက်၏မျက်စိထဲတွင် ဖင်မာကို ကွက်ခနဲ





မြင်မိ၏။ ညီမလေးနှင့်ပတ်သက်၍ ယခုတိုင်ခံစားနေရပါသော်ငြားလည်း သူတစ်ပါးအသက်ကို သူ မသက်ခဲ့ပါ။

ဘိုဘို ယခုလို ဖြစ်ရသည်ဆိုတော့လည်း ချမ်းသူနှင့်ပတ်သက်၍ စိတ်မကောင်းပါ။

ဩော် . . . သက်ရယ်။

"ကျွန်တော် . . သူ စိတ်ချမ်းသာအောင် ရဲစခန်းသွားပြီး . . ."

"ဟာ . . မဟုတ်တာ မောင်ရဲထက်၊ ဥပဒေဆိုတာ အမှန်တရားကိုရှာဖွေပေးနေတာပါ မင်း သွားရင် တကယ့်လူသတ်ကောင် ပျောက်သွားမှာပေါ့၊ အမှန်တရားဆိုတာ အလိုလိုပေါ်လာတာကြီးပါ"

ရဲထက် သက်ပြင်းတစ်ချက်ချမိ၏။

"ဟုတ်သားပဲ . . အစ်ကိုကလည်း၊ မမက ဘိုဘို့စိတ်မွန်ပြီး ပြောချင်ရာစွတ်ပြောနေတာပါ၊ ထားလိုက်ပါဗျာ"

"ဦးလေးတို့ ထွန်းထွန်းတို့မိသားအားလုံးက ကျွန်တော့်ကိုနားလည်ကြတာကို ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်အမှုမှန်ပေါ်တဲ့အထိ ဒီကပဲစောင့်ပါ့မယ်"

"အေးပေါ့ကွယ် . . ပြန်သွားရင်လည်း ဟိုဟာတစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



မြင်ဦးမယ်၊ ဒီအိမ်မှာ စိတ်ချမ်းသာသလိုနေပါကွဲ့.”

ရဲထက်ကား ပေလီသို့ ပြန်လာခဲ့သည့်တိုင် လူသတ်တရားခံ အစွပ်စွဲခံရခြင်းများနှင့်အတူ . . ချစ်သူ၏မုန်းတီးမှု၊ နာကြည်းမှုများကိုခံလိုက်ရခြင်းကြောင့် စိတ်မရွှင်မလန်းဖြင့် ထာဝရညှိုးနွမ်း၍နေလေသည်။ ယခင်ကချစ်သော သက်(ကြာညိုသွယ်)နှင့်တွေ့ဆုံခဲ့ခြင်းက အိပ်မက်တစ်ခုလို ပြီးပျောက်သွားရတော့မှာလား။

♠ ♠ ♠





၃၄

ပင်လယ်လှိုင်းပုတ်ခတ်သံက တိတ်ဆိတ်နေသောညကို စိုးမိုးနေ၏။ ညဥ့်သည် လူသားတို့၏စိတ်အာရုံကို အမျိုးမျိုးအဖုံဖုံ ဖန်တည်းနိုင်စွမ်းရှိ၏။

တပေါင်းလပြည့်ည၏ သာမောသော လပြည့်ဝန်းအပါးတွင် ငွေကြယ်ဖြူလေးများ၏ တင့်တယ်ခြင်းကား ဖော်ပြနိုင်စွမ်းပင်ရှိအံ့မထင်။

ပေလီတွင် အပန်းဖြေရောက်လာသူတို့ ဖြိုးဖြိုးဖျောက်ဖျောက်မျှ ရောက်ရှိလာကြပြီ။ ပင်လယ်လှိုင်းလုံးကြီးများပြေးလာသည်ကို ထိုင်ကြည့်ငေးမောနေသူထဲတွင် ရဲထက်

www.burmeseclassic.com



ပါရှိ၏။

လောက၏အလှတရားမှန်သမျှ ရဲထက်အတွက် ယခုအချိန်မှာ အဓိပ္ပါယ်မဲ့နေလေသည်။

ငုဝါက သောင်ပြင်မှ ရဲထက်ကိုမြင်သွားလျှင် အပြေးလေ ရောက်လာခဲ့၏။

“အစ်ကိုရဲထက်”

ခေါင်းလေးငဲ့ကြည့်သည်ကိုတွေ့ရ၏။

“ညဥ့်နက်လှပြီ၊ မအိပ်သေးဘူးလားဟင်”

ခေါင်းယမ်းပြသည်ကိုမြင်ရ၏။

“ခဏ်လိုက်တာ အစ်ကိုရဲထက်ရယ်၊ အအေးမိပြီး ဖျားတော့မှာပဲ”

ယဲ့ယဲ့မျှ ပြုံးလေသည်။

“ဒါ . . နှင့်အပူလား ငုဝါ၊ ငါ့ဘာသာ ငါ အေးအေးနေပါရစေ လာမရှုပ်နဲ့”

“အို . . ဒါက အစ်ကို့အတွက်စိတ်ပူလို့လာခေါ်တဲ့ဟာ”

“ဩော် . . ငုဝါရယ်၊ ကိုယ့်အတွက်ပဲ ကိုယ်ပူ၊ သူများအတွက် မပူနဲ့”

“ပြောရက်တယ်နော် . . အစ်ကိုရဲထက်က သိပ်စိမ်း





တာပဲ”

“ငါ ဘယ်သူ့ကိုမှ မခင်တွယ်ချင်တော့ဘူး”

“တကယ်ပြောတာလား”

“အင်း . . တကယ်”

“ခုနေ . . မမကြာညိုသွယ် ပြန်လာမယ်ဆိုရင်”

“တော်စမ်း . . နင် ငါ့စိတ်ကို ထပ်ပြီးနှောင့်ယှက်မြန်မြို”

“ဒါနဲ့ . . အမေညွှာပြောတော့ သတင်းစာထဲမှာဟို . . ဘိုဘို့ကိုသတ်တဲ့တရားခံမိပြီလို့ ပါတယ်ဆို၊ မောင်စန်းဆိုတာက သူ့အစ်မနီမာအတွက် သတ်တာတဲ့၊ ဝန်ခံတယ်”

“အေး . . အဲဒါလည်း သူတို့အလုပ်၊ နင့်အလုပ်မဟုတ်ဘူး”

“အစ်ကိုအလုပ်တော့ တစ်ဝက်ပါတယ်”

“ဘာဆိုင်လဲ”

“တကယ်ပြောတာလား မောင်၊ တကယ်မဆိုင်တော့ဘူးလား”

“ဟင်”

နားထဲမှာ ကြည်လွင်သောအသံကိုကြား၏၊



www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြား လှည့်ကြည့်လိုက်၏။

"ဟောဗျ . . သက် . . သက်ရယ်"

အံ့သြတကြီး ထရပ်မိ၏။ အံ့သြတကြီးခေါ်မိ၏။

မိမိ၏မျက်စိရှေ့မှာ ထင်ထင်ရှားရှားကြီးရှိနေသူကို အံ့သြစွာကြည့်မိ၏။

မိမိကိုပြုံးကြည့်နေသော ကြာညိုသွယ် . . .

"သက်"

မခေါ်ရဲ ခေါ်ရဲ ခေါ်ကြည့်၏။

"မောင်"

"ဟာ . . သက်ရယ်"

သွက် ကမ်းပေးသောလက်ကိုဆွဲမိ၏။ အားရပါးရဆုပ်ကိုင်မိ၏။

"ကြည့်စမ်း . . သက်ရယ်၊ ဘယ်လိုက ဘယ်လို . . "

"သက် . . သက်အမှားတွေကို လာပြီးတောင်းပန်တာပါ မောင်ရယ်"

"ဟင်"

"သက် ပြောမိဆိုမိ မှားခဲ့မိသမျှ ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်၊ သက်တို့ ခွင့်လွှတ်နိုင်ရဲ့လားဟင်"





"ခွင့်လွှတ်နိုင်တာပေါ့ သက်ရယ်၊ ဘယ့်နဲ့ပြောပါလိမ့်"

"မောင် အိပ်မက်,မက်နေတာမဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူးတဲ့ရှင်၊ မောင့်ကို တောင်းပန်ချင်လို့ အဝေးကြီးက ပြေးလာရတာပါ"

"တောင်းပန်စရာမလိုပါဘူး အချစ်ရယ်၊ မောင့်ဘဝမှာ ပိန်းပိတ်အောင် မည်းမှောင်နေတဲ့မြူမင်းလွင်တွေ ကင်းရှင်းသွားတာကိုပဲ ဝမ်းသာလှပါပြီ"

ရဲထက်နှင့် ကြာညိုသွယ်တို့ တစ်ယောက်ကို တစ်ယောက် ဖက်မိကြ၏။ ပါးချင်းအပ်မိကြ၏။ ပင်လယ်ရေလှိုင်းများ တဝုန်းဝုန်း မြည်ဟီးတက်လာချိန်မှာ မျက်ရည်စနှင့် မချိပြုံး ပြုံးလျက် ပြေးထွက်သွားသူက ငုဝါပဲဖြစ်လေသည်။ ။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြေ့ပျော်ရွှင်ကြပါစေ . . .

စာချစ်သူများ၏

မအေးလေး

၂၇၊ ၁၀၊ ၀၃



www.burmeseclassic.com